# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday 5 April 2018 ၉၂၅၀

# e-Government လုပ်ဆောင်ခြင်းရဲ့ ရည်ရွယ်ချက်က ပြည်သူလူထုအတွက် အဆင်ပြေမြန်ဆန်ဖို့သာမက အဂတိလိုက်စားမှု ပပျောက်သွားဖို့လည်း ပါဝင်

## e-Government ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၄

**e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။**




**e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကား ပြောကြားစဉ်။**

အစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "e-Government နဲ့ပတ်သက်လို့ ကျွန်မတို့ အစကတည်းက စီးပွားရေးနဲ့ပတ်သက်ပြီး ချထားတဲ့ မူဝါဒ ၁၂ ချက်ထဲမှာ တစ်ချက်ပါဝင်ပါတယ်။ အဲဒီအထဲမှာ ဖြစ်မြောက်အောင်လုပ်မယ်ဆိုတာ ပါဝင်ပါတယ်။ ဒါကို e-Government ဖြစ်မြောက်အောင် လုပ်မယ်ဆိုရင်လည်း ကျွန်မတို့ရဲ့ ဒီနှစ်အတွင်းမှာ အဲဒီဘက်က နှောင့်နှေးနေတာကိုလည်း သတိပြုမိပါတယ်။ e-Government မြန်မြန်လုပ်ဖို့ တိုးတက်ဖို့ဆိုရင် အချက်သုံးချက်က အဓိက ဖြစ်ပါတယ်။ ကျွမ်းကျင်မှုလိုအပ်ချက်ရှိမယ်၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ရှိမယ်၊ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်ရှိမယ်။

ဒီလိုအပ်ချက်သုံးခုစလုံး ဖြည့်ဆည်းဖို့ အခုလိုအစည်းအဝေးခေါ်တာလို့ နားလည်ပါတယ်။ ဦးဆောင်ကော်မတီဥက္ကဋ္ဌကြီးဖြစ်တဲ့ ဒုတိယသမ္မတကြီးဦးမြင့်ဆွေက ဦးဆောင်ပြီး လုပ်သွားမှာဖြစ်ပါတယ်။ သုံးချက်ထဲမှာ အဓိက အမြန်ဆုံးစတင်လုပ်ရမှာကတော့ ပူးပေါင်းဆောင်ရွက်မှုပါပဲ။ အစိုးရအဖွဲ့ဌာနအသီးသီး ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများနဲ့ အားလုံးပူးပေါင်းပြီး မလုပ်ရင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆


ကြေးမုံ
နိုင်ငံတော်အစိုးရ၏
**ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ**


**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပြည်ထောင်စု တရားလွှတ်တော်ချုပ်**၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

**အဆင်သင့်ဖြစ်နေပြီလားဆိုရင် ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေပြီ၊ အဆောက်အအုံတွေလည်း အဆင်သင့်ဖြစ်တယ်၊ ဆေးရုံဆေးခန်းတွေလည်း အဆင်သင့်ဖြစ်တယ်**

စာမျက်နှာ - ၅

**ပြည်သူလိုအပ်ချက်နှင့် အစိုးရဆောင်ရွက်ချက်တို့အကြား ဟန်ချက်ညီရန်ကြိုးပမ်းနေသည့် နိုင်ငံပိုင်သတင်းစာများ**

စာမျက်နှာ - ၆




ကြေးမုံ

# ပြည်သူများ ပူးပေါင်းပါဝင်ရမည့် မြို့ပြစီမံကိန်း

လူဦးရေ တစ်နေ့တခြားတိုးပွားလာသော ရန်ကုန်မြို့တော်ကြီးတွင် မြို့နေလူထုအား နေရာချထားရေး၊ မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် မြို့သစ်များ တိုးချဲ့ဖော်ထုတ်ရေးစီမံကိန်းများကို ကုန်လွန်ခဲ့သည့် ဆယ်စုနှစ် ငါးခုကျော်မှ စတင်လုပ်ဆောင်ခဲ့ရာ ရန်ကုန်မြို့ကြီးမှာ တစ်စတစ်စ ကြီးမားကျယ်ပြန့်လာသည်ကို တွေ့ရသည်။ ရန်ကုန်မြို့ကြီးအား တစ်ဆက်တစ်စပ်တည်း ချဲ့ထွင်ဖော်ထုတ်လာသောကြောင့် လူနေထူထပ်မှု၊ ယာဉ်ကြောကျပ်တည်းမှု၊ မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်မှုစသည့် စိန်ခေါ်မှုမျိုးစုံတို့နှင့် ကြုံတွေ့နေရသည်။

မြို့တော်ကြီးမှာ စင်ကာပူနိုင်ငံအရွယ်အစားထက် ကြီးမားလာသော်လည်း မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်မှု၊ လူနေမှုဘဝမြင့်မားမှု၊ နိုင်ငံကြီးသားပီသမှုတို့မှာ အလှမ်းဝေးနေသေးသည်ကို တွေ့ရသည်။ အစဉ်အဆက် မြို့ပြတည်ဆောက်မှု အစီအမံအားနည်းမှုတို့ကြောင့် မြို့ဟူ၍သာ မည်ကာမတ္တခေါ်ဆိုလောက်ပြီး နိုင်ငံတကာမြို့ပြအင်္ဂါရပ်များနှင့် မညီညွတ်သေးသည်ကို တွေ့ရသည်။ ထိုအခါ မလိုလားအပ်သော ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရပြီး ဖြေရှင်း၍မဆုံးနိုင်သော အခြေအနေများနှင့် ကြုံတွေ့နေရသည်။

လက်ရှိအစိုးရလက်ထက်တွင် မြို့ပြစီမံကိန်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ စနစ်တကျဖော်ဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်လာသည်ကို မြင်တွေ့ရသည်။ အကောင်အထည်ဖော်ပြီး အကောင်အထည်ဖော်ဆဲ အိမ်ရာစီမံကိန်းများရှိသလို အကောင်အထည်ဖော်ရန် လျာထားသည့် စီမံကိန်းများကိုလည်း ပြည်သူလူထုအား ချပြထားသည်။ ရန်ကုန်မြို့၏ မြောက်ဘက်သို့ တိုးချဲ့ရန်လျာထားခြင်း၊ ရန်ကုန်-ဘောနက်ကြီး လမ်းပိုင်းတစ်ဝိုက်တွင် ကိုရီးယားနိုင်ငံမှ စက်မှုဇုန်များနှင့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းအဖြစ် အစိမ်းရောင်မြို့ပြစီမံကိန်းများ ထူထောင်ရန် လျာထားဆောင်ရွက်နေသည်။

ဆက်လက်၍ စက်မှုဇုန်၊ စက်ရုံ၊ အလုပ်ရုံ၊ လူနေအိမ်ရာများပါဝင်သည့် နည်းပညာများတိုးတက်သော SMART CITY ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်ကို ဖွဲ့စည်းထူထောင်လိုက်ကြောင်း သိရသည်။ အဆိုပါ မြို့သစ်စီမံကိန်းကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းတွင် ထူထောင်မည်ဖြစ်ရာ အကောင်အထည်ဖော်ဆဲကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်း နှစ်သန်းခန့် ဖော်ထုတ်ပေးနိုင်မည်ဟု သိရသည်။ အဆိုပါ မြို့သစ်စီမံကိန်းထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြစ်အနောက်ဘက်ကမ်းရှိ မြေဧက နှစ်သောင်းကို ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်ရာများနှင့် အလုပ်အကိုင်များ ဖန်တီးပေးရန်အတွက် ရည်ရွယ်သည်။ ငါးနှစ်အတွင်း အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး မြို့တည်ဆောက်ရေး ပထမအဆင့် အခြေခံအဆောက်အအုံလုပ်ငန်းများကို ပျမ်းမျှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ရွာမြို့ ငါးခု၊ တံတား နှစ်စင်း၊ ၂၆ ကီလိုမီတာ အရှည် ပင်မလမ်းကြောင်းများ၊ ၁၀ စတုရန်းကီလိုမီတာရှိ စက်မှုဇုန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအဆောက်အအုံများ၊ ရေသန့်နှင့် ရေဆိုးထုတ်စက်ရုံများ ပါဝင်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းအသစ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ပေးခြင်းသည် ရန်ကုန်မြို့နေ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် နိုင်ငံအတွက် အဓိကကျသော ပုံရိပ်ကောင်းမွန်ရေးကို အကောင်အထည်ဖော်ပေးခြင်းဖြစ်၍ မြို့ပြပုံရိပ်ကို ညှိုးနွမ်းစေရန် ဖြစ်ပေါ်လာမည့် အခြေအနေများကို ကြိုတင်မြော်တွေးကာ စီမံကိန်း မပြီးစီးမီ စနစ်တကျဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၁၈ ဘဏ္ဍာနှစ်(ပထမအကြိမ်)လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော် ရုံးအမှတ်(၁၉)ရှိ သီရိရတနာခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းအဖြစ် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း၊ သဘာဝသစ်တောနယ်မြေဖွဲ့စည်းခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ ၂၄-၁၂-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် မြန်မာ့သတ္တုတွင်း ဥပဒေနှင့်လိုက်လျောညီထွေ ဖြစ်ရန် ရေးဆွဲခဲ့သော မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ်ကို ၁၃-၂-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နည်းဥပဒေသစ်နှင့်အညီ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က စီမံဆောင်ရွက်ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည့် အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များအတွက် ခွင့်ပြုနိုင်မည့် လုပ်ကွက်ဧရိယာများကို ပြည်ထောင်စုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဘူမိဗေဒ ပညာရှင်အဖွဲ့များဖြင့် ကွင်းဆင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ကြီးဌာနလက်အောက်မှ ဝန်ထမ်းများ အကောင်းအဆိုးကို ဝိုင်းဝန်းတည့်မတ် ထိန်းကျောင်းပေးစေလိုကြောင်း၊ မြန်မာ့သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး အတွေ့အကြုံကောင်းများ ဖလှယ်ကာ အခက်အခဲများကို ညှိနှိုင်းဆွေးနွေးအဖြေရှာကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများက မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ကွက်ချထားနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၁၀၀၀ | - | ၉၄၁၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၁၀၀၀ | - | ၉၄၁၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၈၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၅/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၅.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၇၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၄.၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၉၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၀.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၁၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေး၊ ဆိုင်ကယ်ဦးထုပ်များ ဖြန့်ဝေ

**လယ်ဝေး ဧပြီ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ “က”ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များဖြန့်ဝေပေးခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့ စမတောင် မဟာပရဟိတကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော် တိုင်းရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက ဌာန၏ရည်မှန်းချက်များ၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုဖြစ်ပွားစေနိုင်သည့် အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့် ပြသ၍ ရှင်းလင်းဟောပြောသည်။

ထို့နောက် စစ်ဆေးရေးမှူး (၂) ဦးအောင်ကျော်ဆန်းက ပညာပေးသင်တန်းပို့ချပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ရေးဖြေစစ်ဆေးကာ သင်တန်းသား သင်တန်းသူများအား မော်တော်ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးပြီး အောင်မြင်သူ ၆၂ ဦးအား “က”ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတည်ဆောက်ရာမှာ **စုပေါင်းအင်အား**ဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အား**နဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကျွန်းကုန်းကျေးရွာပေါ်သို့ လေယာဉ်ပျက်ကျမှုမရှိစေရန် အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် လေသူရဲ ဗိုလ်မှူးအာကာဝင်း အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ချီးကျူးဂုဏ်ပြု

**နေပြည်တော် မေ ၄**

တောင်ငူလေတပ်စခန်းဌာနချုပ်မှ လေသူရဲ ဗိုလ်မှူးအာကာဝင်း မောင်းနှင်သည့် အက်ဖ်- ၇ လေယာဉ်သည် လေ့ကျင့်ပျံသန်းမှုဆောင်ရွက်နေစဉ် အင်ဂျင်ချွတ်ယွင်း၍ ပျက်ကျခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် တပ်မတော်(လေ)မှ ပညာရှင်များပါဝင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်နှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့ပြီး ပျက်ကျလေယာဉ်အစိတ်အပိုင်းများအား စစ်ဆေးခြင်းနှင့် မျက်မြင်တွေ့ရှိခဲ့သည့် ဒေသခံပြည်သူများအား တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်းသည် မေ ၃ ရက် နံနက် ၁၀ နာရီ ၃၆ မိနစ်တွင် လေယာဉ်လေ့ကျင့်ပျံသန်းမှုစတင်ခဲ့ပြီး နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် လေယာဉ်ပြန်လည်ဆင်းသက်ရန်အတွက် လေကြောင်းထိန်းတာဝါသို့ သတင်းပို့ခဲ့ကာ လေယာဉ်ဆင်းပတ်လမ်းအတွင်းသို့ ချဉ်းကပ်ဝင်ရောက်စဉ် စက်ချွတ်ယွင်းမှု ဖြစ်ပွားခဲ့သဖြင့် အင်ဂျင်စက် ရပ်တန့်မှုဖြစ်ပွားသည်ကို လေကြောင်းထိန်းတာဝါသို့ ၁၀ နာရီ ၄၅ မိနစ်တွင် ထပ်မံသတင်းပို့ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပွားချိန်တွင် အနောက်မှ မောင်းနှင်လိုက်ပါလာသော အက်ဖ် - ၇ လေ့ကျင့်ရေး လေယာဉ်တစ်စင်းရှိ ဝါရင့်လေသူရဲတစ်ဦးက Air Start (လေထဲတွင် စက်နှိုးခြင်း) ပြုလုပ်ရန်နှင့် စက်မနိုးပါက လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားရန် ညွှန်ကြားခဲ့ကြောင်း။

လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်းသည် ၎င်းနေရာမှ ၃၀ စက္ကန့်အထိ လေယာဉ်စက်ပြန်နိုးရန် ကြိုးစားခဲ့သော်လည်း စက်နိုးခြင်းမရှိသဖြင့် အမြင့်မီတာ ၃၀၀ နှင့် ပျံသန်းနှုန်း ၁ နာရီ ၃၂၀ ကီလိုမီတာနှုန်းသို့ရောက်ရှိချိန်တွင် အရေးပေါ် အသက်ကယ်လေထီးပါထိုင်ခုံဖြင့် ခုန်ထွက်မည်ဖြစ်ကြောင်း တာဝါသို့ထပ်မံသတင်းပို့ခဲ့ကြောင်း သိရသည်။

မျက်မြင်စစ်ဆေးချက်များနှင့် ကျွန်းကုန်းကျေးရွာမှ ကျေးရွာသားအချို့၏ မျက်မြင်တွေ့ရှိပြောကြားချက်များအရ ၎င်းနေရာသည် အင်ဒိုင်းရွာအထက် အမြင့်မီတာ ၃၀၀ ခန့်တွင် ရောက်ရှိနေပြီး လေယာဉ်၏ ဦးတည်ရာအရပ်မှာ ကျွန်းကုန်းရွာသို့ ဦးတည်လျက်ရှိကြောင်း၊ ထိုအချိန်တွင် အရေးပေါ် လေထီးဖြင့် ခုန်ထွက်မည်ဆိုပါက လေသူရဲတစ်ဦးအတွက် လုံလောက်သည့်အချိန်နှင့် အမြင့်ပေတွင် ရှိနေနိုင်ပြီး အသက်အန္တရာယ်လွတ်ကင်းနိုင်သည့် အခြေအနေရှိကြောင်း တွေ့ရှိရသော်လည်း အသက်ကယ်လေထီးပါထိုင်ခုံ၏ တွန်းကန်အားကြောင့် လေယာဉ်ပေါ် ဖိအားသက်ရောက်စေ၍ ကျွန်းကုန်းရွာအတွင်းသို့ လေယာဉ်ပျက်ကျနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ လေသူရဲ ဗိုလ်မှူးအာကာဝင်းသည် ၎င်းနေရာတွင် အရေးပေါ်ခုန်ထွက်ခြင်းကို ပြုလုပ်ခဲ့ခြင်းမရှိဘဲ လေယာဉ်အား ကြိုးစား၍ ဆက်လက်ထိန်းသိမ်းခဲ့ပြီး ကျွန်းကုန်းရွာအလွန်မြေပြင်မှ အမြင့်ပေ ၃၀ မီတာခန့် ရောက်ရှိချိန်မှသာ အရေးပေါ်ခုန်ထွက်ခြင်းပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ လုံလောက်သည့်အချိန်နှင့် အမြင့်ပေ ရရှိတော့ခြင်းမရှိဘဲ လေယာဉ်မြေပြင်သို့ ဆောင့်မိချိန်နှင့် တစ်ပြိုင်နက်တည်း ခုန်ထွက်ခဲ့သည့် အခြေအနေမျိုးရောက်ရှိခဲ့သဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မိမိအသက်ရှင်လွတ်မြောက်ရေးကို ပဓာနမထားဘဲ ကျွန်းကုန်းရွာအပေါ် လေယာဉ်ပျက်ကျမှုမရှိစေရေး လေယာဉ်အား အတတ်နိုင်ဆုံး ထိန်းကျောင်းမောင်းနှင်ခဲ့စဉ် အသက်ဆုံးရှုံးခဲ့ရသည့် လေသူရဲဖြစ်သူ ဗိုလ်မှူးအာကာဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ချီးကျူးဂုဏ်ပြုခဲ့ကြောင်းနှင့် လိုအပ်သည်များအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အသိပေးနှိုးဆော်ချက်များ

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်၊

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်၊

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့်အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်၊

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကိုသတိပြုကြပါရန်၊

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့်ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## သင်္ကြန်တွင်း တရားစခန်းဖွင့်မည်

**နေပြည်တော် မေ ၄**

နေပြည်တော် ပျဉ်းမနားမြို့ ပန်းခင်းကွက်သစ် ပန်းခင်းလမ်း ဘုရားကြီးတောရကျောင်းတိုက် ရွှေပြည်အေးမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မပါလ က သင်္ကြန်တွင်း မေ ၁၃ ရက်မှ မေ ၂၂ ရက်အထိ (၁၁)ကြိမ်မြောက် စုပေါင်းဒုလ္လဘဝတ်ပွဲ၊ စုပေါင်းသီလရှင်ဝတ်ပွဲ၊ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲတော်ကြီးကို ဖွင့်လှစ်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုကြသည့် ယောဂီများသည် ဖုန်း- ၀၆၇- ၂၃၀၄၃၊ ၀၉- ၂၅၀၈၀၁၃၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**



## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ရှင်ကျန်းပြည်နယ်တွင် ဆွေးနွေး

**ရှင်ကျန်း မေ ၄**

မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဒေသ တည်ဆောက်မှုအား လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်က တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် ရှင်ကျန်းပြည်နယ် ဟော်ကိုစစ် (Khorgos) နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တရုတ်-ကာဇက်စတန် နှစ်နိုင်ငံစီးပွားရေးဇုန်ထူထောင်နိုင်မှု၊ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို မေးမြန်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် အဖွဲ့ဝင်များက နယ်စပ်စီးပွားရေးဇုန်တည်ဆောက်ရေးနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြသည်။

တရုတ်-ကာဇက်စတန် နယ်စပ်စီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ရှင်ကျန်းပြည်နယ်တွင် လေ့လာခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ ယူနန်ပြည်နယ်အတွင်း မြန်မာ-တရုတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဒေသများတွင် ဆက်လက်လေ့လာကာ နယ်စပ်ဒေသစီးပွားရေးဇုန် တိုးမြှင့်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်စနစ် ၂၀၁၉ ဇူလိုင်လတွင် တူရကီ ဖြန့်ကြက်ရန် စီစဉ်



**အန်ကာရာ မေ ၄**

ရုရှားနိုင်ငံလုပ် ပဲ့ထိန်းဒုံးကျည်တိုက်ဖျက်ရေး အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်စနစ်ကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တူရကီ၌ ဖြန့်ကြက်ထားရန် စီစဉ်ထားကြောင်း တူရကီစစ်လက်နက်ပစ္စည်းဝယ်ယူရေးဌာန အကြီးအကဲက ယနေ့တွင် ပြောကြားလိုက်သည်။

အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်များ ဝယ်ယူရေး ကန်ထရိုက်စာချုပ်ပါ ဒုံးကျည်များ လွှဲပြောင်းပေးအပ်ရေး စည်းမျဉ်းသတ်မှတ်ချက်အရ ယင်းဒုံးကျည်များကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ကာကွယ်ရေးပစ္စည်း စက်မှုလုပ်ငန်းဌာန အကြီးအကဲ အစ္စမေးလ် ဒီမီဟာက ၎င်း၏ အင်တာနက်တွစ်တာ စာမျက်နှာ၌ ရေးသားဖော်ပြသည်။

ရုရှားနိုင်ငံမှ တူရကီနိုင်ငံသို့ ခေတ်မီကာကွယ်ရေးစနစ်များ တင်ပို့ရေးကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဟု တူရကီနိုင်ငံသို့ လာရောက်ခဲ့သည့် ရုရှားသမ္မတ ဗလာဒီမာပူတင်က တူရကီသမ္မတ အာဒိုဂန်နှင့် ဧပြီ ၂ ရက်က အန်ကာရာမြို့တွင် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ပြီးနောက် ဒီမီဟာ၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တူရကီနိုင်ငံက ရုရှားနိုင်ငံမှ အက်စ်-၄၀၀ အမျိုးအစား ဒုံးလက်နက်စနစ် ဝယ်ယူရေးအတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် သဘောတူညီမှုရရှိခဲ့ပြီးနောက် သုံးလအကြာတွင် အဆိုပါဒုံးကျည်များဝယ်ယူရေးအတွက် ချေးငွေဆိုင်ရာ သဘောတူညီချက်ကို နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ကြသည်။

**ဆင်ဟွာ**



# အမေရိကန်ပြည်ထောင်စု YouTube ဌာနချုပ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ဆန်ဖရန်စစ္စကို မေ ၄**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘရူနိုမြို့ရှိ YouTube ဌာနချုပ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူလေးဦး သေနတ်ထိမှန်ခဲ့ပြီး တစ်ဦးသေဆုံးကာ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘရူနိုမြို့ရှိ YouTube ဌာနချုပ်၌ အခင်းဖြစ်ပွားခဲ့သည်။

ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူ အမျိုးသမီးသည် ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်း ဆန်ဒိုင်ဂိုမြို့မှဖြစ်ပြီး အခင်းဖြစ်ပွားစဉ် ၎င်းကိုယ်တိုင် အဆုံးစီရင်ခဲ့သည်ဟု ရဲအရာရှိများက ဆိုသည်။

အဆိုပါ အသက် ၃၉ နှစ်အရွယ် အမျိုးသမီးသည် ၎င်းဖန်တီးထားသော ဝက်ဘ်ဆိုက်တစ်ခုနှင့်ပတ်သက်ပြီး အငြင်းပွားကာ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရ မီဒီယာများက သတင်းရေးသားဖော်ပြကြသည်။ သူ၏ ဗီဒီယိုဖိုင်များအပါအဝင် ယင်းနှင့်ဆက်စပ်သည့် ငွေပေးချေမှုများကို ပယ်ဖျက်လိုက်ခြင်းကြောင့် ယခုကဲ့သို့ ပြစ်မှုကျူးလွန်ခဲ့သည်ဟု မီဒီယာအချို့က ဆိုသည်။

သေနတ်ထိမှန်သူများအား ပစ်မှတ်ထားကျူးလွန်ခဲ့ခြင်း ဟုတ်၊ မဟုတ် ဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ပြစ်မှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်အားလုံးကို စောင့်ကြည့်လျက်ရှိကြောင်း ဆန်ဘရူနိုရဲအရာရှိများက ဆိုသည်။

ယခုအခင်းဖြစ်ပွားမှုသည် အကြမ်းဖက်လုပ်ရပ်တစ်ခု မဟုတ်ကြောင်း အက်ဖ်ဘီအိုင် (FBI) ရဲအရာရှိများက ၎င်းတို့၏ ထင်မြင်ယူဆချက်ကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ်အားကစားပွဲတော်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်

**တိုကျို မေ ၄**

တောင်ကိုရီးယားနိုင်ငံ၌ ပြုချမ်းဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ပြီးဆုံးခဲ့ချိန်နောက်ပိုင်း ဂျပန်နိုင်ငံမြို့တော် တိုကျိုသည် အိုလံပစ်ပြက္ခဒိန်၏ လာမည့်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း အေအက်ဖ်ပီ သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံမြို့တော် တိုကျိုအနီးဝန်းကျင်အရပ်ဒေသများ၌ ၂၀၂၀ ပြည့်နှစ် အိုလံပစ်အားကစားပွဲတော်၌ အသုံးပြုမည့် အားကစားပြိုင်ပွဲရုံများအတွက် တည်ဆောက်ရေးလုပ်ငန်းခွင်များကို တွေ့မြင်နေရပြီး ဆောက်လုပ်ရေးလုပ်သားများက အားကြိုးမာန်တက်လုပ်ကိုင်လျက်ရှိကြသည်။

အတိတ်ကာလက အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသော နိုင်ငံများသည် အားကစားပွဲတော်၌ အသုံးပြုမည့် အားကစားပြိုင်ပွဲရုံများ တည်ဆောက်မှုလုပ်ငန်းကို အချိန်မီ ပြီးစီးနိုင်စေရန် ကပျာကသီ လုပ်ဆောင်ခဲ့ကြရသည့် အနေအထားများနှင့် တွေ့ကြုံခဲ့ကြရသော်လည်း ဂျပန်နိုင်ငံမှာမူ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝမှု ဂုဏ်သတင်းနှင့်အညီ အားကစားပြိုင်ပွဲရုံသစ်များကို အချိန်မီ ပြီးစီးအောင် လုပ်ဆောင်နိုင်မည့်အသွင်ကို အထင်အရှား ပြသနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

တိုကျိုပင်လယ်အော်၌ ရေနှင့် သက်ဆိုင်သော အားကစားနည်းများအတွက် ပင်မအားကစားပြိုင်ပွဲရုံတစ်ရုံကို တည်ဆောက်လျက်ရှိသည်။ ယင်းအားကစားပြိုင်ပွဲရုံမှာ ပွဲကြည့်ပရိသတ် ၂၄၀၀၀ ဆံ့ အားကစားပြိုင်ပွဲရုံသစ် ဖြစ်လာမည်ဆို၏။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်း ပမာဏ၏ ၂၅ ရာခိုင်နှုန်းခန့်မှာ ပြီးစီးအောင်မြင်ခဲ့ပြီဖြစ်ကြောင်း၊ တည်ဆောက်မှုကို အချိန်ဇယားနှင့်အညီ လုပ်ဆောင်သွားနိုင်မည်ဟု မိမိတို့ယုံကြည်ကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်လယ်ရောက်ချိန်တွင် အားကစားပြိုင်ပွဲရုံသစ်ကို စမ်းသပ်ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ကြောင်း တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ အားကစားပြိုင်ပွဲရုံများ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ထိုင်ရှုတုန်က ပြောကြားသည်။

အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ပုံမှန်တိုးတက်အောင်မြင်လျက်ရှိကြောင်း တိုကျို အုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေးက လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

မြို့တော်တိုကျိုသည် ၁၉၆၄ ခုနှစ်နောက်ပိုင်း အိုလံပစ်အားကစားပွဲတော်ကို ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် ဆန္ဒရှိသည်ဟု သမ္မတ ဒေါ်နယ်ထရန့်ပြော



**ဝါရှင်တန် မေ ၄**

ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များကို မကြာမီ ပြန်လည်ရုပ်သိမ်းရန် မိမိဆန္ဒရှိကြောင်း၊ ယင်းနိုင်ငံ၌ အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ကို အမေရိကန်စစ်ဘက်က စစ်ဆင်ရေးများ ဆင်နွှဲ၍ ချေမှုန်းသုတ်သင်လျက်ရှိရာတွင် အောင်မြင်မှုများ ရရှိနေကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

သို့ရာတွင် ဆီးရီးယားနိုင်ငံ၌ အမေရိကန်၏ စစ်ရေးတည်ရှိမှု ဆက်လက်ရှိရန်လိုအပ်သည်ဟု အမေရိကန်ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်စစ်သွေးကြွအဖွဲ့အပေါ် အမေရိကန်က စစ်ဆင်ရေးဆင်နွှဲနေမှုများမှာ အလွန်ပင်အောင်မြင်မှုရရှိနေကြောင်း၊ မိမိတို့၏ တပ်ဖွဲ့များကို ယင်းနိုင်ငံမှ အမြန်ဆုံး ပြန်လည်ရုပ်သိမ်းလိုကြောင်း၊ တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးကိစ္စရပ်နှင့်ပတ်သက်၍ မကြာမီ မိမိဆုံးဖြတ်ချက်တစ်ရပ် ချမှတ်မည်ဖြစ်ကြောင်း သမ္မတထရန့်က ဧပြီ ၃ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၌ လတ်တလောကာလတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့် ရှိနေသည်။

သို့ရာတွင် ဆီးရီးယားနိုင်ငံ၌ အမေရိကန်၏ စစ်ရေးတည်ရှိမှု ဆက်လက်လိုအပ်ပုံကို အိုက်အက်စ်အဖွဲ့တိုက်ဖျက်ရေး ကမ္ဘာတစ်လွှား ညွန့်ပေါင်းအဖွဲ့တွင် အမေရိကန်သမ္မတ၏ အထူးသံတမန်တစ်ဦးအဖြစ် ဆောင်ရွက်နေသူ ဘရက်မက်ဂတ်က ဧပြီ ၃ ရက်တွင် မိန့်ခွန်းပြောကြားရာ၌ ထုတ်ဖော်ပြောကြားခဲ့သည်။ အိုင်အက်စ်အဖွဲ့ကို အမေရိကန်တပ်ဖွဲ့၏ ချေမှုန်းရေးလုပ်ငန်းမှာ ပြီးဆုံးခြင်းမရှိသေးကြောင်း ၎င်းက ပြောကြားသည်။

အလားတူပင် အမေရိကန် ဗဟိုစစ်ဌာနချုပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိုးဆက် ဗိုတယ်လ်ကလည်း ဆီးရီးယား၌ အမေရိကန်၏ စစ်ရေးအခန်းကဏ္ဍတစ်ရပ် ဆက်လက်ရှိနေသင့်သည်ဟု ဆိုသည်။ ဆီးရီးယားနိုင်ငံရှိ ဒေသအချို့၌ တည်ငြိမ်မှုမရှိသေးဘဲရှိနေကြောင်း၊ ဒေသခံပြည်သူအချို့မှာ ၎င်းတို့၏ နေအိမ်များသို့ ပြန်နိုင်ခြင်းမရှိသေးကြောင်း ဗိုလ်ချုပ်ကြီး ဗိုတယ်လ်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# အဆင်သင့်ဖြစ်နေပြီလားဆိုရင် ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေပြီ၊ အဆောက်အအုံတွေလည်း အဆင်သင့်ဖြစ်တယ်၊ ဆေးရုံဆေးခန်းတွေလည်း အဆင်သင့်ဖြစ်တယ် ...

## သူတို့ ပြန်လာခြင်း၊ မလာခြင်းကတော့ ကိုယ်လည်း ပြန်လာချင်အောင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး ဘာတွေလုပ်ပေးလို့ရမလဲ၊ ဘယ်လိုညှိနှိုင်းလို့ရမလဲဆိုတာ ဆွေးနွေးတာတွေ လုပ်နေပါတယ်



### UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီက ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး လက်ရှိအခြေအနေအထိ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုများ၊ မောင်တောဒေသ၏ နယ်မြေအခြေအနေ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံရေးဆောင်ရွက်ထားရှိမှု စသည်တို့နှင့်ပတ်သက်၍ သိရှိနိုင်ရန် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်အား တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး။ ။ UEHRD က ရခိုင်ပြည်နယ် မောင်တောဒေသမှာ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းစနေတာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်ကတည်းက ဖြစ်ပါတယ်။ အခြေခံအလုပ်တာဝန် သုံးရပ်ရှိပါတယ်။ တစ်ခုက လူသားချင်းစာနာမှု၊ နောက်တစ်ခုက ပြန်လည်နေရာချထားရေး၊ နောက်ဆုံးကတော့ ဖွံ့ဖြိုးမှုဖြစ်ပါတယ်။ ဒါကြောင့်လည်း HRD လို့ ခေါ်တာပါ။ ပထမဆုံးအနေနဲ့ သိဖို့လိုတာတော့ HRD လုပ်ငန်းတာဝန် သုံးရပ်ကို လုပ်ပေမယ့် လုပ်တဲ့ပုံစံက ကျွန်တော်တို့နိုင်ငံမှာ တစ်ခါမှ မလုပ်ဖူးသေးတဲ့ ပုံစံမျိုး၊ ပြောရရင် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်နေတယ်။ **ပြည်ထောင်စုအဆင့်ဆိုတာထက်ကို ညီညွတ်မှု ပူးပေါင်းဆောင်ရွက်မှု။ အဓိပ္ပာယ်ကတော့ နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍပေါင်းပြီး ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ အခြေအနေတစ်ရပ်ကို တုံ့ပြန်တဲ့အနေနဲ့ လူသားချင်း စာနာမှုတွေ၊ ပြန်လည်နေရာချထားရေးတွေ၊ ဖွံ့ဖြိုးရေးကိစ္စတွေ ဆောင်ရွက်နေတာပါ။**

**အမျိုးသားတုံ့ပြန်မှု**

အဲဒီတော့ တုံ့ပြန်ရေးကိစ္စတွေအပေါ်မှာ ထူးခြားတာက အရင်တုန်းက ဒီလိုအရေးအခင်းတွေဖြစ်နေရင် များသောအားဖြင့် တုံ့ပြန်မှုဟာ နိုင်ငံတော်အစိုးရရဲ့ တုံ့ပြန်မှုပဲ။ အစိုးရကဦးစီးပြီးလုပ်တယ်။ ဒီတစ်ခေါက်ကတော့ သိသာထင်ရှားအောင်ဆိုပြီး အမျိုးသားတုံ့ပြန်မှု၊ အမျိုးသားတုံ့ပြန်မှုလို့ပြောရင် နိုင်ငံတော်အစိုးရက ဦးစီးတယ်ဆိုပေမယ့် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ မီဒီယာ၊ လူငယ်တွေ အားလုံးပါဝင်ပါတယ်။ ကျွန်တော်တို့ ဒီသုံးရပ်ကို လုပ်တဲ့အခါ ကနဦးကတည်းက ရင်ဆိုင်ရတဲ့ ဝိရောဓိကတော့ အဲဒီမှာဖြစ်တဲ့ ပြဿနာဟာ အရေးပေါ်လုပ်ရတာတွေက အများကြီး။ တစ်ဖက်မှာလည်း အရေးပေါ်တာဝန်ကို ယူနေရတဲ့အချိန်မှာ အရေးကြီးတဲ့ အလုပ်ကိုလည်း အာရုံမပျက်ဖို့လိုတယ်။ ကျွန်တော်တို့မှာလည်း အမြဲတမ်း ဒီနှစ်ခု စနေရတာ၊ အရေးပေါ်တဲ့ အလုပ်ကိုလုပ်ရမယ်၊ အရေးကြီးတဲ့ အလုပ်ကိုလည်း လုပ်ရမယ်။

အရေးပေါ်လို့ပြောရင် တစ်ဖက်နိုင်ငံကို ရောက်သွားတဲ့သူတွေ ပြန်လာတဲ့အခါမှာ အဆင်သင့်ဖြစ်အောင် ကျွန်တော်တို့က နိုင်ငံတော်အစိုးရအနေနဲ့ နှစ်နိုင်ငံ သဘောတူစာချုပ်ပါ ရှိထားပြီးတော့ ကျွန်တော်တို့ ထွက်ထွက်ချင်း စိန်ခေါ်မှုက ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှာ သူတို့ပြန်လာလို့ ရတယ်ဆိုတာကို သဘောတူထားတော့ လုပ်တဲ့အခါမှာလည်း အရင်တုန်းက လုပ်ခဲ့တာတွေကို သင်ခန်းစာယူပြီး ငါးခူရ လက်ခံရေးစခန်းနဲ့ တောင်ပြိုလက်ခံရေးစခန်းတို့ကို ကျွန်တော်တို့ အဆင်သင့်ဖြစ်အောင် လုပ်ထားတယ်။

**နဂိုထက်ပိုကောင်းတဲ့ အခြေအနေ**

တစ်ဖက်က လက်ခံရေးစခန်းတွေ လုပ်ထားပြီးတဲ့အခါမှာ တစ်ဆက်တည်းမှာပဲ သူတို့ကို ပြန်လည်နေရာချထားဖို့ဆိုပြီး လုပ်ရပြန်ရော။ နောက်ဆုံးမှာတော့ သူတို့ကို နဂိုရှိတဲ့နေရာနဲ့ အနီးစပ်ဆုံးနေရာကို ပို့ဖို့ ကျွန်တော်တို့က အားလုံးစိုင်းပြင်းနေရတာ။ ခုနပြောတဲ့ လက်ခံရေးစခန်းနှစ်ခုကို အဆင်သင့်ဖြစ်အောင်လုပ်ဖို့ရယ်၊ ကြိုဆိုရေးစခန်းဖြစ်အောင် လုပ်ဖို့ကို ကျွန်တော်တို့ နားလည်တာက ရခိုင်ပြည်နယ်ကို ပြန်လည်ပြီး နဂိုထက်ပိုကောင်းတဲ့ အခြေအနေဖြစ်အောင် အကောင်အထည်ဖော်မယ်၊ အရေးကြီးတဲ့ကိစ္စကတော့ ဖွံ့ဖြိုးမှုပဲ။

ရခိုင်ပြည်နယ်ဟာ တကယ်တမ်းတော့ အလားအလာ သိပ်ကောင်းတဲ့နေရာ၊ ရခိုင်ပြည်နယ်နဲ့ပတ်သက်လာရင် အပြင်ကလူတွေ မြင်နေတာက ရခိုင်ပြည်နယ်လို့ပြောလိုက်ရင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်လောက်ပဲမြင်တာ၊ တကယ်က ရခိုင်ပြည်နယ်ဟာ ၁၇ မြို့နယ်ရှိတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ အလယ်ပိုင်းဆိုပြီး ရှိတယ်။ ရခိုင်ပြည်နယ်ဆို ငပလီကို ချက်ချင်းပြေးမမြင်ဘူး။ ရခိုင်ပြည်နယ်လို့ပြောရင် မြို့ဟောင်းတို့၊ မြောက်ဦးတို့ ပြေးမမြင်ဘူး။ ရခိုင်ပြည်နယ်လို့ပြောရင် ကျောက်ဖြူစီးပွားရေးဇုန်ကို ပြေးမမြင်ဘူး။ အဲဒီတော့ ကျွန်တော်ပြောချင်တာက ရခိုင်ပြည်နယ်ကို ကြည့်တဲ့အခါမှာ သုံးသပ်တဲ့အခါမှာ ကွက်ပြီး မသုံးသပ်ပါနဲ့။ ကျွန်တော်တို့ တာဝန်ကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တာဝန်ပေးချက်အရ လုပ်ငန်းသုံးခုကို စံချိန်မီမီလုပ်ရမယ်၊ ပြန်လည်နေရာချထားရေးက အရေးကြီးတယ်။ နောက်တစ်ခါ လူသားချင်းစာနာမှု အရေးကြီးတယ်။

**အားရစရာ**

ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့က ကိုယ့်နိုင်ငံက ထွက်သွားတဲ့သူတွေ ပြန်လာဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက စိစစ်တဲ့ အလုပ်တွေလုပ်တယ်။ တကယ်ပဲ ကိုယ့်နိုင်ငံမှာ နေခဲ့တဲ့သူဖြစ်ရင် ကျွန်တော်တို့က နိုင်ငံတကာ စံနှုန်းအတိုင်း လက်ခံပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဆောင်ရွက်နေတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိက အဖွဲ့အစည်းတွေနဲ့ပေါင်းပြီး အဆောက်အအုံတွေ ဆောက်တယ်၊ လမ်းတွေဖောက်တယ်၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးတယ်။ ဆရာဝန်ကြီးတွေသာမကဘူး၊ ဆေးကောင်စီတို့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဖွဲ့ဝင်တွေအပြင် လုပ်ငန်းရှင်တွေကလည်း ကျန်းမာရေးလုပ်ငန်းတွေမှာ ကူညီစောင့်ရှောက်မှုပေးတယ်။ ထဲထဲဝင်ဝင်လုပ်နေတဲ့ လုပ်ငန်းရှင်တွေပါတယ်၊ အဲဒါက အားရစရာပါ။

တစ်ဖက်ကလည်း မောင်တောမှာ အခုဆိုရင် အထူးစီးပွားရေးဇုန်တစ်ခု ဖော်နေတယ်။ ဖော်နေတာလည်း မောင်တောမြို့နယ်ရဲ့ ကုန်သည်ကြီးများအသင်း ဦးစီးပြီး ကျွန်တော်တို့ မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း အကူအညီနဲ့ မောင်တောမှာ အခုဆိုရင် ဆိပ်ကမ်းက အဆင်သင့်ဖြစ်နေပြီ။ ပစ္စည်းတွေအားလုံးက အဲဒီကနေတစ်ဆင့် ချက်ချင်းပို့လို့ရပြီ။

**သတိထားဖို့လို**

နောက်တစ်ခု စိုက်ပျိုးရေးကိစ္စ၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် ဖြစ်စဉ်ပြီးတဲ့အခါမှာ ရခိုင်ပြည်နယ်မှာ ဘာသတိထားမိသလဲဆိုရင် စပါးတွေက မှည့်နေတယ်၊ မှည့်တဲ့စပါးတွေကို ရိတ်မယ့်သူက မရှိတော့ဘူး၊ ပိုင်ရှင်တွေလည်း မရှိတော့တဲ့အခါကျတော့ ကျွန်တော်တို့အဖွဲ့ UEHRD အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ စိုက်ပျိုးရေးအဖွဲ့က လိုအပ်တဲ့ အထောက်အကူပစ္စည်းတွေနဲ့ ရိတ်သိမ်းတယ်။ ရိတ်သိမ်းတဲ့အခါမှာလည်း အများစွပ်စွဲသလို သိမ်းတာမဟုတ်ဘဲနဲ့ ရိတ်သိမ်းတဲ့ပမာဏကို စာရင်းဇယားလုပ်တယ်။ အချို့ဟာလည်း ရောင်းရတယ်။ ရောင်းတာကို စာရင်းဇယားမှတ်တမ်းတွေ ရှိတယ်။ ဝင်ငွေဘယ်လောက်ရတာရှိတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ အကယ်၍ ပိုင်ရှင်တွေက သက်သေအထောက်အထားပြနိုင်ရင် သူတို့စပါးတွေ ပြန်ပေးတာတို့၊ ရတဲ့ဝင်ငွေ ပြန်ပေးတာတို့ လုပ်ပေးဖို့ အစီအစဉ်တွေရှိတယ်။

နိုင်ငံတော်ရဲ့ တာဝန်ပေးချက်အရလည်း ပြန်လာချင်တဲ့သူတွေ ပြန်လာနိုင်အောင် ကျွန်တော်တို့ကဖန်တီးပေးတယ်။ ရခိုင်ပြည်နယ်မှာ မြို့နယ်သုံးခုမှာ အေးအေးဆေးဆေး နေထိုင်တဲ့သူတွေရှိတော့ အဲဒီနေထိုင်တဲ့သူတွေ ဆက်ပြီးနေထိုင်အောင် ကျွန်တော်တို့က အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးရမယ်၊ စီးပွားရေးရှုထောင့်ကကြည့်ရင် ရခိုင်ပြည်နယ်ရဲ့ ပြဿနာတွေ အများကြီးထဲမှာ အခြေခံတစ်ခုက စီးပွားရေးမဖွံ့ဖြိုးတာ၊ အလုပ်အကိုင်ပေးနိုင်မှုတွေ အားနည်းတာ၊ အလုပ်မရှိတော့ တခြားပြဿနာတွေပေါ်လာတယ်။ ဝင်ငွေနည်းတော့ ပဋိပက္ခတွေအတွက်ကို အားပေးတာမျိုးတွေဖြစ်တယ်။ အဲဒီလိုမျိုးတွေကြောင့် လုပ်ငန်းရှင်တွေနဲ့တိုင်ပင်ပြီး သူတို့ဆီမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးနိုင်ရင်၊ ဝင်ငွေတိုးအောင် လုပ်ပေးနိုင်ရင်၊ စက်မှုဇုန်တွေ ဖော်ပေးနိုင်ရင် အခြေအနေတစ်ခုကိုများ ပြောင်းမလားဆိုပြီး ကျွန်တော်တို့က လုပ်ပေးရမယ်။

နောက်တစ်ခု သတိထားဖို့က UEHRD နဲ့ အလုပ်လုပ်တဲ့အခါမှာ ပြည်တွင်းရဲ့ အမြင်ကအရေးကြီးသလို နိုင်ငံတကာအမြင်ကလည်း အရေးကြီးတယ်။ ကျွန်တော်တို့က နိုင်ငံတကာအမြင်တွေအားလုံးကို လျစ်လျူရှုပြီး ပြည်တွင်း အမြင်တွေကိုပဲ အာရုံစိုက်ပါဆိုတာ မဖြစ်နိုင်သလို တစ်ဖက်ကလည်း ပြည်တွင်းအမြင်တွေကို မကြည့်နဲ့၊ နိုင်ငံတကာ အခြေအနေကိုပဲ ကြည့်ပါဆိုလည်း မဖြစ်နိုင်သေးဘူး။ ကိုယ့်နိုင်ငံ အချုပ်အခြာအာဏာကလည်း ရှိနေသေးတာကိုး။ အဲဒီအခါမှာ ဦးနှောက်က တော်တော်စားရတယ်။ အဲဒီလို အခြေအနေကျရင် မကျေနပ်တာတွေရှိနိုင်တယ်၊ အားမရတာတွေ ရှိနိုင်တယ်။ အားမရတာက နိုင်ငံတကာကလည်း အားမရဘူး၊ ပြည်တွင်းကလည်း ကျွန်တော်တို့ကို အားမရဘူး။ အဲဒီတော့ ကျွန်တော်တို့ ကြားထဲမှာ သတိထားရတာပေါ့။

ပြန်လည်လက်ခံရေးနဲ့ပတ်သက်လို့ မေးခွန်းထုတ်တာတွေလည်း ရှိနေတယ်။ ပြန်လက်မခံပြန်ရင်လည်း မေးခွန်းထုတ်တာတွေရှိတာပေါ့။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းရဲ့ အမြင်အယူအဆတွေကို သတိထားဖို့လိုသလို ပြည်ပရဲ့ ဖိအားတွေလည်း ရှိနေတာကိုး။ ကိုယ့်နိုင်ငံက ဖိအားကို မခံနိုင်အောင် အလုပ်နဲ့ သက်သေပြရမယ်။

**အမြင်စောင်းနေတာ**

ကျွန်တော်တို့မှာ ပြည်တွင်းမီဒီယာ အနေအထားအနေနဲ့ နိုင်ငံတကာမီဒီယာကို မလွှမ်းနိုင်ဘူး။ နိုင်ငံတကာမီဒီယာမှာ ဖော်ပြတဲ့ သတင်းတွေက ပုံစံတွေ တစ်မျိုးဖြစ်နေတယ်။ အဲဒီပုံစံတွေကြောင့် ကိုယ့်နိုင်ငံပေါ်မှာ အမြင်တွေ မကြည်လင်တာတွေ၊ အမြင်စောင်းနေတာတွေဖြစ်တယ်။ အဲဒီတော့ အခု ကျွန်တော်တို့က အလုပ်နဲ့ပဲ ပြမယ်ဆိုတဲ့အပြင် မဟာဗျူဟာတစ်ခုအနေနဲ့ အပြင်မှာ ထွက်ပြီးတော့ ပြောကြည့်မယ်၊ ကိုယ့်နိုင်ငံရဲ့ အနေအထားက ဒီလိုရှိတယ်၊ အဲဒါတော့ ပကတိအခြေအနေပဲ။ ရိုးရိုးရှင်းရှင်းပဲ။ ဖြစ်လာတဲ့အကြောင်းအရင်းက ဘယ်လိုပါ၊ သူတို့စွပ်စွဲသလို အစွန်းရောက်တဲ့ပုံစံမျိုး မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီလိုပြောလို့မရဘူး၊ လုပ်ငန်းနဲ့ပြမှရမယ်။ နှစ်ပိုင်းပေါ့။ အလုပ်နဲ့ ကိုယ်တတ်နိုင်သမျှ ပြရမယ်။

> ❝ ကျွန်တော်တို့မှာ ပြည်တွင်းမီဒီယာ အနေအထားအနေနဲ့ နိုင်ငံတကာ မီဒီယာကို မလွှမ်းနိုင်ဘူး။ နိုင်ငံတကာ မီဒီယာမှာ ဖော်ပြတဲ့ သတင်းတွေက ပုံစံတွေ တစ်မျိုးဖြစ်နေတယ်။ အဲဒီပုံစံတွေကြောင့် ကိုယ့်နိုင်ငံပေါ်မှာ အမြင်တွေ မကြည်လင်တာတွေ၊ အမြင်စောင်းနေတာတွေ ဖြစ်တယ်။ အဲဒီတော့ အခု ကျွန်တော်တို့က အလုပ်နဲ့ပဲ ပြမယ်ဆိုတဲ့အပြင် မဟာဗျူဟာတစ်ခုအနေနဲ့ အပြင်မှာ ထွက်ပြီးတော့ ပြောကြည့်မယ်၊ ကိုယ့်နိုင်ငံရဲ့ အနေအထားက ဒီလိုရှိတယ်၊ အဲဒါတော့ ပကတိအခြေအနေပဲ။ ❞

ဒီနေရာမှာ ထူးခြားတဲ့ကိစ္စက အခု UEHRD လုပ်ငန်းတွေလုပ်တဲ့အခါ ဝန်ကြီးဌာနတွေ အကူအညီအရေးကြီးသလို ပုဂ္ဂလိကကဏ္ဍရဲ့ လှုပ်ရှားမှုက အရေးကြီးတယ်။ သူတို့တွေက နိုင်ငံ့အရေးကို တကယ့်ကို ဦးထိပ်ထားတဲ့အတွက် "ကျွန်တော်တို့ ဘာလုပ်မလဲ၊ ကျွန်တော်တို့ နောက်ကနေပါပြီး လုပ်ပေးမယ်"ဆိုပြီး ပါလာတယ်။ တချို့တွေ ထင်တာကတော့ လုပ်ငန်းရှင်ကြီးတွေက ဒီအခွင့်အရေးတွေကို ယူမယ်၊ ဒီနေရာက အခွင့်အရေးတွေယူမယ် အဲဒီလိုထင်နေတာ။ ကျွန်တော်တို့က အစကတည်းက ပြောထားတာ။ ဒီအခွင့်အရေးတွေယူမယ်ဆို အစကတည်းက ထွက်လို့ ပြောထားတယ်။

**ပုဂ္ဂလိကတွေရဲ့အင်အား**

ဒီလိုအခွင့်အရေးပေးနိုင်တဲ့ အနေအထားမရှိဘူး။ အကူအညီပဲ တောင်းတာ။ သူတို့ဘာလုပ်လဲဆိုရင် အခုဆို ဆောက်လုပ်ရေးလုပ်တဲ့အခါမှာ ရန်ကုန်က ကုမ္ပဏီကြီးတွေ၊ မန္တလေးက ကုမ္ပဏီကြီးတွေ တစ်ခုမှမပါဘူး။ အဲဒီကုမ္ပဏီတွေက ဘာလုပ်ပေးလဲဆိုရင် အရည်အသွေးတွေ ထိန်းပေးတယ်။ ဆောက်တဲ့ အဆောက်အအုံတွေဟာ စံချိန်စံညွှန်းနဲ့ ညီ၊ မညီ စစ်တယ်။ လုပ်ပေးတာ ဘယ်သူတွေက လုပ်ပေးသလဲဆိုရင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# ပြည်သူလိုအပ်ချက်နှင့် အစိုးရဆောင်ရွက်ချက်တို့အကြား ဟန်ချက်ညီရန် ကြိုးပမ်းနေသည့် နိုင်ငံပိုင်သတင်းစာများ

ခင်ရတနာ

ပြောင်းလဲလာသည့် ဒီမိုကရေစီခရီးရှည်အတွင်း အရာအားလုံးသည် လိုက်ပါပြုပြင်ပြောင်းလဲမှသာ ခေတ်စနစ်နှင့် အံဝင်ခွင်ကျ ဖြတ်သန်းနိုင်မည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည်လည်း ခေတ်စနစ်နှင့်အညီ နိုင်ငံပိုင်သတင်းစာများအား အသွင်သစ်၊ အမြင်သစ်၊ ဖန်တီးမှုအသစ်၊ နည်းပညာအသစ်များဖြင့် ကြိုးစားအသွင်ကူးပြောင်းလျက်ရှိသည်။

**ဒစ်ဂျစ်တယ်သတင်းစာ**

အစိုးရသက်တမ်း နှစ်နှစ်ပြည့်မြောက်ချိန်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် အစိုးရ၏ လုပ်ဆောင်ချက်များ၊ ပြည်သူထံ အသိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရုံသာမက အဓိက တိုးတက်မှုအနေဖြင့် သတင်းအချက်အလက်များကို အချိန်မဆိုင်း ပြည်သူထံ အရောက်ပို့ပေးနိုင်သည့် ဒစ်ဂျစ်တယ်သတင်းစာကို ၁၁-၁-၂၀၁၈ ရက်နေ့တွင် အောင်မြင်စွာ ထုတ်လွှင့်နိုင်ခဲ့ပြီဖြစ်သည်။

“ပုံနှိပ်မီဒီယာဟာ လက်ရှိမှာ ဈေးကွက်ခိုင်မာဆဲဖြစ်ပေမယ့် အနေးနဲ့အမြန်ဆိုသလိုပဲ ဒစ်ဂျစ်တယ်က ကျော်တက်သွားမှာပါ။ ဒါတွေကို အမီလိုက်နိုင်ဖို့အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ Myanmar Digital News ကို စတင်မိတ်ဆက်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းမှာ ဖြစ်ပျက်သမျှ သတင်းစုံနဲ့တကွ အစိုးရရဲ့ ထုတ်ပြန်ချက်တွေ၊ အသိပေးချက်တွေ၊ ဖော်ပြချက်တွေ အားလုံးကို အချိန်နဲ့တစ်ပြေးညီ တင်ဆက်ပေးဖို့ လုပ်ဆောင်နေပါတယ်၊ ဒစ်ဂျစ်တယ်သတင်းစာဖြစ်တဲ့ အတွက် ပြည်သူတွေရဲ့အသံ၊ နိုင်ငံတော်ရဲ့အသံကို ကမ္ဘာတစ်ဝန်းလုံးက သိရှိနိုင်အောင် အချိန်မဆိုင်း တင်ဆက်နိုင်မှာဖြစ်ပါတယ်”ဟု သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဒစ်ဂျစ်တယ်သတင်းစာတွင် သတင်းထူး၊ သတင်းဦးများအား အချိန်နှင့်တစ်ပြေးညီ တင်ဆက်လျက်ရှိသည့် နည်းတူ စာမျက်နှာအရဖြစ်စေ၊ အချိန်အကန့်အသတ်အရဖြစ်စေ တင်ဆက်ရန်ခက်ခဲသည့်သတင်းများ၊ ဓာတ်ပုံများ၊ ရုပ်သံလှုပ်ရှားမှုများကို အမြန်ဆုံး ဖော်ပြပေးနေကြောင်း သိရပြီး အွန်လိုင်းတွင်ရှိသည့် အခြားပြင်ပမီဒီယာများနည်းတူ အင်တာနက်မှ စာဖတ်ပရိသတ်များအတွက် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်းစီးဆင်းမှုလမ်းကြောင်း**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် သက်တမ်း ၁၀၀ ကျော် ကြာမြင့်နေပြီဖြစ်သည့် မြန်မာ့အလင်းသတင်းစာ၊ သက်တမ်း ၆၀ ကျော်ခဲ့ပြီဖြစ်သည့် ကြေးမုံသတင်းစာနှင့် Joint Venture အဖြစ် ဆောင်ရွက်သော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသည့် Global New Light of Myanmar သတင်းစာတို့အပြင် ယခုအစိုးရသက်တမ်း နှစ်နှစ်တာအတွင်း ဒစ်ဂျစ်တယ်သတင်းစာဖြစ်သည့် Myanmar Digital News ကိုပါ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

မကြာမီကာလအတွင်း သတင်းစီးဆင်းမှုလမ်းကြောင်းကိုလည်း ဒစ်ဂျစ်တယ်သတင်းစာ Myanmar Digital News မှ စတင်စေပြီး နိုင်ငံပိုင်ပုံနှိပ်သတင်းစာများထံ ပြန်လည်စီးဆင်းသည့် နည်းလမ်းကို ကျင့်သုံး၍ သတင်းများ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြနိုင်ရေးအတွက် ပြောင်းလဲကျင့်သုံးနိုင်ရန် ကြိုးစားအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း MDN တာဝန်ခံ ဦးဟန်လင်းအောင်က ပြောကြားသည်။

Myanmar Digital News ကို www.mdn.gov.mm အမည်ဖြင့် online မှ ဖတ်ရှုနိုင်ကြောင်း၊ မိုဘိုင်းဖုန်းများဖြင့်လည်း ဖတ်ရှုနိုင်ရန် Myanmar Digital News အမည်ဖြင့် အခမဲ့ဒေါင်းလုတ်ရယူနိုင်ကြောင်း၊ မြန်မာစာလုံး ယူနီကုတ်နှင့် ဇော်ဂျီ နှစ်မျိုးစလုံးဖြင့် ဖတ်ရှုနိုင်ပြီး http:/bit.ly/MDNAndroid (Android) နှင့် http:/bit.ly/MDNmobile (iOS) တို့တွင်လည်း လွယ်ကူစွာ အသုံးပြုနိုင်ကြောင်း သိရသည်။

Myanmar Digital News အတွက် သတင်းများကို ရွေးချယ်စုဆောင်းနိုင်ရန် အယ်ဒီတာအဖွဲ့က ၂၄ နာရီ ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် သတင်းထူးများကို တင်ဆက်နေကြောင်း သိရသည်။ နောက်ဆုံးရသတင်းကဏ္ဍတွင် မြန်မာနှင့် ကမ္ဘာအရပ်ရပ်ရှိ နောက်ဆုံးရသတင်းများကို ရုပ်သံဖိုင်များ၊ ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ အင်္ဂလိပ်ဘာသာကဏ္ဍတွင်လည်း သတင်းများကို တင်ဆက်ထားသည့်အပြင် ရုပ်သံကဏ္ဍအဖြစ် သီးခြားရုပ်သံအင်တာဗျူးများ၊ သတင်းများကို တင်ဆက်ပေးလျက်ရှိသည်။

သတင်းစာအရည်အသွေးများ ပြည့်ဝပြီး သတင်းခန်း တာဝန်ယူမှု၊ တာဝန်ခံမှု မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် သတင်းများ ရရှိနိုင်ရေးအတွက် သတင်းထောက်များ၊ အယ်ဒီတာများ၊ ဝန်ထမ်းများအတွက် တွေ့ဆုံဆွေးနွေးခြင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းများပေးခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ပြည်ပသတင်းစာပညာသင်တန်းများသို့ စေလွှတ်ခြင်းများ ပြုလုပ်ပေးနိုင်ခဲ့ပြီး အင်္ဂလိပ်စာအရည်အသွေးတိုးတက်စေရန် ရည်ရွယ်ကာ အင်္ဂလိပ်ဘာသာစကားသင်တန်းများကို လည်းကောင်း၊ အိုင်တီနည်းပညာများ တိုးပွားစေရန်အတွက် ကွန်ပျူတာနှင့် နည်းပညာ၊ ဒီဇိုင်းပညာသင်တန်းများကို လည်းကောင်း ဌာနတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ရန် ဖော်ပြပေး**

နိုင်ငံတကာသတင်းများကို ပြည်တွင်းသတင်းများနည်းတူ သုံးသပ်ဝေဖန် ထောက်ပြခြင်းနှင့် သတင်းဦးများ အလျင်အမြန်ဆုံးရရှိနိုင်ရေးအတွက် နိုင်ငံတကာသတင်းဌာနကြီးများနှင့်ချိတ်ဆက်ကာ သတင်းများ ဝယ်ယူအသုံးပြုခြင်း၊ အပြန်အလှန် ဖလှယ်၍ အသုံးပြုခြင်းများကို အစိုးရသစ်သက်တမ်း ဒုတိယ တစ်နှစ်တာအတွင်း ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာ ထူးခြားဖြစ်စဉ်များကိုလည်း သတင်းစာများတွင် ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ရန် ဖော်ပြပေးခဲ့ကြောင်း သိရသည်။



**သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနိုင်ရန် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် Myanmar Digital News ကို ဆောင်ရွက်လျက်ရှိသည်။**

> “နိုင်ငံပိုင်သတင်းစာများသည် သတင်းဦးဖော်ပြနိုင်မှု အားနည်းနေသည်ကို တွေ့ရသော်လည်း သတင်းစာဖတ်သူများ၏ အမြင်၊ သတင်းစာအပေါ် ယုံကြည်မှု၊ သတင်းစာ အပေါ် ခံယူမှုများသည်လည်း မတူညီကြဘဲ နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြပါရှိမှု အားလုံးသည် အစိုးရကို ကိုယ်စားပြုသည်ဟူသည့် အမြင်များကိုလည်း တွေ့ရသည်။ နိုင်ငံအတွက် အကျိုးရှိစေမည့် သတင်းများ၊ မဖြစ်မနေပါဝင်သင့်သည့် သတင်းများကို ဦးစားပေးဖော်ပြလျက်ရှိပြီး အစိုးရ၏ လုပ်ဆောင်မှုများနှင့် ရည်မှန်းချက်များ၊ မူဝါဒများ၊ ဌာနဆိုင်ရာများမှ ထုတ်ပြန်ချက်များနှင့် ပြည်သူအတွက် ပြန်ကြားချက်၊ အသိပေးချက်များ၊ ဥပဒေများနှင့် နည်းဥပဒေများ၊ ဥပဒေမူကြမ်းများကိုလည်း တင်ဆက်ပေးလျက်ရှိသည်”

“နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့အတွက် နိုင်ငံအတွက် အကျိုးရှိစေတဲ့ သတင်းတွေ၊ ပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းတွေနဲ့ အစိုးရက ပြန်လည်သတိထားပြီး ဆောင်ရွက်စေလိုတဲ့ သတင်းတွေကို ဖော်ပြပေးဖို့ ကြိုးစားနေပါတယ်၊ ဒါပေမယ့် ဖော်ပြတဲ့နေရာမှာ နိုင်ငံပိုင်သတင်းစာတွေဖြစ်နေတဲ့အတွက် ပဋိပက္ခဖြစ်စေနိုင်မယ့် သတင်းတွေ၊ အငြင်းပွားနိုင်မယ့် သတင်းတွေနဲ့ ပြည်သူတွေအကြား လိုရာကောက်ချက်ဆွဲနိုင်မယ့် သတင်းအရေးအသားမျိုးမဖြစ်အောင် သတိထားရှောင်ကြဉ်ပြီး အများအယွင်းကင်းနိုင်သမျှ အကင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဟာ ပြည်သူနဲ့အစိုးရအကြား ပေါင်းကူးပေးနေပြီး မြန်မာစာ စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါမှန်ကန်မှုနဲ့ စကားလုံးရွေးချယ်မှုကအစ သတိထားပြီး အမှားအယွင်းမရှိအောင် ဝန်ထမ်းတိုင်းက ကြိုးစားဆောင်ရွက်နေကြပါတယ်၊ မှန်ကန်တဲ့ သတင်းအချက်အလက်၊ အတွေးအမြင်တွေကို ဖော်ပြခြင်းနဲ့ အများပြည်သူကို ဝန်ဆောင်မှုပေးနေပါတယ်၊ တစ်ခါတစ်ရံ သတင်းစာမှာ အမှားအယွင်းတွေပါရှိသွားတာကိုလည်း အမြန်ဆုံး ကုစားပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်”ဟု ဦးဟန်လင်းအောင်က ပြောကြားသည်။

ထိုသို့သော မူဝါဒများချမှတ်ကာ ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် နှစ်နှစ်တာအတွင်း သတင်းစာမျက်နှာများပေါ်တွင် ပြည်သူတို့ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ကဏ္ဍများ ခွဲဝေကာ ပိုမိုထည့်သွင်းလာနိုင်ခဲ့သည့်အပြင် ထူးခြားသတင်းများ၊ စက်ရုပ်သတင်းများ၊ သတင်းသုံးသပ်ချက်များ၊ စာဖတ်သူအသံများ၊ သတင်းဆောင်းပါးများနှင့် ပညာပေးဆောင်းပါးများစွာကို ယခုနှစ်များအတွင်း ပိုမိုထည့်သွင်း ဖော်ပြလာနိုင်ခဲ့ကြောင်း သိရသည်။

နေ့စဉ် အသိပညာပေး ဆောင်းပါးပေါင်း သုံးပုဒ်မှ ငါးပုဒ်အတွင်း သတင်းစာများက ဖော်ပြပေးနေကြပြီး သတင်းဆောင်းပါး၊ သုံးသပ်ချက်နှင့် အယ်ဒီတာ့အာဘော်များ၊ ထုတ်ပြန်ချက်များ၊ သတိပေးချက်များ နေ့စဉ်ပါရှိသည့်အပြင် နေ့စဉ် သတင်းပုဒ်ရေ ၄၀ မှ ၆၀ အကြား ဖော်ပြပေးနိုင်သဖြင့် ပြည်သူများ၏ နေ့စဉ် သတင်းလိုအပ်ချက်ကို ဖြည့်တင်းနိုင်သည့် သတင်းစာများ ဖြစ်ကြောင်း သိရသည်။

**ကဏ္ဍများစွာ**

စာဖတ်ပရိသတ်များ၏ တောင်းဆိုမှုနှင့် ဈေးကွက်လိုအပ်ချက်အရ ကဏ္ဍများစွာကိုလည်း အစိုးရသက်တမ်း နှစ်နှစ်တာအတွင်း ထည့်သွင်းဖော်ပြထားသည်။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသားလူငယ်များအားထားသည့် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ၊ ကလေးများ အပတ်စဉ် စောင့်စားဖတ်ရှုကြသည့် တနင်္ဂနွေကာတွန်း၊ ပြည်သူများ မိမိတို့ သဘောထားအမြင်များကို ဖော်ပြနိုင်သည့် ပြည်သူ့သဘောထားစင်မြင့်၊ ဒေသအသီးသီးရှိ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ထင်သာမြင်သာပြုပြင်စရာနှင့် စာတည်းထံပေးစာ၊ ဥပဒေနှင့် ပတ်သက်သည့် အချက်အလက်များအား ပြည်သူများ သတိပြုနိုင်ရန် ဥပဒေအတွေး ရေးပါရစေ၊ တနင်္ဂနွေစာမျက်နှာများဖြစ်သည့် အခွင့်အလမ်းဖွေရှာ ဘဝအတွက်တာ၊ ခရီးသွားဆောင်းပါးနှင့် ရိုးရာအားကစားစာမျက်နှာများ၊ အနယ်နယ်အရပ်ရပ်ရှိ ဒေသများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်မွေးစီးပွားစာမျက်နှာ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အားကစားဝါသနာရှင်များအတွက် လူမှုစီးပွား အားကစားစသည့် အစီအစဉ်များကိုလည်း အပတ်စဉ် ထည့်သွင်းဖော်ပြလျက်ရှိသည်။

အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်း ရန်ကုန်သူ ရန်ကုန်သားများအတွက် သတင်းအချက်အလက်များ၊ ခံစားမှုများ၊ ရင်တွင်းဆန္ဒများနှင့် အခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် Today Yangon ယနေ့ရန်ကုန်အချပ်ပိုစာမျက်နှာကို လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ သွေးချင်းများအတွက် ရခိုင်ရွှေမြေ အချပ်ပို စာမျက်နှာကိုလည်းကောင်း၊ ရခိုင်ဘာသာဖြင့် ရှိုပြည်ရခိုင်ပုံရိပ်၊ ကချင်ဘာသာ၊ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာများဖြင့် သတင်းများကို ရိုက်နှိပ်ဖော်ပြခြင်းဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ မပျောက်ကွယ်ရေးကို ရှေးရှုကာ တိုင်းရင်းသားအချပ်ပို စာမျက်နှာကို လည်းကောင်း၊ မန္တလေးမြို့နှင့် အထက်မြန်မာပြည်အကြောင်းအရာများကို ပိုမိုအလေးပေးထားသည့် မန္တလေးစာမျက်နှာကို လည်းကောင်း အချပ်ပိုများအဖြစ် အပတ်စဉ် ထည့်သွင်းထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်သတင်းစာများသည် သတင်းဦးဖော်ပြနိုင်မှု အားနည်းနေသည်ကို တွေ့ရသော်လည်း သတင်းစာဖတ်သူများ၏ အမြင်၊ သတင်းစာအပေါ် ယုံကြည်မှု၊ သတင်းစာအပေါ် ခံယူမှုများသည်လည်း မတူညီကြဘဲ နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြပါရှိမှု အားလုံးသည် အစိုးရကို ကိုယ်စားပြုသည်ဟူသည့် အမြင်များကိုလည်း တွေ့ရသည်။ နိုင်ငံအတွက် အကျိုးရှိစေမည့် သတင်းများ၊ မဖြစ်မနေ ပါဝင်သင့်သည့်သတင်းများကို ဦးစားပေးဖော်ပြလျက်ရှိပြီး အစိုးရ၏လုပ်ဆောင်မှုများနှင့် ရည်မှန်းချက်များ၊ မူဝါဒများ၊ ဌာနဆိုင်ရာများမှ ထုတ်ပြန်ချက်များနှင့် ပြည်သူအတွက် ပြန်ကြားချက်၊ အသိပေးချက်များ၊ ဥပဒေများနှင့် နည်းဥပဒေများ၊ ဥပဒေမူကြမ်းများကိုလည်း တင်ဆက်ပေးလျက်ရှိသည်။

**နှစ်စဉ်ရရှိတဲ့အမြတ်ငွေ**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်အစိုးရ၏ အောင်မြင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် တစ်ခုလည်းဖြစ်သည်။ “သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ စက္ကူကုန်ကြမ်းတင်သွင်းတာ၊ သယ်ယူပို့ဆောင်တာ၊ စက်ပစ္စည်းဝယ်ယူတာ စတဲ့လုပ်ငန်းတွေမှာ အခြားလုပ်ငန်းတွေနည်းတူ ကုန်သွယ်ခွန်၊ ဝင်ငွေခွန် အတိအကျ နိုင်ငံတော်ကို ပေးသွင်းလျက်ရှိပါတယ်၊ လက်ရှိမှာ လုပ်ငန်းသုံး ရင်းနှီးငွေအတွင်းကနေ ပြန်လည်ထုတ်ယူသုံးစွဲနိုင်တဲ့ ဌာနတစ်ခုဖြစ်လာတဲ့အတွက် ယခင်နှစ်တွေကလို ပြည်ထောင်စုရန်ပုံငွေစာရင်းခေါင်းစဉ်ကနေ ကျခံသုံးစွဲခြင်း မပြုတော့ပါဘူး၊ လုပ်ငန်းသုံးရင်းနှီးငွေကိုတော့ နှစ်စဉ်ရရှိတဲ့ အမြတ်ငွေကနေ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ပြန်လည်ထည့်ဝင်စုဆောင်းထားတဲ့စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါတယ်၊ နိုင်ငံပိုင်သတင်းစာများဖြစ်သည့်အားလျော်စွာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမူဝါဒနှင့်အညီ လျာထားငွေများရရှိအောင် ဆောင်ရွက်ခြင်းအပြင် အရှုံးမရှိစေရေးကိုလည်း ဆောင်ရွက်ရပါတယ်”ဟု စီမံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံပိုင်ပုံနှိပ်မီဒီယာများဖြစ်ကြသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် Joint Venture အဖြစ် ဆောင်ရွက်နေသည့် Global New Light of Myanmar သတင်းစာ၊ နိုင်ငံပိုင်အွန်လိုင်းမီဒီယာဖြစ်သည့် Myanmar Digital News တို့သည် သတင်းစာကျင့်ဝတ်များ၊ နိုင်ငံပိုင်မီဒီယာများအတွက် သီးခြားထုတ်ပြန်ထားသည့် ကျင့်ဝတ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းမျဉ်းစည်းကမ်းများစွာအတွင်းမှ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သတင်းထူး၊ သတင်းဦးများ ဖတ်ရှုနိုင်ရေးနှင့် စိန်ခေါ်မှုများစွာ ပြည့်နှက်နေသည့် မြန်မာ့နိုင်ငံရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီးအတွက် မှန်ကန်သည့် သတင်းများ၊ ရိုးသားသည့် သတင်းချဉ်းကပ်ပုံများနှင့် တိကျသည့် အချက်အလက်များကို ဖော်ပြပေးလျက်ရှိသည်။ စာမျက်နှာတိုင်း၊ သတင်းတိုင်းသည် ပြည်သူနှင့် နိုင်ငံတော်အတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒအတိုင်း ကြိုးစားအားဖြည့်ပေးလျက် ရှိနေပါကြောင်း။ ။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့နိုင်ငံအကြီးအကဲများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**ယူကရိန်းနိုင်ငံ**

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ယူကရိန်းပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ယူကရိန်းသမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကိုက သဝဏ်လွှာပေးပို့သည်။

အဆွေတော်၏ စွမ်းဆောင်မှုဖြင့် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်နှင့် ဒီမိုကရေစီတန်ဖိုးများ မြှင့်တင်နိုင်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုများရှိလာမည်ဟု ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမည်ဟု မျှော်လင့်ပါသည်။ အဆွေတော်အနေဖြင့် တာဝန်ဝတ္တရားများကို အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

**ဖင်လန်သမ္မတနိုင်ငံ**

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဖင်လန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဆူလီနီနစ်တိုက သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည့် နိုင်ငံများဖြစ်ကြပါသည်။ ဖင်လန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံပါကြောင်းနှင့် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လာအိုပြည်သူများနှင့် အစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့သည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများသည် တိုးတက်လာမည်ဟု ယုံကြည်ပါသည်။ နှစ်နိုင်ငံကြား တည်ရှိနေသောဆက်ဆံရေး ဆက်လက်တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်များအတွက် အဆွေတော်နှင့် အနီးကပ် ပူးပေါင်းလုပ်ဆောင်ရန် အဆင်သင့်ရှိပါသည်။ အဆွေတော်အနေဖြင့် မြန်မာပြည်သူများ၏ ကြွယ်ဝတိုးတက်ရေးအတွက် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အဆွေတော်အား တစ်ခဲနက်ထောက်ခံရွေးချယ်ခဲ့သည်ကို ကြားသိရသည့်အတွက် အလွန်အမင်းဝမ်းမြောက်ပါကြောင်း ပြောကြားလိုသည်။

မြန်မာနိုင်ငံသမ္မတတစ်ဦးအနေဖြင့် အဆွေတော်၏ ဦးဆောင်လမ်းပြမှုများသည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ နှစ်နိုင်ငံပြည်သူပြည်သားများ၏ ကောင်းကျိုးအတွက် လွန်စွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အဆွေတော်အနေဖြင့် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် စိတ်ချမ်းသာ၊ လူကျန်းမာပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

မြန်မာနိုင်ငံသမ္မတရွေးကောက်ပွဲတွင် အဆွေတော်အား သမ္မတအဖြစ် ရွေးကောက်ခဲ့ခြင်းအတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်အာခါမိုနာ ဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်က သဝဏ်လွှာပေးပို့သည်။

အဆွေတော်၏ ယခင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းရွက်ခဲ့စဉ်က တိုင်းပြည်နှင့် လူမျိုးအပေါ် ထားရှိသည့်စေတနာများ ရောင်ပြန်ဟပ်သည့်အနေဖြင့် မြန်မာပြည်သူများက အဆွေတော်အား ယုံကြည်အားထားကာ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ အဆွေတော်၏ ဦးဆောင်လမ်းပြမှုအောက်တွင် မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိကာ ကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုပါသည်။ မြန်မာနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်လျက်ရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များကို နှစ်နိုင်ငံပြည်သူများရရှိခံစားလျက်ရှိသည့်အတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းသာမိပါသည်။ အနာဂတ်တွင်လည်း နှစ်နိုင်ငံချင်းသာမက အာဆီယံအသိုက်အဝန်း ဒေသတွင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန် အဆွေတော်နှင့်သာမက မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့်ပါ ဆောင်ရွက်ရန် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံ့အကျိုးကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။ ။

**ကြေးမုံ**

---

❖ စာမျက်နှာ ၅ မှ

ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ စစ်တွေက လူတွေ၊ မောင်တောက လူတွေဖြစ်ပါတယ်။ အဲဒါဆိုတော့ သိပ်အားရတယ်၊ ပုဂ္ဂလိကတွေရဲ့ အင်အားပေါ့။

**လုံခြုံရေး ရှေ့တန်းတင်**

နိုင်ငံမှာ နိုင်ငံတော်အစိုးရက အရေးကြီးသလို ပုဂ္ဂလိကကလည်း အရေးကြီးတယ်။ အရပ်ဘက်အဖွဲ့အစည်းကလည်း အရေးကြီးတယ်။ ကျွန်တော်တို့က သက်သေပြချင်တယ်။ တစ်ခုရှိတာက ယုံကြည်မှုတည်ဆောက်ရမှာပေါ့။ ဒီနေရာမှာ တစ်ဖက်က တိုင်းရင်းသားတွေရဲ့အမြင်ကို ပြန်ကြည့်ရပြန်ရော။ ရခိုင်တိုင်းရင်းသားတွေရဲ့အမြင်၊ သူတို့ရဲ့ စိုးရိမ်စိတ်တွေ တစ်ခါတလေ ကျွန်တော်တို့ သာမန်အားဖြင့် မေ့နေလေ့ရှိတာတစ်ခုက ရခိုင်ပြည်နယ်သည် နယ်စပ်ဖြစ်တယ်။ နိုင်ငံတကာမှာ နယ်စပ်ဆိုရင် များသောအားဖြင့် အချုပ်အခြာအာဏာကို ထိပါးဖို့ တော်တော်လေးသတိထားရတာ။ လုံခြုံရေး ရှေ့တန်းတင်ရတဲ့နေရာ။ ဒါလည်း နားလည်ဖို့လိုတယ်။

နောက်တစ်ခု စီးပွားရေးမျက်စိနဲ့ကြည့်ရင် ရခိုင်ပြည်နယ် အလားအလာက အခုဆို ရခိုင်ကမ်းလွန်မှာ ဓာတ်ငွေ့တွေထွက်နေပြီ။ ရခိုင်ပြည်နယ်မှာ ပင်လယ်လုပ်ငန်းနဲ့ပတ်သက်လို့ ငါးဖမ်းကိစ္စတွေ အများကြီး အခုထက်ပိုပြီး ထူးပြီးလုပ်နိုင်တယ်။ အခုလက်ရှိ UEHRD က ကြိုးစားနေတဲ့ ရခိုင်ပြည်နယ် မြောက်ဦးမှာ လေယာဉ်ကွင်းဆောက်နိုင်ရင် ကမ္ဘာလှည့်ခရီးသည်တွေ

> **❝ စီးပွားရေးမျက်စိနဲ့ကြည့်ရင် ရခိုင်ပြည်နယ် အလားအလာက အခုဆို ရခိုင်ကမ်းလွန်မှာ ဓာတ်ငွေ့တွေထွက်နေပြီ။ ရခိုင်ပြည်နယ်မှာ ပင်လယ်လုပ်ငန်းနဲ့ပတ်သက်လို့ ငါးဖမ်းကိစ္စတွေ အများကြီး အခုထက်ပိုပြီး ထူးပြီးလုပ်နိုင်တယ်။ အခုလက်ရှိ UEHRD က ကြိုးစားနေတဲ့ ရခိုင်ပြည်နယ် မြောက်ဦးမှာ လေယာဉ်ကွင်းဆောက်နိုင်ရင် ကမ္ဘာလှည့်ခရီးသည်တွေ လွယ်လွယ်ကူကူသွားနိုင်မယ်။ အခုဆိုရင် စစ်တွေကနေ မြောက်ဦးသွားဖို့ တော်တော်ပင်ပန်းတယ်လေ။ ပလီလိုဟာမျိုးမှာ တကယ့်ကို အရှေ့တောင်အာရှမှာ အင်မတန်ရှားတဲ့ ကမ်းခြေတစ်ခုမှာ လေယာဉ်က အသေးလေးတွေပဲ ဆင်းလို့ရတယ်။ အကယ်၍များ . . .**

လွယ်လွယ်ကူကူသွားနိုင်မယ်။ အခုဆိုရင် စစ်တွေကနေ မြောက်ဦးသွားဖို့ တော်တော်ပင်ပန်းတယ်လေ။ ပလီလိုဟာမျိုးမှာ တကယ့်ကို အရှေ့တောင်အာရှမှာ အင်မတန်ရှားတဲ့ ကမ်းခြေတစ်ခုမှာ လေယာဉ်က အသေးလေးတွေပဲ ဆင်းလို့ရတယ်။ အကယ်၍များ အဲဒါကိုချဲ့နိုင်ရင် ကမ္ဘာလှည့်ခရီးသည်တွေ အများကြီးရမှာ။ ဒါတွေအားလုံးဟာ ဘာအတွက်လဲလို့ စဉ်းစားရင် အလုပ်အကိုင်အခွင့်အရေးအတွက် ဖြစ်ပါတယ်။ သူဌေးတွေ ချမ်းသာဖို့ထက် သူဌေးတွေ၊ လုပ်ငန်းရှင်တွေရဲ့ လုပ်ငန်းဖော်တဲ့အပေါ်မှာ မူတည်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမယ်။ ဒါကို ကျွန်တော်တို့ ကြိုးစားနေတယ်။

တစ်ဖက်က နိုင်ငံတကာအကူအညီတွေဝင်လာအောင် အခုနိုင်ငံတော်အစိုးရကလည်း UN အဖွဲ့အစည်းတွေ၊ NGO အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ညှိနှိုင်းတိုင်ပင်နေတယ်။ ဘယ်ပုံဘယ်နည်း ကူညီမလဲ။ သူတို့ကူညီတာတွေကို နိုင်ငံတော်အစိုးရက အစွမ်းကုန်စိစစ်တယ်။ တစ်ဖက်ကလည်း နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဖို့ ကြိုးစားနေတယ်။ Business to Business ပေါ့။ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ကိုယ့်ဆီက စီးပွားရေးလုပ်ငန်းရှင်များနဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း၊ အစိုးရအချင်းချင်း ချိတ်ထားတာလည်း တစ်ပိုင်းပေါ့။ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီးတော့ ရခိုင်ပြည်နယ်သည် ရင်းနှီးမြှုပ်နှံဖို့ကောင်းတဲ့၊ အခွင့်အရေးကောင်းကောင်းရှိတဲ့ နေရာဖြစ်တယ်ဆိုတာကို ဖိတ်ခေါ်ရမယ်။ တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့က လုံခြုံရေးကောင်းကောင်းပေးဖို့တော့ အာမခံရမှာပေါ့။

**အလုပ်အကိုင် အခွင့်အလမ်း**

လတ်တလောမှာ သတင်းတွေမှာပါသလို ပြန်လာဖို့က အရေးကြီးတယ်။ ပြန်မလာရင် စိန်ခေါ်မှုက ပိုများလာတယ်။ တချို့တွေ ပြန်မလာဘဲ ထိုင်းနိုင်ငံကိုလှေနဲ့သွားတယ်။ ဒီနေ့မနက် သတင်းတွေမှာပါတယ်။ မလေးရှားကို သွားတာတို့၊ ဒီကနေရွှေ့သွားတဲ့သူတွေဖြစ်တယ်လို့ မီဒီယာတွေထဲမှာပါရင် ကျွန်တော်တို့အနေနဲ့ ပိုပြီးသတိထားဖို့လိုတယ်။ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သမျှ သူတို့ ပြန်လာနိုင်အောင်၊ ပြန်လာချင်အောင် အစကတည်းက အာမခံထားတာက သုံးခုရှိတယ်။

လုံခြုံမှုရှိအောင် လုံခြုံရေးတတ်နိုင်သမျှ လုပ်ပေးမယ်။ နောက်တစ်ခုက ပြန်လာတဲ့အခါမှာလည်း ဖိအားပေးတာမျိုးမဟုတ်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်စိတ်၊ ကိုယ့်သဘောနဲ့ ပြန်လာဖို့လိုတယ်။ ပြန်လာပြီးတဲ့အခါမှာ ဘဝကို သိက္ခာရှိရှိ ရင်ဆိုင်နိုင်အောင် အလုပ်အကိုင်အခွင့်အလမ်းတွေပေးမယ်လို့ ဒီသုံးချက်ကို နိုင်ငံတော်အစိုးရကလည်း အာမခံထားတယ်။ UEHRD အနေနဲ့ကလည်း ကိုယ်တတ်နိုင်တဲ့အပိုင်းကနေ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးတာတို့၊ ကျောင်းတွေ ဆောက်ပေးတာတို့၊ ဆေးရုံ၊ ဆေးခန်းတွေ ဆောက်ပေးတာတို့လုပ်တယ်။

**သတိထားလုပ်ကိုင်နေရ**

ရခိုင်ပြည်နယ်မှာ အများစုက ရခိုင်တိုင်းရင်းသားတွေဆိုပေမယ့် မြောက်ဘက်မှာက ရခိုင်တိုင်းရင်းသားက လူနည်းစုဖြစ်တယ်။ အများစုက ဘာသာခြားတွေဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ စဉ်းစားတဲ့အခါမှာ ရခိုင်တိုင်းရင်းသားတွေရဲ့ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေကို ထည့်တွက်ဖို့လိုသလို လူ့အဖွဲ့အစည်းတစ်ရပ် တခြားအဖွဲ့အစည်းကိုလည်း ကျွန်တော်တို့ သတိထားရမှာပေါ့။ အဲဒါကလည်း နိုင်ငံတကာအဖွဲ့အစည်းတွေက စိတ်ဝင်စားတယ်။ ကျွန်တော်တို့ အနေနဲ့ အမြဲတမ်း ဒီနှစ်ခုကို သတိထားလုပ်ကိုင်နေရတဲ့ အနေအထားရှိပါတယ်။

**မေး။ ။ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့တဲ့ နေရာတွေမှာ လက်ရှိအချိန်မှာ နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေ ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ UEHRDကလုပ်တဲ့ နေရာတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ နယ်မြေရှင်းလင်းရေးဆောင်ရွက်တာ မရှိပါဘူး။ ကျွန်တော်တို့ တွေ့တာတော့ ပြန်လည်လက်ခံရေးစခန်း၊ ကြိုဆိုရေးစခန်းတွေမှာ ပြန်လက်ခံဖို့ အဆင်သင့်ဖြစ်နေပြီ။ ပြန်လည်လက်ခံရေးစခန်း၊ ကြိုဆိုရေးစခန်း၊ ပြန်လည်နေရာချထားတဲ့ နေရာတွေ၊ တိုင်းရင်းသားကျေးရွာဆောက်နေတဲ့ နေရာတွေမှာ နယ်မြေရှင်းလင်းနေတာတွေ ဘာမှမရှိဘူး။ ဘာရှိသလဲဆိုတော့ သာမန်လုံခြုံရေးယူထားတဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေလောက်ပဲရှိတယ်။ နယ်မြေတည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိနေတယ်လို့ ပြောလို့ရပါတယ်။

**မေး။ ။ နေရပ်စွန့်ခွာသွားပြီး တစ်ဖက်နိုင်ငံကိုရောက်နေသူတွေကို လက်ရှိအချိန်မှာ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်နေမှုနဲ့ ပတ်သက်ပြီး ထပ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကတည်းက ကျွန်တော်တို့ဘက်က ပြန်လည်လက်ခံဖို့ အဆင်သင့်ဖြစ်နေပြီ။ သတင်းစာတွေထဲမှာလည်း ပါပါတယ်။ အစကတည်းက လက်မှတ်ထိုးပြီး နှစ်နိုင်ငံကတိကဝတ်ပြုပြီးကတည်းက လွယ်ကူအောင်၊ မြန်ဆန်အောင် ဖြည့်စွက်ရမယ့် ပုံစံတွေကို သူတို့ဆီပို့လိုက်တယ်။ ပြန်လာချင်တဲ့သူတွေ ပုံစံဖြည့်ပါ။ ပို့တဲ့အခါမှာလည်း ဖြည့်တဲ့ပုံစံကို အသေးစိတ်ညွှန်ကြားတယ်။ ပြန်လာဖို့ပုံစံတွေ ဖြည့်တဲ့အခါမှာလည်း လက်လွတ်စပယ် ဖြည့်လို့မရဘူး။ မိသားစုဓာတ်ပုံပါရမယ်၊ လက်ဗွေပုံစံတွေပါရမယ်ဆိုတာ အမျိုးမျိုးရှင်းပြတယ်။ တကယ်တမ်းဖြည့်ထားတဲ့ ပုံစံစာရွက်တွေ ပြန်ရတဲ့အခါမှာ မပြည့်စုံဘူး။ ကျွန်တော်တို့ ပြောထားတာကို နားမလည်လို့လား၊ မဖြည့်တတ်လို့လားဆိုတာ မပြောတတ်ဘူး။

**ဆွေးနွေးတာတွေလုပ်နေ**

အဲဒါဆိုရင်တော့ ရှိတာလေးနဲ့ လုပ်ကြည့်ရအောင်၊ အဆင်ပြေအောင် ကိုယ်လိုက်လျောနိုင်တာ လိုက်လျောပြီး လုပ်ကြည့်ရအောင်ဆိုပြီး လုပ်တယ်။ ခုန မေးတဲ့မေးခွန်းက အဆင်သင့်ဖြစ်နေပြီလားဆိုရင် ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေပါပြီ။ အဆောက်အအုံတွေလည်း အဆင်သင့်ဖြစ်တယ်၊ ဆေးရုံဆေးခန်းတွေလည်း အဆင်သင့်ဖြစ်တယ်။ အားလုံးက ဘာပြောသလဲဆိုရင် ဟိုတစ်နေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောသလို ကျွန်တော်တို့ဘက်ကတော့ အဆင်သင့်ပဲ။ သူတို့ပြန်လာခြင်း၊ မလာခြင်းကတော့ ကိုယ်လည်း ပြန်လာချင်အောင် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီးတော့ ဘာတွေလုပ်ပေးလို့ရမလဲ၊ ဘယ်လိုညှိနှိုင်းလို့ရမလဲဆိုတာ ဆွေးနွေးတာတွေ လုပ်နေပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွဋ်**



e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကား ပြောကြားစဉ်။

☆ ရွှေဖုံးမှ

e-Government ဆိုတာ တကယ်တော့ ဖြစ်မြောက်နိုင်မှာ မဟုတ်ပါဘူး။

ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်မှုတွေကျတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ အခြေအနေအရ၊ ပညာရေးစနစ်အခြေအနေအရ ဒါတွေကို စောင့်ဆိုင်းပြီးတော့ လုပ်ရမှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတာကတော့ ဒီနေ့က စပြီး လုပ်နိုင်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်မှုရှိမှလည်း e-Government ရည်ရွယ်ချက်က ထမြောက်နိုင်မှာပါ။

အဓိက ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့ပြည်သူအတွက် အကျိုးရှိဖို့ပဲဖြစ်ပါတယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး ခေတ်သစ်၊ စနစ်သစ်တွေကို မသုံးလို့လည်း မဖြစ်ပါဘူး။ အဲဒီလို မသုံးရင် ကျွန်မတို့နိုင်ငံဟာ တခြားနိုင်ငံတွေရဲ့နောက်မှာ ကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။ ဒီအထဲမှာ e-Government နဲ့ ပတ်သက်လို့ ကျွန်မကို အချက်အလက်တွေပေးထားပါတယ်။ ဒီအချက်အလက်တွေကို ကျွန်မတို့ထက် အသေးစိတ်သိမယ့် ပုဂ္ဂိုလ်တွေလည်း ဒီအစည်းအဝေးမှာ ရှိပါတယ်။

စောစောကပြောသလို ပူးပေါင်းဆောင်ရွက်ခြင်းကတော့ သိပ်အရေးကြီးပါတယ်။ တစ်ဌာနနဲ့ တစ်ဌာန ပူးပေါင်းဆောင်ရွက်မှုမရှိရင် e-Government ကိစ္စမပြောနဲ့ တခြား ကိစ္စတွေမှာလည်း မြန်သင့်သလောက် အောင်မြင်နှုန်းက မမြန်နိုင်ပါဘူး။ e- Government ဆိုတာကတော့ အစိုးရတစ်ခုလုံးနဲ့ဆိုင်တယ်။ တကယ်တော့ ပြောမယ်ဆိုရင် နိုင်ငံတော်တစ်ခုလုံးနဲ့ ဆိုင်တယ်။

e-Government လုပ်ဆောင်ခြင်းရဲ့ ရည်ရွယ်ချက်က ပြည်သူလူထုအတွက် အဆင်ပြေဖို့ဆိုတဲ့အထဲမှာ မြန်မြန်ဆန်ဆန် အလုပ်ပြီးဖို့လည်းပါတယ်။ နောက်ပြီးတော့ အဂတိလိုက်စားမှု ပပျောက်သွားဖို့လည်း ပါဝင်ပါတယ်။ တချို့ကပြောတာတော့ အဂတိလိုက်စားမှု လုံးဝပပျောက်




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

တဲ့နိုင်ငံ ဒီကမ္ဘာကြီးမှာ မရှိဘူးပေါ့။ ဒါပေမယ့်လည်း နည်းနိုင်သမျှ နည်းသွားအောင် ဦးတည်ပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။

ဒီဟာအတွက် e-Government က အများကြီး အထောက်အကူပေးနိုင်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံနဲ့ အစိုးရနဲ့ပတ်သက်လို့ပြောတာက လုပ်ငန်းတွေက နှေးကွေးတယ်၊ မြန်မြန်ဆန်ဆန်မပြီးဘူး၊ မလိုအပ်တဲ့ ကြိုးနီစနစ်တွေက ရှုပ်ထွေးနေတယ်။ ဒီဟာတွေကို ရှောင်ရှားဖို့ရာအတွက်ကို e-Government မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဖို့က အရေးကြီးပါတယ်။

တစ်ချိန်တည်းမှာပဲ ယခုခေတ်ရဲ့ တိုးတက်တဲ့ သိပ္ပံနည်းပညာတွေနဲ့ ပတ်သက်ရင် အကျိုးအမြတ်တွေရှိသလို အန္တရာယ်တွေလည်းရှိပါတယ်။ ဒီဟာတွေကိုလည်း စောစောစီးစီး သိရှိနားလည်ပြီး ဒီအန္တရာယ်တွေကနေ ရှောင်ရှားနိုင်ဖို့အတွက် သတိနဲ့စတင်ပြီး စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံး၊ လုပ်နည်းများကို ဆုံးဖြတ်သွားဖို့ အရေးကြီးပါတယ်။

ဆိုးကျိုး၊ ကောင်းကျိုးကို တစ်ချိန်လုံး ချင့်ချိန်ပြီးတော့ လုပ်သွားရမှာပါ။ ဒီ e-Government လုပ်ရင် အားလုံးကောင်းတယ်ဆိုပြီး ဒါကိုဖိပြီးတော့ လုပ်လို့လည်း မဖြစ်ပါဘူး။ ဥပမာ e-Government တင်မကဘူး၊ ခေတ်သစ်နည်းပညာတွေနဲ့ ပတ်သက်လို့ လူတိုင်း၊ လူတိုင်းရဲ့ လုံခြုံမှု၊ ပုဂ္ဂိုလ်ရေးလုံခြုံမှုတွေကို ထိခိုက်နိုင်တဲ့ အလားအလာတွေရှိတယ်ဆိုတာ အများသိပြီးသားပါပဲ။ ဒါပေမယ့်လည်း ဒီလိုအလားအလာတွေရှိတယ်ဆိုတာ သိရက်နဲ့ အခုကတည်းက ကြိုတင်ပြင်ဆင်ပြီး ကာကွယ်တာမလုပ်ရင် နောင်ကျမှ မကိုင်တွယ်နိုင်တဲ့ အဆင့်ကို ရောက်သွားနိုင်ပါတယ်။

ဒီလို နည်းပညာတွေ၊ စနစ်သစ်တွေကို အလွဲသုံးစား မလုပ်ဖို့လည်း အင်မတန် အရေးကြီးပါတယ်။ အလွဲသုံးစားမလုပ်ဖို့ဆိုတာဟာ ကျွန်မတို့ရဲ့ အစိုးရပိုင်းဆိုင်ရာကလည်း အလွဲသုံးစား မလုပ်ဖို့၊ ပြည်သူဘက်ကလည်း အလွဲသုံးစားမလုပ်ဖို့၊ ဒါကြောင့် လုပ်ငန်းအသစ်တစ်ခုကို ဖော်ဆောင်တဲ့နေရာမှာ ဟိုဘက်ဒီဘက် အဘက်ဘက်က နေကြည့်ပြီး ဆုံးဖြတ်ချက် ချစေချင်ပါတယ်။

ကိုယ်မြင်ချင်တာပဲ မြင်လို့မရပါဘူး။ လုပ်ချင်ဇောနဲ့ ဘာမဆို အောင်မြင်မယ်၊ တကယ်တော့ အောင်မြင်မယ်ဆိုတာ သေသေချာချာ စေ့စေ့စပ်စပ် လေ့လာထားလို့ မဟုတ်ပါဘူး။ လုပ်ချင်လို့၊ လုပ်ချင်တဲ့ဇောနဲ့ အားနည်းချက်တွေကို မသိချင်ယောင်ဆောင်ပြီး၊ အားသာချက်တွေကိုဖိပြီး နောင်ကျရင် ပြဿနာတွေကို မကိုင်တွယ်နိုင်တဲ့အနေအထားကို ရောက်သွားနိုင်ပါတယ်။

ဒုတိယသမ္မတ ဦးမြင့်ဆွေရဲ့ ဦးဆောင်မှုရဲ့အောက်မှာ e-Government နဲ့ ပတ်သက်လို့ ဆုံးဖြတ်ချက်တွေချတဲ့အခါ ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်မတ်မတ်လုပ်ဖို့ ကိုယ်ဘာအားသာချက်၊ ဘာအားနည်းချက်တွေရှိမလဲ။ တချို့ကိစ္စတွေက ကျွန်မတို့နိုင်ငံမှာ အခုအချိန်အခါမှာ ဖော်ဆောင်ဖို့ မသင့်သေးဘူး။ ဘာဖြစ်လို့ မသင့်သေးတာလဲ၊ မသင့်တာလား၊ မလုပ်နိုင်တာလား၊ မသင့်လျော်လို့ မလုပ်နိုင်တာလား၊ လုပ်နိုင်မယ့်အရည်အချင်း၊ ငွေရေးကြေးရေး မရှိသေးလို့ မလုပ်နိုင်တာလား ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ လိုပါတယ်။

ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အဖြေရှာရမှာဖြစ်ပါတယ်။ ဒီမှာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရက ဝန်ကြီးချုပ်တွေ အားလုံးရောက်နေတယ်လို့ ထင်ပါတယ်။ ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပြည်နယ်မှာ တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့အတူ စိန်ခေါ်မှုတွေလည်း ရှိနိုင်ပါတယ်။ ဒါတွေဟာ ယခုလို အစည်းအဝေးမျိုးမှာ တင်ပြဖို့ အကောင်းဆုံး အခွင့်အရေးပဲဖြစ်ပါတယ်။

ဒါကြောင့် တင်ပြကြပါ။ ကိုယ့်ရဲ့ တချို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကတော့ သူတို့ တိုင်းဒေသကြီး၊ ပြည်နယ်ရဲ့ အားနည်းချက်ကို ဖိပြီးတော့ပြောတယ်။ ဘာလို့လဲဆိုတော့ ပိုပြီးတော့ အထောက်အကူ ယူချင်လို့။ တချို့က အားသာချက်တွေကို ဖိပြီးပြောတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီးတော့ နည်းနည်းကြွားချင်လို့။ ဒီနှစ်ခုစလုံးကို ပိုပြီးတော့ ရှောင်ရမှာပါ။ ကြွားဖို့လည်းမလုပ်ပါနဲ့၊ ပိုပြီးတော့ ယူချင်လို့ စာနာမလား၊ သနားမလား ဆိုပြီးတော့ အားနည်းချက်တွေကိုလည်း ထုတ်မပြပါနဲ့။ မှန်မှန်ကန်ကန် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပါ။

e-Government ကို တည်ဆောက်ဖို့ e-Government ကို မြန်မြန်ဆန်ဆန် အောင်မြင်အောင် ဖော်ဆောင်နိုင်ဖို့ ဘယ်လိုလုပ်သင့်သလဲ၊ ဘယ်လို ကိုယ့်ရဲ့ဌာနအသီးသီး၊ ကိုယ့်တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးကလည်း ဘယ်လိုနည်းနဲ့ ကူညီနိုင်မလဲဆိုတာကိုလည်း စဉ်းစားစေချင်ပါတယ်။

အားလုံးမှာတော့ ကိုယ့်အားသာချက်၊ ကိုယ့်အားနည်းချက်တွေရှိကြမှာပဲ။ ပူးပေါင်းပြီး ဆောင်ရွက်ဖို့ပါပဲ။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက e-Government နဲ့ ပတ်သက်လို့ အစိုးရနှစ်နှစ်တာ တာဝန်ယူကတည်းက ဒါကို ကြိုးပမ်းခဲ့တာပါ။ သို့သော်ငြားလည်း ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှု အားနည်းတာတွေကြောင့် အောင်မြင်သင့်သလောက်၊ မျှော်မှန်းသလောက် တိုးတက်မှုမရှိပါဘူး။ အကောင်အထည်ဖော်တဲ့နေရာမှာ ယခု ဒီလိုဖွဲ့လိုက်ပြီဆိုရင် ဒီလို စုပေါင်းပြီး ဆွေးနွေးဖို့လိုပါတယ်။ မျက်နှာချင်းဆိုင် ဆွေးနွေးညှိနှိုင်းတယ်ဆိုတာ ခဏခဏ လုပ်လို့မရပါဘူး။ ပြည်နယ်နဲ့ တိုင်းဒေသကြီးက ဝန်ကြီးချုပ်တွေ မိမိတို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်က တာဝန်တွေကို ခဏတစ်ဖြုတ်ထားခဲ့ပြီးတော့ လာရတယ်ဆိုတာ ခဏခဏ လာလို့ မရပါဘူး။

အခွင့်အရေးရှိတုန်းမှာ အခွင့်အရေးကို အပြည့်အဝသုံးစေချင်ပါတယ်။ အခွင့်အရေးရှိတုန်းတော့ ပြည့်ပြည့်စုံစုံ ဆွေးနွေးစေချင်ပါတယ်။ လုံခြုံရေးဘက်က ကြည့်မယ်ဆိုရင် ပြည်ထဲရေးတို့၊ ကာကွယ်ရေးတို့က ပါဝင်ဖို့ လိုပါတယ်။

ကျွန်မတို့ နိုင်ငံတော်အတွက်၊ လုံခြုံရေးအတွက် အကြံပေးအရာရှိဖြစ်တဲ့ ဦးသောင်းထွန်းကလည်း လုံခြုံရေးဘက်ကလည်း ပါဝင်ပြီးတော့ ဆွေးနွေးဖို့လိုပါတယ်။ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုလည်း လေ့လာပြီး သင်ခန်းစာတွေယူဖို့ အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်မကို ပေးထားတဲ့အချက်အလက်တွေကတော့ စောစောက ကျွန်မပြောသလို ယခုဆိုရင် Mobile Telephone ကွန်ရက်ဟာ လူဦးရေရဲ့ ၈၉ ရာခိုင်နှုန်းကို လွှမ်းခြုံသွားပြီ။ ၂၀၂၀ ကျရင် ၉၂ ရာခိုင်နှုန်းကို လွှမ်းခြုံဖို့။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးက ပိုပြီးတော့ တင်ပြနိုင်မယ်လို့လည်း သိပြီးသားတွေဖြစ်မှာပါ။ e-Government မှာဆိုရင် တချို့ကိစ္စတွေက ကိုယ်မစဉ်းစားမိတာတွေကို စဉ်းစားနိုင်တာတွေ ပေါ်လာပါလိမ့်မယ်။

ဥပမာ ကျန်းမာရေးနဲ့ e-Government ဘယ်လို့ အချိတ်အဆက်ရှိတယ်ဆိုတာကို ကျန်းမာရေးအတွက် e-Government ဟာ ဘယ်လောက်အထောက်ကူပြုနိုင်မယ်ဆိုတာ ကျန်းမာရေးဝန်ကြီးက တင်ပြလာမှ ကျွန်မတို့ အားလုံးက ဂဃနဏ သိမှာပါ။ ထိုနည်းလည်းကောင်းပဲ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ စိုက်ပျိုးရေးကို အခြေပြုတဲ့ နိုင်ငံဖြစ်တဲ့အခါကျတော့ စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်၊ အောင်မြင်အောင်လို့ e-Government က ဘယ်လို အထောက်အကူပေးနိုင်မလဲ၊ ဘယ်လိုပုံစံနဲ့ချိတ်ဆက်နိုင်မလဲဆိုတာကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တင်ပြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ဌာနအတွက် အကျိုးအမြတ်တွေ ရှိနိုင်သလို ကိုယ့်ရဲ့ ဌာနကလည်း e-Government အောင်မြင်ရေးအတွက် ပံ့ပိုးနိုင်မလားဆိုတာကို ပွင့်ပွင့်လင်းလင်း တင်ပြကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုး၊ လိုအပ်ချက်အမျိုးမျိုးကြောင့် အရှေ့နှေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ e - Government စနစ် တိုးတက်ကောင်းမွန်လာခြင်းသည် ဒီမိုကရေစီအစိုးရတစ်ရပ်အတွက် ပြည်သူလူထုက အစိုးရ၏ဆောင်ရွက်ချက်များကို ပိုမိုယုံကြည်လာပြီး ပြည်သူလူထုအားကိုးရသည့် အစိုးရတစ်ရပ် ဖြစ်လာမည်ဖြစ်ပါကြောင်း၊ e-Government စနစ် တည်ဆောက်သည့်အခါ ခေတ်မီဆန်းသစ်သည့် နည်းပညာများ တပ်ဆင်အသုံးပြုပြီး ဝန်ဆောင်မှုပေးရုံသာမက e-Government စနစ် အောင်မြင်မှုကို တိုင်းတာသည့်နေရာ၌ အဓိကအချက် နှစ်ချက် ဖြစ်သည့် ပြည်သူလူထုအများစုသည် အစိုးရ၏ ပြည်သူ့ရေးရာ Online ဝန်ဆောင်မှုများကို ယုံယုံကြည်ကြည် အသုံးပြုလာကြရန်နှင့် ပြည်သူလူထုအတွက် အမှန်တကယ် လိုအပ်သည့် Online ဝန်ဆောင်မှုများကို ဖန်တီးပေးနိုင်ရန် ဖြစ်ပါကြောင်း။

ထို့ကြောင့် e-Government လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့် မူဝါဒလမ်းစဉ်များကို ချမှတ်ပေးပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ e- Government စနစ် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိနိုင်ရန် ကောင်းမွန်သော မဟာဗျူဟာနှင့် မူဝါဒများ၊ လုပ်ငန်းစဉ်မူဘောင်များ စနစ်တကျရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးအထောက်အပံ့၊ အိန္ဒိယနိုင်ငံမှ Infosys Limited ၏ နည်းပညာကျွမ်းကျင်မှု အကူအညီနှင့် မြန်မာနိုင်ငံရှိအစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ သုတေသန အဖွဲ့အစည်းများ၊ လုပ်ငန်းအေဂျင်စီများပြည်တွင်း၊ ပြည်ပမှ e-Government နှင့် ICT နည်းပညာ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံကောင်းများနှင့် နှိုင်းယှဉ်လေ့လာကာ မြန်မာနိုင်ငံအတွက် e-Governance Master Plan ကို ရေးဆွဲခဲ့ပါကြောင်း၊ ၎င်း၏လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ပြီး ပထမဦးစားပေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ နှစ်တိုကာလ၊ အလယ်အလတ် အဆင့်ကာလနှင့် နှစ်ရှည်ကာလအလိုက် ဆောင်ရွက်သွားရမည့်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

လုပ်ငန်းစဉ်များကို အောင်မြင်အောင် စီမံဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အာဆီယံနိုင်ငံများအတွင်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအရ မိမိတို့ နိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်သွားကြရမည့်ကိစ္စများကိုလည်း မျက်ခြည်မပြတ် လေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

e-Government လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမဦးဆုံး လိုအပ်ချက်မှာ မဟာဗျူဟာမြောက် ရေရှည်အမြင် (Strategic Vision) ချမှတ်ရေးပင် ဖြစ်ပါကြောင်း၊ အစိုးရဌာနများအကြား (Government to Government - G2G)၊ အစိုးရများနှင့် လုပ်ငန်းရှင်များအကြား (Government to Business - G2B)နှင့် အစိုးရနှင့် ပြည်သူများ အကြား (Government to Citizen - G2C) အစရှိသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာ၌ ပြည်သူများ အမှန်တကယ်လိုလားသည့် ဝန်ဆောင်မှု အမျိုးအစားများကို လေ့လာဆန်းစစ်ပြီးမှ ဦးစားပေးအကောင်အထည်ဖော်စေလိုပါကြောင်း၊ သို့မှသာ ပြည်သူများအတွက် ထိရောက်သော အကျိုးသက်ရောက်မှုများ ရရှိလာနိုင်စေမှာဖြစ်ပြီး ကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှုများကို ပေးနိုင်သည့် ဝန်းကျင်တစ်ရပ်ကို ဖန်တီးလာနိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ သို့◆

❖ စာမျက်နှာ ၈ မှ

တချို့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ကြသည့်အခါတွင် ဌာနအချင်းချင်း သော်လည်းကောင်း၊ ဗဟိုရုံးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များနှင့် သော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများ အများကြီးရှိလာမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ပြည်သူ့အကျိုးကိုသာ ရှေးရှုဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ တချို့လုပ်ငန်းများသည် ရေတိုအနေဖြင့် သိသာမြင်လွယ်သည့် အကျိုးရလဒ်ကို ချက်ချင်းမရရှိနိုင်သော်လည်း ရေရှည်ရလဒ်ကို မျှော်မှန်းပြီး လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများမှာ e-Government သို့မဟုတ် IT ဌာနခွဲများ ဖွဲ့စည်းပြီး သတ်သတ်မှတ်မှတ် တာဝန်ပေးအပ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ e-Government လုပ်ငန်းများကို စဉ်ဆက်မပြတ်လည်ပတ် အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ရည်ရွယ်ချက်နှင့် လုပ်ငန်းသဘောသဘာဝတူညီပြီး မျှဝေသုံးစွဲသွားနိုင်သည့် ICT အခြေခံ အဆောက်အအုံများကို တစ်နေရာစီ၊ တစ်ခုချင်းစီ အကောင်အထည်ဖော်ကြမည့်အစား စုစည်းတည်ဆောက်ပြီး မျှဝေအသုံးပြုသွားခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ပြီး ပိုမိုထိရောက်ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှာလည်း ယခုကဲ့သို့ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါကြောင်း။

e-Government ဝန်ဆောင်မှုများ ဖြန့်ဖြူးပေးရာတွင် ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်လုံခြုံရေးကို အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သုံးစွဲသူပြည်သူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှုရှိအောင် လုပ်ပေးနိုင်မှသာ e- Government ဝန်ဆောင်မှုများကို ယုံယုံကြည်ကြည်နှင့် လက်ခံသုံးစွဲလာကြမည်ဖြစ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် လုံခြုံရေးအတွက် လိုအပ်မည့် ဥပဒေများ၊ လုပ်ငန်းစဉ်များကို ရေးဆွဲတင်ပြပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

e-Government လုပ်ငန်းစဉ် အောင်မြင်ပါက အခြားပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသော ကဏ္ဍအသီးသီးကလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပြည်သူ့ဝန်ဆောင်မှုများကို လေ့လာကြည့်လျှင် ထင်ထင်ရှားရှား မြင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ အစိုးရနှင့် ပြည်သူများအကြား ပွင့်လင်းမြင်သာပြီး သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်၊ ပြည်သူများ လိုလားသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ကြရန်အတွက် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးဆောင်ကော်မတီ နာယက၏ မှာကြားချက်နှင့်အညီ အထူးအာရုံစူးစိုက်ပြီး ကြိုးပမ်းလုပ်ဆောင်သွားကြရန် ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲထားရှိသည့် Master Plan တို့ကို အခြေခံပြီး ဆောင်ရွက်သင့်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက e-Government စနစ်တစ်ခု အောင်မြင်လာရန်အတွက် အခြေခံအဆောက်အအုံများ၊ ကွန်ပျူတာစနစ်များ တည်ဆောက်တပ်ဆင်ရုံ၊ Web Page များ ဖန်တီးတည်ဆောက်ပေးရုံသာမက ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းများကို ရေတို၊ ရေရှည် ကာလအပိုင်းအခြားအလိုက် သေချာစွာ စိစစ်ချမှတ်ဆောင်ရွက်ပြီး အဂတိတရားလျှော့ချနိုင်ရေးနှင့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကို အထောက်အကူပြုစေမည့် ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်မည့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်သွားနိုင်ရန် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တိုးတက်များပြားလာမည့် e-Government လုပ်ငန်းစဉ်များအား အမျိုးသားအဆင့်သို့ ဟန်ချက်ညီစွာ ပေါင်းစပ်အဆင့်မြှင့်တင်ပြီး နိုင်ငံသားများ ပိုမိုကောင်းမွန်သော အွန်လိုင်းဝန်ဆောင်မှုများပေးနိုင်ရန်အတွက် အမျိုးသားအဆင့် သတင်းအချက်အလက်ဗဟိုဌာနကြီးဖြစ်သော e-Government Integrated Data Center (e-GIDC) ကို ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် နေပြည်တော်တွင် တည်ဆောက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်ရရှိခဲ့သဖြင့် Feasibility Study Report တင်ပြခြင်း၊ Loan Agreement ရေးထိုးခြင်းတို့ ပြီးစီးပါက လုပ်ငန်းလည်ပတ်နိုင်သည်အထိ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စီမံကိန်းပြီးစီးအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း စသဖြင့် e-Government လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက e-Government လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးသောင်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

☆ စွန့်လွှတ်မြေများမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် ယခင်ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ လမ်းညွှန်ချက်များနှင့်ပတ်သက်၍ မြေပြင်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှုများခံယူကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ပြင်ဆင်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်ချမှတ်ထားသည့်မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း သိရှိလိုက်နာဆောင်ရွက်သွားနိုင်ရေးအတွက် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများသို့ ဖြန့်ဝေပေးပို့ထားပြီးဖြစ်ရာ လက်အောက်ကော်မတီ အဆင့်ဆင့်သို့ ဆက်လက်ဖြန့်ဝေပေးပို့၍ မြေကိစ္စတိုင်ကြားစာများအပေါ် ယင်းမူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားစေလိုပါကြောင်း။

အချို့သော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဗဟိုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်မှုအားနည်းခြင်း၊ အထောက်အထားမှတ်တမ်းမှတ်ရာများ ပြည့်စုံစွာ တင်ပြမှုမရှိခြင်းများကြောင့် ဗဟိုကော်မတီမှ ပြန်လည်စိစစ်ရန် ပေးပို့ရသည့် အမှုတွဲများကိုလည်း တွေ့ရှိရပါကြောင်း၊ ယခုဆိုလျှင် ဝန်ကြီးဌာနများမှ အသုံးပြုရန်မလိုအပ်သည့် မြေများကို ပြန်လည်စွန့်လွှတ် ပေးအပ်လျက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာနမှ အများဆုံး ပြန်လည်စွန့်လွှတ်ပေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ စွန့်လွှတ်မြေများအနက် မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းသည့် မြေများတွင် အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့်အမှုတွဲများ ပြီးပြတ်ခြင်းမရှိဘဲ နှောင့်နှေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေမှ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်း ဆောင်ရွက်သွားနိုင်ရန် တာဝန်ရှိသူများကို အဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်ရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သိမ်းဆည်းမြေတိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာမှုရှိစေရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်း၍ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော ဝန်ကြီးချုပ်များအနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားကြစေလိုပါကြောင်း။

ဗဟိုကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာ အမှုတွဲပေါင်း ၆၃၂၀ မှုရှိပြီး သက်ဆိုင်ရာ ကော်မတီများသို့ စိစစ်ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့ထားရာ ဗဟိုကော်မတီ၏ စိစစ်မှုများအရ တိုင်ကြားစာအမှုတွဲ ၆၆၉ မှုသာ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကျန်ရှိသည့် တိုင်ကြားစာ ၅၆၅၁ မှုကို ပိုမိုအလေးထားဖြေရှင်းဆောင်ရွက်ပေးစေလိုပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ တိုက်ရိုက်တိုင်ကြားသော တိုင်ကြားစာအမှုတွဲများကို ဖြေရှင်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများ၊ ယခင်ပြည်ထောင်စုလွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ တိုင်ကြားစာများနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်အစီရင်ခံစာအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကိုလည်း ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း။

> **စွန့်လွှတ်မြေများအနက် မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းသည့် မြေများတွင် အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင် လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိရ**

ထို့ပြင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် သတင်းထုတ်ပြန်ကြေညာချက်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁၃ ရက်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် တစ်ကြိမ် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ပေးခဲ့ပြီး ဗဟိုကော်မတီနှင့်ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ Media များ၏ မေးမြန်းချက်များအပေါ် ဗဟိုကော်မတီကိုယ်စား တွဲဖက်အတွင်းရေးမှူးက ဖြေကြားရှင်းလင်းခြင်းကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများအနေဖြင့် မိမိတို့ဒေသအတွင်း မြေကိစ္စတိုင်ကြားမှုများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် မြေယာများနှင့်ပတ်သက်၍ မူလပိုင်ရှင်များသို့ လွှဲပြောင်းပေးအပ်သည့် အခြေအနေများကို ပြည်သူများပိုမိုသိရှိနိုင်ရန် သတင်းထုတ်ပြန်ကြေညာ ပေးသွားစေလိုပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ယခုအစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ကော်မတီများအနေဖြင့် အောက်ခြေအဆင့်အထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ထားကြရမည်ဖြစ်ပါကြောင်း၊ အလားတူ ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေနိုင်ရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံး လုပ်နည်း သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လက်တွေ့မြေပြင်တွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဗဟိုကော်မတီမှ ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် မူဝါဒလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းများ ပြန်လည်စိစစ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာအောင်သူနှင့် ဦးခင်မောင်ချိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယခုနှစ်တွင် ပြည်ပသို့ စံချိန်တင်ဆန်စပါးတင်ပို့နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ တင်ပို့နိုင်ရန် အရေးပါသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်သည့် လယ်ယာမြေများအား စိုက်ပျိုးမည့် တောင်သူများထံ အမြန်ရောက်ရှိစေရေး ဝိုင်းဝန်းညှိနှိုင်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ကော်မတီဖွဲ့စည်းခဲ့သည့် နှစ်နှစ်နီးပါးကာလအတွင်း မြေယာကိစ္စများ ဖြေရှင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းများ ရသင့်သလောက်ရရှိပြီးဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီ အဆင့်ဆင့်အနေဖြင့် အချိတ်အဆက်မိမိစေတနာထား ဆက်လက်ကြိုးပမ်းစေလိုကြောင်း၊ ဗဟိုကော်မတီအနေဖြင့်လည်း သက်ဆိုင်ရာကော်မတီများ၏ လက်တွေ့မြေပြင်တွင် ကွင်းဆင်းစိစစ် သုံးသပ်တင်ပြချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

✻ မန္တလေးမြို့မှ

"မြန်မာနိုင်ငံက သစ်တောနဲ့ ပတ်သက်ပြီး အလွန်ကို ချမ်းသာကြွယ်ဝတယ်၊ ဒီနိုင်ငံမှာရှိတဲ့ ပြည်သူတွေက သစ်ကို ဘယ်လောက်အထိ မှီခိုရှင်သန်နေကြလဲဆိုတာ သိချင်တာကြောင့် မြန်မာနိုင်ငံကို အဓိကထားရွေးချယ်ပြီး World Wood Day အခမ်းအနားကို လာရောက်ကျင်းပခြင်းဖြစ်ပါတယ်၊ ဒီကျောင်းကို လာရောက်ဖျော်ဖြေရတဲ့ ရည်ရွယ်ချက်က သစ်နဲ့လုပ်ထားတဲ့ တူရိယာပစ္စည်းတွေကို ဂီတပညာရှင်တွေ တီးခတ်ဖျော်ဖြေတဲ့အခါမှာ ကလေးတွေကို ပျော်ရွှင်ခံစားမှုတွေ ရရှိစေချင်တဲ့အတွက် ဒီကျောင်းကို လာပြီးဖျော်ဖြေတာပါ"ဟု ၎င်းက ပြောသည်။

အမျိုးသမီးကလေးငယ်သင်တန်းကျောင်းသို့ အာဖရိကလူမျိုး ၁၁ ဦး၊ မက္ကဆီကိုနိုင်ငံမှ ၁၉ ဦးနှင့် တရုတ်နိုင်ငံမှ တစ်ဦးတို့က ၎င်းတို့၏ ရိုးရာတေးသီချင်းအကများ၊ ရုပ်သေးများဖြင့် ဖျော်ဖြေခဲ့ကြပြီး ကလေးငယ်များနှင့်အတူ ကခုန်ခဲ့ကြသည်။

"ကျွန်တော်တို့ ဒီမှာ တီးမှုတ်ကပြတာက ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ မျိုးနွယ်စုတွေ စုပေါင်းထားတဲ့ တေးသီချင်းနဲ့ ဖျော်ဖြေတာပါ၊ ပြီးတော့ မျက်နှာမှာ လိမ်းခြယ်တာက ပြုံးပျော်နေတဲ့ သဘောကို ဖော်ဆောင်ချင်လို့ပါ၊ မြင်သူတိုင်းရဲ့ ရင်ထဲအထိ ထိုးဖောက်ပြီး စိတ်ကြည်နူးအေးချမ်းသွားစေတဲ့သဘောပေါ့"ဟု အာဖရိကဖျော်ဖြေရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က ပြောသည်။

၂၀၁၈ World Wood Day အခမ်းအနားကို မန္တလေးမြို့တော်ခန်းမ၌ ဧပြီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များက ပန်းပုထုခြင်း၊ ပွတ်လုံးဖော်ခြင်း၊ ပရိဘောဂ ပြုလုပ်ခြင်းများ လက်တွေ့ပြုလုပ်၍ အသိပညာမျှဝေခြင်းနှင့် သစ်သားဖြင့် ပြုလုပ်ထားသည့် တူရိယာပစ္စည်းများဖြင့် ဖျော်ဖြေခြင်းတို့ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးဗဟိုစံပြစခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးဗဟိုစံပြစခန်းနှင့် တပ်ရင်း၊ တပ်ဖွဲ့များရှိ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လားရှိုးတပ်နယ်ရှိ နယ်မြေခံတပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ရှေ့တန်းစစ်မြေပြင်၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသပေးမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းသို့ ရောက်ရှိကြပြီး ဆုတောင်းပြည့် မဟာမြတ်မုနိနှီးဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒအား ဖူးမြော်၍ သက်နှင်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြကြိုးတံတားသည် (၁-၄-၂၀၁၈) ရက်နေ့ နံနက် (၁း၄၅)နာရီအချိန်တွင် (၁၆)တန်၊ ခြောက်ဘီးကုန်တင်ကားတစ်စီး ဖြတ်သန်းစဉ် တံတားကျိုးကျမှု ဖြစ်ခဲ့ပါသည်။ အဆိုပါတံတားသည် (၁၉၉၄)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး (၁၉၉၆)ခုနှစ်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ပါသည်။ ယခုအခါ တံတားသက်တမ်း (၂၂)နှစ်ခန့်ရှိပြီးဖြစ်ပါသည်။

အဆိုပါ တံတားတည်ဆောက်စဉ်ကပင် တန်ချိန်(၈၅၀၀)အလေးချိန်ရှိသော ကွန်ကရစ်ကြိုးထိန်းခုံ နိမ့်ကျမှု ဖြစ်စဉ်ရှိခဲ့၍ တံတားစတင်အချိန်ကပင် ပြန်လည်ပြင်ဆင်ခဲ့ရသော တံတားဖြစ်ပါသည်။ မြောင်းမြဘက်ကမ်းရှိ ကွန်ကရစ်ကြိုးထိန်းခုံသည် တည်ဆောက်ချိန်က နိမ့်ကျမှုပြဿနာဖြစ်ပွားခဲ့ရာ မြစ်၏ဆန့်ကျင်ဘက်သို့ တာဝါတိုင်သည် (၁၁)လက်မ စောင်းရမည့်အစား မြစ်ဘက်သို့ (၇)လက်မစောင်းနေ၍ တံတားတည်ဆောက်ပြီးစီးချိန်ကစ၍ နှစ်စဉ်စောင့်ကြည့် စစ်ဆေးခဲ့ရပါသည်။ ထို့ပြင် တံတားသက်တမ်း နှစ်(၂၀)ပြည့်မြောက်သည့် (၂၀၁၆)ခုနှစ်မှစ၍ လစဉ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်ရာတွင် တံတားကြမ်းခင်းများ၊ မူလီများ၊ Expansion Joint များ၊ Suspender Rod များ မကောင်းလျှင် လဲလှယ်မှုများ ချက်ချင်းပြုလုပ်ခဲ့ပါသည်။

ယခုဖြစ်စဉ်ကို စစ်ဆေးရာတွင် ကွန်ကရစ်ကြိုးထိန်းခုံ၏အတွင်းပိုင်း ကွန်ကရစ်ထဲတွင်ထည့်၍ မြှုပ်နှံထားသော သံမဏိကြိုးများဆွေးမြည့်ပြီး ကြိုးပြတ်၍ တံတားကျိုးကျပျက်စီးခဲ့ကြောင်း တွေ့ရှိရပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်မှစ၍ လက်ရှိကြိုးတံတားနှင့်အပြိုင် တံတားအသစ်(၁)စင်းကို ဂျပန်အင်ဂျင်နီယာပညာရှင်များနှင့်ပူးပေါင်း၍ ဂျပန်နည်းပညာဖြင့် တံတားအသစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ချိန်ကာလ(၁)နှစ်ခန့်ရှိခဲ့ပြီ ဖြစ်ပါသည်။

နည်းပညာအရ တံတားတည်ဆောက်ချိန် (၃) နှစ်ခန့်ကြာမြင့်မည်ဖြစ်သဖြင့် ယခုအခါ အခြေအနေအရ တံတားအသစ်(၁)စင်း အမြန်လိုအပ်နေပြီဖြစ်၍ တံတားအသစ်ကို (၁)နှစ်အတွင်း အမြန်ပြီးစီးအောင် (Type of Bridge) တံတားအမျိုးအစားပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးသော တံတားများအား နှစ်စဉ် (၁)နှစ်လျှင် (၂)ကြိမ် ပုံမှန်စစ်ဆေးပြီး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကြိုးတံတားများမှာ မြောင်းမြတံတားအပါအဝင် စုစုပေါင်း အစင်း(၃၀)ရှိပြီး အဆိုပါကြိုးတံတားများကို ယခုကဲ့သို့ဖြစ်စဉ်မျိုး မဖြစ်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အသေးစိတ်စစ်ဆေးမှုများကို ချက်ချင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကြိုးတံတားများ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဂျပန်အင်ဂျင်နီယာပညာရှင်များနှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအစီအစဉ်ဖြင့် တရုတ်အင်ဂျင်နီယာပညာရှင်များနှင့်လည်းကောင်း အတူပူးပေါင်းပြီး တံတားများ၏ကြံ့ခိုင်ရေး အခြေအနေများအား ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

မြောင်းမြကြိုးတံတား ကျိုးကျမှုဖြစ်စဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အသက်ဆုံးရှုံးသွားကြသော ယာဉ်မောင်း ဦးမဲကြီး(ခ)ဦးသန့်ဇော်ထိုက်နှင့် ယာဉ်နောက်လိုက် ကိုဂျူးဂျူး (ခ) ကိုဝင်းထိုက်အောင် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်းနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် လက်ရှိအသုံးပြုလျက်ရှိသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ ကြိုးတံတား (၂၉)စင်းကို စိုးရိမ်မှု မရှိကြပါရန်နှင့် အဆိုပါ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အဆိုပါကြိုးတံတားများပေါ်တွင် သတ်မှတ်ခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်ခြင်းမပြုကြပါရန်နှင့် သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ထိန်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။




# ပဉ္စမအကြိမ် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

**နေပြည်တော် ဧပြီ ၄**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သည့် အဖွဲ့ဝင် ၁၁ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ယူနန်ပြည်နယ်)တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နယ်စပ်စီမံခန့်ခွဲရေးစသည့်ကဏ္ဍများနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့များသည် နှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများအား တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တွင် တေးဂီတ ဖျော်ဖြေပွဲ ကျင်းပမည်

**နေပြည်တော် ဧပြီ ၄**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှစ၍ ညနေ ၅ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့အသံခေတ်ပေါ်တေးဂီတ တီးဝိုင်းနှင့်အတူ အနုပညာရှင် ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# သီပေါတွင် မဟာသင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းဝေးရန် အသိပညာပေး

**သီပေါ ဧပြီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး မဟာသင်္ကြန်အကြိုကာလအတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရန် မြေပြင်ကွင်းဆင်း၍ ဧပြီ ၃ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့က မြန်မာရပ်ကွက်နှင့် ဈေးရပ်ကွက်ထောင့်မီးပွိုင့်အနီးတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးလုပ်ငန်းတွင် သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဆိုင်ကယ်ဦးထုပ်မဆောင်းသူများနှင့် အိပ်ဇောဖြုတ်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်အစီး ၂၀၂ စီးတို့ကို အသိပညာပေးခြင်း၊ ဆိုင်ကယ်ဦးထုပ်များကို တစ်ပါတည်းဆောင်းစေခြင်း၊ဆိုင်ကယ်အိတ်ဇောများကို တစ်ပါတည်း တပ်ဆင်စေခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပညာပေးကာလပြီးဆုံးပါက မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သီပေါကိုလတ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ယာဉ်မောင်းသူများ လိုက်နာရန် နှိုးဆော်

**(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
(၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

**(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည် ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော **CCTV CAMERA** များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

**(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"**

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မောင်တောဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်

**မောင်တော ဧပြီ ၄**

ရခိုင်ပြည်နယ် မောင်တောဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ အစ္စလာမ်ဘာသာဝင်ခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ခံများအား တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးများက တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာ မတိမ်းရှောင်ဘဲ ကျန်ရှိနေသည့် အစ္စလာမ်ဘာသာဝင်များအတွက် အလုပ်အကိုင်များ ဖန်တီးဖော်ဆောင်ပေးရန်ဖြစ်ကြောင်း၊ ယခုရာသီသည် မိုးကျတော့မည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငါး၊ ပုစွန်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ကူညီပေးမည် ဖြစ်ကြောင်း၊ မောင်တောဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် ရခိုင်တိုင်းရင်းသားများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မောင်တောနှင့်ဘူးသီးတောင်ဒေသများတွင် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်းတွင် စားဝတ်နေရေးအခက်အခဲများ ဖြစ်ခဲ့သည့်အတွက် နိုင်ငံတော်အစိုးရ၊ UEHRD နှင့် အဖွဲ့အစည်းများက ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရန် လှုံ့ဆော်ပေးမှုများရှိနေသောကြောင့် နေရပ်စွန့်ခွာမသွားကြရန် ဘာသာရေးခေါင်းဆောင်များအနေဖြင့် အသိပညာများ ပေးရန်လိုကြောင်း ပြောကြားကြသည်။

ထို့နောက် ဘူးသီးတောင်၊ မောင်တောမြို့နယ်ရှိ မူဆလင်သာရေးနာရေး လူမှုရေးအဖွဲ့များက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့နှင့်စပ်လျဉ်း၍တင်ပြရာ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးနှင့် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးတို့က ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် မောင်တောမြို့နယ် လှဖိုးခေါင် ယာယီပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လှဖိုးခေါင်စခန်းတည်ဆောက်ရေးတာဝန်ခံနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က စခန်းတည်ဆောက်ထားမှု အခြေအနေများ၊ စခန်းအတွင်း မိုးတွင်းကာလ အသုံးပြုရန် အတွင်းလမ်းများ၊ အပြင်ပတ်လမ်းများ ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ယာယီလက်ခံရေးစခန်းကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အဆောက်အအုံ တည်ဆောက်မှု အရေအတွက် ၆၂၅ လုံးလျာထားချက်ဖြင့် တည်ဆောက်လျက်ရှိပြီး ယခုအခါ ၄၁၄ လုံး ပြီးစီးကာ ဆက်လက်ဆောင်ရွက်ဆဲ ၂၁၁ လုံး ကျန်ရှိရာ တည်ဆောက်မှုပြီးစီးပါက လူဦးရေ ၃၀၀၀၀ ခန့်ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၊ ကိုင်းကြီးရွာဟောင်း၊ မောရဝတီ၊ ဥဒေါင်း၊ သရေကုန်းဘောင်၊ ရွှေဇဟိုကျေးရွာများရှိ ရခိုင်တိုင်းရင်းသားများနှင့် မြိုတိုင်းရင်းသားများအား တွေ့ဆုံပြီး ယခုစိုက်ပျိုးရာသီတွင် တိုင်းရင်းသားများအတွက် လယ်ယာမြေများတွင် စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ မြေဩဇာ၊ လယ်ထွန်စက်စသည်များကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စားဝတ်နေရေးအတွက် အခက်အခဲရှိနေသည့် တိုင်းရင်းသားများအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားများက ၎င်းတို့၏ လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး မြိုတိုင်းရင်းသားများအတွက် တည်ဆောက်ထားသောအိမ်ရာ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာရှိ မြိုတိုင်းရင်းသားများအတွက် အိမ်ရာဆောက်လုပ်မှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၅၆ လုံး တည်ဆောက်ပေးထားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၆၄ လုံး တည်ဆောက်ပေးထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

**စစ်တွေ ဧပြီ ၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ယနေ့ညနေ ၃ နာရီခွဲတွင် ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စီမံကိန်းရေးဆွဲဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပြည်နယ်အတွင်း လွတ်လပ်စွာ အကူအညီအထောက်အပံ့ပေးနေမှုများ၊ လွတ်လပ်စွာခရီးသွားလာခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေးနေမှု၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အတူ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြကြောင်း သိရသည်။




ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA) ၏လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့နယ်ရှိ သက်ကယ်ပြင်ကယ်ဆယ်ရေးစခန်း၊ ဒါးပိုင်ကယ်ဆယ်ရေးစခန်းနှင့် အောင်မင်္ဂလာရပ်ကွက်တို့မှ အစ္စလာမ်ဘာဝင်များနှင့်လည်းကောင်း၊ စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ရခိုင်တိုင်းရင်းသားများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ○ မြန်မာယူ-၂၁ အသင်းမှ

ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး ပထမပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းတိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် အောင်ကောင်းမာန်တို့၏တိုးအားကို မကွေးနောက်တန်း ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရပြီး အခွင့်အရေးများ ပေးခဲ့ရသည်။ ၃၃ မိနစ်တွင် မြန်မာ ယူ-၂၁ အသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး ဝင်းနိုင်ထွန်း ဖန်တီးပေးသောဘောလုံးကို အောင်ကောင်းမာန်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်လာခဲ့ပြီး မကွေးအသင်း ချေပဂိုးရနိုင်သည့်အခွင့်အရေးများ ပြန်ရခဲ့သော်လည်း ယူ-၂၁ ဂိုးသမား ထွန်းနန္ဒာဦး ကာကွယ်နိုင်ခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားထားရာ ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ **ရှိုင်းထက်ဇော်**

# မြစိမ်းရောင်ကျေးရွာများအား ကွင်းဆင်းစစ်ဆေး

**သထုံ ဧပြီ ၄**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဧပြီ ၂ ရက်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွန်ပြည်နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြကျေးရွာရွေးချယ်နိုင်ရန်အတွက် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်များရှိ မြစိမ်းရောင်ကျေးရွာများသို့ မွန်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်တာဝန်ခံအဖွဲ့၊ မော်လမြိုင်ခရိုင်ဦးစီးမှူး၊ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများ၊ မြစိမ်းရောင်ကျေးရွာကော်မတီဝင်များနှင့်အတူ ကွင်းဆင်း၍ စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားရှိမှု အခြေအနေနှင့် မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

စာအုပ်စာပေ
လူ့မိတ်ဆွေ

# ဟင်းစားရှာထွက်သော မြိုတိုင်းရင်းသူတစ်ဦး အသတ်ခံရ

**မောင်တော ဧပြီ ၄**

ဟင်းစားရှာထွက်သော မြိုတိုင်းရင်းသူတစ်ဦး ဘော်တလာကျေးရွာအနီးတွင် အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ လေးမြို့ကေဒီကျေးရွာသူ ဒေါ်ဆောင်ရွှေ(၄၀) နှစ်ဖြစ်ပြီး မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာ၌ ခေတ္တလာရောက်နေထိုင်သူဖြစ်ကြောင်း သိရသည်။ ၎င်းသည် ယနေ့နံနက် ၁၁ နာရီခန့်တွင် ခမောင်းဆိပ်ကျေးရွာနေ မြိုတိုင်းရင်းသားတိုင်းရင်းသူ ခုနစ်ဦးတို့နှင့်အတူ ဘော်တလာကျေးရွာဘက်သို့ ဟင်းစားရှာရန် ထွက်ခွာခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် ဘော်တလာကျေးရွာ ရွှေဇံချောင်းအနီး၌ ဓားရှည်နှင့် သံတုတ်ကိုယ်စီ ကိုင်ဆောင်ထားသော အကြမ်းဖက်သမား သုံးဦးက လိုက်လံထိုးခုတ်ရိုက်နှက်သောကြောင့် ခမောင်းဆိပ်ကျေးရွာသို့ ပြန်လည်ထွက်ပြေးခဲ့ကြောင်း သိရသည်။

ပြန်လည်ထွက်ပြေးလာသည့် မြိုတိုင်းရင်းသားတိုင်းရင်းသူ ခုနစ်ဦးအနက် အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦးမှာ ကျေးရွာသို့ပြန်လည်ရောက်ရှိခဲ့ပြီး အမျိုးသမီးနှစ်ဦးမှာ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဘော်တလာကျေးရွာအနီးတွင် ဒေါ်ဆောင်ရွှေအား ဦးခေါင်းပြတ်ရှဒဏ်ရာ လေးချက်ဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကျန်ပျောက်ဆုံးနေသည့် ဒေါ်မွေရွှေအား ဆက်လက်ရှာဖွေရာ ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး လူသတ်မှုဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သူထက်**

# တိုက်ကြီးမြို့နယ် ချင်းကုန်းအုပ်စု ဂျိုးဖြူရေလှောင်ကန်မြောက်ဖျားတွင် အရေခွံခွာ၊ နှာမောင်းဖြတ်ထားသော ဆင်သေတစ်ကောင်တွေ့ရှိ

**တိုက်ကြီး မေ ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းအုပ်စု ဂျိုးဖြူရေလှောင်ကန်မြောက်ဖျား၌ မေ ၃ ရက် နံနက် ၁၀ နာရီခွဲက အရေခွံခွာ၊ နှာမောင်းဖြတ်ထားသော ဆင်သေတစ်ကောင် တွေ့ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဂျိုးဖြူရေလှောင်ကန် လုံခြုံရေးတာဝန်ကျ စည်ပင်ရဲစခန်းမှ ရဲအုပ်တင်မောင်ဆွေနှင့်အဖွဲ့သည် လုံခြုံရေးကင်းလှည့်စဉ် မေ ၃ ရက် နံနက် ၉ နာရီက လှိုင်ရိုးမတောင်ပေါ် ကြိုးဝိုင်း ၂၊ အကွက်အမှတ် ၂၃ ၌ ဆင်သေတစ်ကောင်တွေ့ရှိ၍ သက်ဆိုင်ရာဌာနများသို့ သတင်းပို့ရာ သာယာဝတီဒေသ သစ်ထုတ်လုပ်ရေး ဆင်စခန်းအုပ်ချုပ်ရေးမှူး ဦးခင်ညို၊ ဆင်ဆေးကု ဦးဖြိုးသူအောင်၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုက်ကြီးမြို့မရဲစခန်းမှ ဒုတိယရဲအုပ် အောင်သူစိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က သွားရောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ဆင်ဆေးကု ဦးဖြိုးသူအောင်၏ စစ်ဆေးချက်အရ သေဆုံးဆင်မှာ အမဖြစ်ပြီး အမြင့် ရှစ်ပေ၊ လုံးပတ် ၁၂ ပေ၊ အသက် ၄၅ နှစ်ခန့်ရှိပြီး လွန်ခဲ့သော ၁၅ ရက်ခန့်က သေဆုံးခဲ့ကြောင်း ခန့်မှန်းခဲ့သည်။ ၎င်းဆင်တွင် အရေခွံခွာထားခြင်း၊ အစွယ်ဖြတ်ထားခြင်းတွေ့ရှိရသဖြင့် ဆင်မုဆိုးများသတ်၍ သေဆုံးကြောင်း သိရှိရပြီး သက်ဆိုင်ရာသို့ သတင်းပို့ကာ မီးရှို့ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**





## လှည်းကူးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၄**

မူးယစ်တပ်ဖွဲ့စု(၄၃)ရန်ကုန်(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၁၀ နာရီခန့်က လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ရန်ကုန်-ပဲခူး ကားလမ်းမကြီးပေါ်၌ ဆန်းဝင်း (ခ)ချစ်ဆန်းဝင်း(ခ) မောင်ကြီးအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ည ၁၁ နာရီခွဲတွင် ဆန်းဝင်း(ခ)ချစ်ဆန်းဝင်း (ခ)မောင်ကြီး နေထိုင်သည့် လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဟားခါးမြို့နယ် ရင်ပီးလမ်း၌ ယာဉ်တစ်စီး တိမ်းမှောက်၊ လူတစ်ဦးသေဆုံး


**ဟားခါး မေ ၄**

ဟားခါးမြို့နယ် သီဖူးလ်ကျေးရွာမှ ခုနစ်မိုင်ခန့်အကွာ ဟားခါး-ရင်ပီးလမ်း၌ မေ ၃ ရက် ညနေ ၄ နာရီခွဲခန့်က ယာဉ်တစ်စီး တိမ်းမှောက်ကာ လူတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်အမှတ် 9M / 4(Forland) အနီရောင်ယာဉ်သည် ဟားခါးမြို့မှ ရင်ပီးကျေးရွာသို့မောင်းနှင်လာစဉ် သီဖူးလ်ကျေးရွာမှ ခုနစ်မိုင်ခန့် အကွာတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ပေ ၁၅၀ ခန့်ရှိ ချောက်အတွင်း ပြုတ်ကျခဲ့ရာ ယာဉ်မောင်း မောင်တီလ်မန်း (၂၂)နှစ်သည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ယာဉ်ပေါ်လိုက်ပါသူ နှစ်ဦးအနက် ဒေါ်ဖရ်ဒွေးတွင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိပြီး ဦးကျော်မျိုးသက်တွင် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း မောင်တီလ်မန်းအား ယာဉ်(ပ) ၁၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၈၈ ဖြင့် အမှုရေးဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ဓာတ်မြစ် : ပြည်တွင်းအခွန်များဦးစီးဌာန
ဇယားစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၄၅ စီး၊ သွင်းကုန် ၉၇၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၄၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၀၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၉၆၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် TOYOTA CROWN ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ထိုင်ခုံအောက်တွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားမဝင်ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စ ဆိုဒ်စုံ ၁၅၅ တုံးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၄ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မီးပွိုင့်တည်ဆောက်ရန် မြေတူးစဉ် (၉)မမကျည်ဆန်များ တွေ့ရှိ

**ပဲခူး မေ ၄**

ပဲခူးမြို့ ရုံးကြီးရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ဆေးရုံလမ်းအဝင် ကြက်လျှာစွန်းဘေး၌ မေ ၃ ရက် ညနေ ၅ နာရီခွဲခန့်က မီးပွိုင့်ဆောက်လုပ်ရန် မြေသားများအား ဘက်ဟိုးဖြင့် တူးဖော်စဉ် (၉)မမကျည်ဆန်တောင့် ၁၅၀ တွေ့ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ အဆိုပါ ကျည်ဆန်များ တွေ့ရှိရာ နေရာတွင် သင်္ကြန်ကာလမတိုင်မီ မီးပွိုင့်အမြန်ဆုံးတည်ဆောက်ပြီးစီးနိုင်ရေးအတွက် မေ ၃ ရက် နံနက်ပိုင်းမှစတင်ကာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဘက်ဟိုးမောင်းသူ ဦးစောဆဲဖိုးသည် မြေသားများအား ဘက်ဟိုးဖြင့် တူးဖော်ရာ မြေသားများအတွင်းမှ ဟောင်းနွမ်း၍ မြေကြီးများ ပေကျံနေသော (၉)မမကျည်ဆန်တောင့် ၁၅၀ တွေ့ရှိခဲ့သဖြင့် ရုံးကြီးရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အသိပေးအကြောင်းကြားခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပဲခူးမြို့မရဲစခန်းသို့ ဆက်လက်အကြောင်းကြားမှုကြောင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး နိုင်စိုး၊ တာဝန်မှူး ဒုတိယရဲအုပ် နေမျိုးလင်းနှင့်အဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးပြီး ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ ရဲစခန်းမှတ်ပုံတင်၌ ရေးသွင်းသိမ်းဆည်းထားကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

## ဖြူးမြို့နယ်တွင် မိုးကြိုးထိမှန်၍ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံး

**တောင်ငူ မေ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း မေ ၃ ရက် ညနေပိုင်းက မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ပြီး ဖြူးမြို့နယ်တွင် အချိန်ပိုင်းသာခြား၍ မိုးကြိုးပစ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်က ညောင်ပင်သာနယ်မြေရဲစခန်း၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာ ရွာမ (၆)လမ်းရှိ အုတ်ကျင်းတွင် အမျိုးသားတစ်ဦး မိုးကြိုးထိမှန်ပြီး သေဆုံးသွားကြောင်း သတင်းအရ ညောင်ပင်သာနယ်မြေရဲစခန်းမှ ရဲအုပ်တင်စိုး ဦးစီးသောအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အုတ်ကျင်းလုပ်သား ဦးအောင်ဌေး (၄၂)နှစ်သည် နားနှစ်ဖက်သွေးထွက်ဒဏ်ရာ၊ ရင်ဘတ်အရေပြား စုတ်ပြဲဒဏ်ရာများဖြင့် သေဆုံးခဲ့၍ ညောင်ပင်သာနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၂/၂၀၁၈ ဖြင့် အမှုဖွင့်ခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဂုံမင်းကွင်းကျေးရွာ၌ ဆိုင်ကယ်စီးနင်းလာသော အမျိုးသမီးနှစ်ဦး မိုးကြိုးထိမှန်ပြီး တစ်ဦး သေဆုံးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ညောင်ပင်သာမှ ဂုံမင်းကွင်းကျေးရွာသို့ မခိုင်ဇာဝင်း(၃၈)နှစ်၊ မစုပို(၃၀)နှစ်တို့ ဆိုင်ကယ်စီးလာစဉ် အခင်းဖြစ်နေရာအရောက် မိုးကြိုးထိမှန်ပြီး မခိုင်ဇာဝင်း၏ ကျောကုန်းတွင် အရေပြားများ စုတ်ပြဲကာ သေဆုံးသွားသောကြောင့် ညောင်ပင်သာနယ်မြေရဲစခန်း၌ သေမှုသေခင်း အမှတ်စဉ် ၃/၂၀၁၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၅-၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ NRC အစီအစဉ် "ဒေါဝယ် ရောရွာကလေးနှင့် လူနေမှုဘဝ"
- ၈း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာ"(ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဒုတိယတစ်နှစ်တာ)
- ၉း၁၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မွှေချက်ကတော့ လွန်လွန်းတယ်"(နေတိုး၊ သက်မွန်မြင့်၊ ယွန်းရွှေရည်) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]
- ၉း၂၅ လှပစုံလင်အာဆီယံတစ်ခွင်
- ၉း၄၀ ASEAN Spotlight (Part-21)
- ၁၀း၃၀ အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၁၀ စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့
- ၁၁း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ"သူငယ်ချင်း" (မင်းသန့်ကို၊ ဦးဇော်မှိုင်း၊ ဒေါ်ရိုးရိုး၊ ပန်သူမြင့်မိုရ်၊ စန်းစန်းမြင့်၊ မိရာဇာ၊ဦးဇော်၊ ဝတ်ရည်နှင်း) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ"ကြမ္မာနွံ" (အပိုင်း-၈)(မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၁၃း၀၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှု အစီအစဉ် (Level-1)(ရန်ကုန်မြို့ ပွဲစဉ်-၂)(ဒုတိယပိုင်း)
- ၁၄း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၅)
- ၁၅း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၅၄)

**ညပိုင်း**

- ၁၆း၃၅ "ရှမ်းပြည်နယ်တောင်ပိုင်း ခရီးသွားမြှင့်တင်ရေး" (အပိုင်း-၆)
- ၁၇း၀၅ NHK Programme "ဂျပန်နိုင်ငံ၏ လှပသောရေမြေသဘာဝရှုခင်းများ"(ဂီဖုခရိုင်၊ နဲအိုဒါနီမှာရှိသော ညှို့ယူဖမ်းစားနိုင်တဲ့ ချယ်ရီပင်အိုကြီး)
- ၁၇း၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၇း၅၀ "အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်" (အပိုင်း-၄)
- ၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ"ကြမ္မာနွံ" (အပိုင်း-၉)(မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား)
  - -America's Got Talent
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၂)
  - -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၃) (ဒါရိုက်တာ ကြည်စိုးထွန်း၊ သရုပ်ဆောင်-ဖိုးချို)
  - -အစီအစဉ်ပြီး၏။

# စီရိုနယ်လ်ဒို၏သွင်းဂိုးကို ချန်ပီယံလိဂ်သမိုင်းတွင် အလှပဆုံးဂိုးအဖြစ် ဇီဒန်း ချီးကျူးခဲ့သော်လည်း သူ၏ ဂလက်စကို သွင်းဂိုးထက်ပိုကောင်းသည်ဟု မဆိုနိုင်ကြောင်း ပြောကြားခဲ့




ဂျူဗင်တပ်အသင်းဘက်ကို တိုက်စစ်မှူး စီရိုနယ်လ်ဒို သွင်းယူခဲ့သည့် ဒုတိယဂိုးမှာ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် အလှပဆုံး သွင်းဂိုး တစ်ဂိုးအဖြစ် ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ချီးကျူးခဲ့သော်လည်း ၂၀၀၂ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ဂလက်စကိုတွင် သွင်းယူခဲ့သည့် သူ၏ သွင်းဂိုးထက် ပိုကောင်းသည်ဟု မဆိုနိုင်ကြောင်း ဟာသလုပ် ပြောကြားခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပွဲအစ သုံးမိနစ်မှာပင် ရီးယဲလ် အတွက် အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၆၄ မိနစ်တွင် နောက်ပြန်ကန်ချက်ဖြင့် ဒုတိယဂိုးကို လှလှပပထပ်မံသွင်းယူသွားခဲ့ရာ ဂျူဗင်တပ် ပရိသတ်များကပင် လက်ခုပ်တီး အားပေးခံရသည်အထိ ဖြစ်ခဲ့သည်။

ဇီဒန်းက "လေဗာကူဆင်ဂိုးက လှပတဲ့ဂိုးပါ၊ အရေးကြီးဆုံး ကတော့ နောက်ဆုံးဂိုးပါ။ စီရိုနယ်လ်ဒိုလည်း ဒီဂိုး အမျိုးအစားလို သွင်းနိုင်ပါတယ်၊ ဒီဂိုးက ချန်ပီယံလိဂ်သမိုင်းရဲ့ အလှပဆုံး ဂိုးတစ်ဂိုး ဖြစ်ပေမယ့် ၂၀၀၂ခုနှစ် ဂိုးထက် ပိုကောင်းတဲ့ဂိုးလို့တော့ မဆိုနိုင် ပါဘူး" ဟု ပြောကြားခဲ့သည်။

ဇီဒန်းမှာလည်း လွန်ခဲ့သည့် ၁၆ နှစ်က လေဗာကူဆင်အသင်း ဘက်ကို ချန်ပီယံလိဂ်သမိုင်းတွင် အလှပဆုံးသွင်းဂိုးအဖြစ် မှတ်တမ်း ဝင်ခဲ့သည့်ဂိုးကို သွင်းယူနိုင်ခဲ့ရာ ယခုစီရိုနယ်လ်ဒို သွင်းယူခဲ့သည့် ဂိုးနှင့်ဇီဒန်းသွင်းယူခဲ့သည့်ဂိုးတွင် ဘယ်ဂိုးက ပိုလှပသည်ဆိုသည်မှာ မီဒီယာ သမားများ အတွက် အဓိက မေးခွန်းဖြစ်ခဲ့သည်။

ဇီဒန်းက သူသည် လက်ရှိ ရီးယဲလ်အသင်းနည်းပြဖြစ်သလို ဘောလုံးပရိသတ်လည်းဖြစ်ကြောင်း၊ ထိုသို့သော လှပသည့် သွင်းဂိုးများ မြင်လျှင် သဘောကျနှစ်ခြိုက်စွာ အားပေးလေ့ရှိကြောင်းသာ ပြောကြား ခဲ့သော်လည်း သူ၏ သွင်းဂိုးနှင့် စီရိုနယ်လ်ဒို၏ သွင်းဂိုး ဘယ်ဂိုး ပိုလှ သည်လဲဆိုသည်ကို ဟာသတစ်ခုအနေဖြင့်သာ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဇီဒန်းသည်လည်း ကမ္ဘာ့အကောင်းဆုံးကစားသမားဆု သုံးကြိမ် ရရှိဖူးသည့် ကစားသမားဖြစ်ရာ ပြီးခဲ့သည့်ရာသီ ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲမယှဉ်ပြိုင်မီ သတင်းစာရှင်းလင်းပွဲတွင်လည်း မီဒီယာများက ဇီဒန်းကို "ခင်ဗျားနဲ့ စီရိုနယ်လ်ဒိုတို့ ခုချိန် တစ်သင်းတည်းကစားနေရင် ဘယ်သူက ပိုပြီးကျော်ကြားတဲ့ ကစားသမားဖြစ်မလဲ"ဆိုသည့် မေးခွန်းကို မေးမြန်းခံခဲ့ရသေးသည်။ ဇီဒန်းက သူနှင့် စီရိုနယ်လ်ဒိုတို့ ကစားသည့်နေရာ မတူညီကြသော်လည်း ပရိသတ်များက မည်သူ ဂိုးသွင်းသလဲဆိုသည်ကို ပိုမိုအာရုံစိုက်လေ့ရှိသဖြင့် စီရိုနယ်လ်ဒိုသာ စူပါစတားကစားသမား ဖြစ်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုကိုယ်တိုင်ကလည်း ယင်းသို့လှပသည့် သွင်းဂိုးကို သွင်းယူနိုင်မည်ဟု မျှော်လင့်မထားမိကြောင်း ဆိုခဲ့ပြီး "ကျွန်တော်တို့ ဒီဂိုးဆိုတာထက် ပွဲအကြောင်းပဲ ပြောရအောင်ဗျာ၊ ဒီပွဲက အံ့အားသင့်စရာပါ။ ဘာလို့လဲဆိုရင် ဂျူဗင်တပ်လို အသင်းကြီးကို သုံးဂိုးတောင် ကျွန်တော်တို့ သွင်းနိုင်ခဲ့တယ်"ဟု ဆိုခဲ့သည်။

မေလဲ့သင်း - ရေးသားသည်

# အပြောင်းအရွှေ့ကာလနှစ်ခုအတွင်း ကစားသမားအတွက်ထက် အေးဂျင့်အတွက် သုံးဆကျော် သုံးစွဲခဲ့သည့် ဆန်းဒါးလန်း



ဆန်းဒါးလန်းအသင်းဟာ အပြောင်းအရွှေ့ကာလနှစ်ခုအတွင်း ကစားသမားများအတွက် ပေါင် ၁ ဒသမ ၂၅ သန်းသာ သုံးစွဲခဲ့ရပေမယ့် အေးဂျင့်အတွက် ပေါင် ၄ ဒသမ ၃ သန်း သုံးစွဲခဲ့ရကြောင်း သိရပါတယ်။ ဆန်းဒါးလန်းအသင်းဟာ ပြီးခဲ့တဲ့ ရာသီအကုန်မှာ ပရီမီယာလိဂ်ကနေ တန်းဆင်းသွားခဲ့ရပြီးနောက် အသင်းပိုင်ရှင် ရှော့ထ်ကလည်း အသင်းကို ရောင်းချဖို့ ကြိုးပမ်းနေကာ ပိုင်ရှင်သစ်တွေအနေနဲ့ အသင်းရဲ့ ကြွေးမြီ ပေါင်သန်း ၁၃၀ ကို လက်လွှဲ ဆပ်ရမှာဖြစ်ပါတယ်။

ကြွေးမြီပြဿနာကြောင့် ဒီရာသီမှာ ဆန်းဒါးလန်းအသင်းကို ပြောင်းလဲတာဝန်ယူခဲ့တဲ့ နည်းပြနှစ်ဦးဖြစ်တဲ့ ဆိမွန်ဂရေဆန်နဲ့ ခရစ်စ်ကိုးမန်းတို့ဟာလည်း ငွေကြေးသုံးစွဲမှုမှာ တင်းကျပ်ခံခဲ့ရကာ အဲဗာတန်မှ အင်ဒီယန် မက်ဂီဒန်အတွက် ပေါင် ၂၅၀၀၀၀၊ ဘူရီနဲ့ ဘလက်ဘန်းအသင်းတို့မှ ဘူဂန်နဲ့ ဂိုးသမား ဂျာဆန်စတီလီတို့အတွက် ပေါင် ၅၀၀၀၀၀ စီသာ အသုံးပြုနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီကစားသမားတွေ အားလုံးကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့တာကြောင့် ကစားသမားအသုံးစရိတ်အတွက် ပေါင် ၁ ဒသမ ၂၅ သန်းသာ သုံးစွဲခဲ့ရပေမယ့် အေးဂျင့်တွေအတွက် ပေးချေခဲ့ရတာ ပေါင် လေးသန်းကျော်ခဲ့တာဖြစ်ပါတယ်။

# နည်းပြကွန်တီ၏ နေရာတွင် ဂျူဗင်တပ်နည်းပြ အယ်လ်လီဂရီဖြင့် ချယ်လ်ဆီးအစားထိုးမည်

ချယ်လ်ဆီးအသင်းဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလမှာ လက်ရှိနည်းပြ ကွန်တီရဲ့နေရာကို အစားထိုးဖို့ ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီကို ခေါ်ယူခန့်အပ်သွားမယ်လို့ သိရပါတယ်။




ချယ်လ်ဆီးအသင်းအနေနဲ့ အရင်က ကွန်တီနေရာမှာအစားထိုးဖို့အတွက် ဘာစီလိုနာအသင်းနည်းပြဟောင်း အင်းနရစ်အား ခေါ်ယူရန်စီစဉ်ခဲ့သော်လည်း လက်ရှိမှာ အင်းနရစ်ဟာ ပီအက်စ်ဂျီအသင်းရဲ့ အဓိကပစ်မှတ်ဖြစ်လာတဲ့အတွက် အယ်လ်လီဂရီဘက်ကို ချယ်လ်ဆီးအသင်း မြားဦးလှည့်လာတာလည်းဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ လက်ရှိနည်းပြ အီမာရီက ရာသီကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် နည်းပြတစ်ဦးကို မဖြစ်မနေခေါ်ယူရတော့မှာလည်း ဖြစ်ပါတယ်။

လာမယ့်ဘောလုံးရာသီအတွက် အလှုပ်ခတ်ဆုံးဟာ နည်းပြအပြောင်းအရွှေ့ဖြစ်လာနိုင်ပြီး အာဆင်နယ်အသင်းကလည်း အမ်းမရိတ်မှာ ၂၂ နှစ်ကြာလက်တွဲခဲ့တဲ့ နည်းပြ အာစင်ဝင်းဂါးနဲ့ လက်တွဲဖြုတ်ဖို့လည်း အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။

တိကျခိုင်မာတဲ့ သတင်းရင်းမြစ်တွေရဲ့ ဖော်ပြချက်အရကတော့ ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီဟာ ၂၀၂၀ ခုနှစ်အထိ ဂျူဗင်တပ်အသင်းမှာ ဆက်ရှိနေမယ့်စာချုပ်သစ်တစ်ရပ်ကို ပြီးခဲ့တဲ့နွေရာသီက ချုပ်ဆိုထားခဲ့ပေမယ့် လက်ရှိမှာတော့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာတာပဲဖြစ်ပါတယ်။ အကယ်၍ နည်းပြအယ်လ်လီဂရီအနေနဲ့ ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်ဖို့ ပြောင်းရွှေ့လာခဲ့မယ်ဆိုရင် အေဘရာမိုဗစ်ချ်ရဲ့ ခေတ်မှာ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်မယ့် ငါးဦးမြောက်အီတလီနိုင်ငံသားဖြစ်လာမှာဖြစ်ပါတယ်။ အီတလီနိုင်ငံသားနည်းပြများဖြစ်ကြသည့် ကလော်ဒီယိုရာနီရီ၊ အန်စလော့တီနဲ့ ဒီမက်တီယိုတို့ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့ကြပြီး ကွန်တီအပါအဝင် အီတလီနိုင်ငံသားလေးဦးအထိ ရှိထားပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ❖ စပိန်လာလီဂါပြိုင်ပွဲတွင် ရုန်းကန်နေရသည့် ရီးယဲလ်ဆိုစီဒက်အသင်းသည် ၎င်းတို့၏ နည်းပြသစ်အဖြစ် နယူးကာဆယ်အသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အားခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ❖ ချယ်လ်ဆီးအသင်းသည် အသက်(၁၇)နှစ် အရွယ်ရှိ ပေါ်တူဂီဂိုးသမား ဘာကီအိုဇာအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- ❖ ဘုန်းမောက်အသင်း၊ လက်စတာစီးတီးအသင်းနှင့် ချန်ပီယံရှစ်ကလပ် အက်စ်တွန်ဗီလာအသင်းတို့သည် ဆောက်သမ်တန်တိုက်စစ်မှူး ချာလီအော်စတင်အား ခေါ်ယူရန် စောင့်ကြည့်မှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။
- ❖ ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဟာဇက်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ပေး၍ နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည်ဟုဆိုသည်။

ငွေကြယ် - ရေးသားသည်

# ၁၃၇၉ ခုနှစ် သင်္ကြန်မဏ္ဍပ်လျှောက်ထားသူများ လိုက်နာရမည့် စည်းကမ်းချက်များ

ရန်ကုန် ဧပြီ ၄

**၁၃၇၉ ခုနှစ် သင်္ကြန်မဏ္ဍပ်လျှောက်ထားသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

**အဆိုပါ ထုတ်ပြန်ချက်တွင်-**

မဏ္ဍပ်များဆောက်လုပ်ရာတွင် မဏ္ဍပ်နေရာချထားရေးကော်မတီမှ သတ်မှတ်ခွင့်ပြုပေးသည့်နေရာ၊ သတ်မှတ်ခွင့်ပြုပေးသည့် အတိုင်းအတာအတိုင်းသာ ဆောက်လုပ်ရမည်ဖြစ်ပြီး ခွင့်ပြုသည့်နေရာမှ ကျော်လွန်၍လည်းကောင်း၊ ရွှေ့ပြောင်း၍လည်းကောင်း၊ ဆောက်လုပ်ခွင့်မပြုပါ။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မဏ္ဍပ်ဆောက်လုပ်ခွင့်အား ပြန်လည်ရုပ်သိမ်းသွားပါမည်။

မဏ္ဍပ်ဆောက်လုပ်ရန်အတွက် ခွင့်ပြုချက်ရရှိသူမှ အခြားသူများသို့ ငှားရမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း လုံးဝမပြုလုပ်ရပါ။ လျှောက်ထားသူကိုယ်တိုင် ဆောက်လုပ်အသုံးပြုရန်သာဖြစ်ပါသည်။ လိုက်နာမှု မရှိလျှင် မူလခွင့်ပြုချက်ရရှိထားသော ပိုင်ရှင်မှ ၎င်းပေးသွင်းထားသည့် စပေါ်ငွေအနက် မဏ္ဍပ်အကြီးအတွက် ကျပ်သိန်း (၅၀) ကို လည်းကောင်း၊ မဏ္ဍပ်အလတ်အတွက် ကျပ်သိန်း (၃၀) ကိုလည်းကောင်း ဒဏ်ကြေးအဖြစ်ပေးဆောင်ရမည်။

မဏ္ဍပ်အကြီးများအား မျက်နှာစာအရှည်ပေ (၁၂၀) မှ ပေ (၁၅၀)၊ အနောက်ဘက်သို့ ပေ ၄၀ မြေပြင်မှ၈+၁၂ ပေ (၂၀) အထိ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး မဏ္ဍပ်အလတ်များအား မျက်နှာစာအရှည်ပေ ၅၀ မှ ပေ ၁၁၀၊ အနောက်ဘက်သို့ ပေ ၃၀ အမြင့်ပေ ၆+၁၀(၁၆) ပေအထိ ဆောက်လုပ်ခွင့်ပြုမည်ဖြစ် သည်။ မဏ္ဍပ်များ၏ အကျယ်အဝန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ခွင့်ပြုပေးသည့် ပုံစံအတိုင်း မဏ္ဍပ်တာဝန်ခံ အင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရပါမည်။ သတ်မှတ်အရွယ်အစားထက် ပိုပါက တစ်ပေ လျှင် ၁၀၀၀၀၀၀/-(ကျပ် ၁၀ သိန်း) ဒဏ်ကြေး တပ်ရိုက်ခံရပါမည်။

အာမခံစပေါ်ငွေအဖြစ် သင်္ကြန်မဏ္ဍပ်အကြီးကို ကျပ်သိန်း (၂၀၀)နှင့် မဏ္ဍပ်အလတ်ကို ကျပ်သိန်း (၁၀၀) သတ်မှတ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ကြိုတင်ပေးသွင်းရပါသည်။ သတ်မှတ်ထားသော စည်းကမ်းချက်များဖောက်ဖျက်ပါက သတ်မှတ်ဒဏ်ကြေးကိုအာမခံစပေါ်ငွေမှ ပေးဆောင်ရမည်။ စပေါ်ငွေကိုသင်္ကြန်ကာလအပြီး မေလအတွင်း ပြန်လည်ထုတ်ယူခွင့်ရှိပါသည်။

သင်္ကြန်မဏ္ဍပ်လျှောက်ထားသည့် ပိုင်ရှင်၊ မဏ္ဍပ်တာဝန်ခံနှင့် မဏ္ဍပ်ဒုတိယတာဝန်ခံ၊ မဏ္ဍပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်ထိန်းသိမ်းရေးတာဝန်ခံနှင့် ဒုတိယတာဝန်ခံများ အနေဖြင့် မဏ္ဍပ်စတင်တည်ဆောက်ချိန်မှစ၍ ပြန်လည်ဖျက်သိမ်းချိန်အထိ မဏ္ဍပ်နေရာချထားရေးကော်မတီမှ စီမံခန့်ခွဲရေးအရသော်လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း၊ အခြားလိုအပ်ချက်အရသော်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ညွှန်ကြား ညှိနှိုင်းဆောင်ရွက်ရန်အတွက် မိမိတို့တရားဝင်တင်ပြထားသော တယ်လီဖုန်းနံပါတ်များအား အမြဲတမ်းဆက်သွယ်မှုမပြတ်စေရေး ဆောင်ရွက်ထားရှိရန်နှင့် တာဝန်ရှိသူများမှ အခါအားလျော်စွာ စစ်ဆေးသည့်အခါ အစစ်ဆေးခံနိုင်ရေး တာဝန်ခံ (သို့မဟုတ်) ဒုတိယတာဝန်ခံတစ်ဦးဦး သင်္ကြန်ကာလပြီးဆုံးသည်အထိ မဏ္ဍပ်တွင် အချိန်ပြည့်ရှိနေစေရန်။

သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခြင်းကြောင့် လမ်းသား၊ စကြံနှင့် ရေမြောင်းပျက်စီးမှုဖြစ်ပေါ်ပါက ပြန်လည်ပြင်ဆင်ရန်အတွက် ပျက်စီးမှု အတိုင်းအတာအလိုက် ကျသင့်တန်ဖိုးငွေအား ပေးသွင်းထားရှိသည့် စပေါ်ငွေမှ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သို့ ပေးသွင်းရပါမည်။ မဏ္ဍပ်ဆောက်လုပ်ခွင့်ပြုရန် လျှောက်ထားသူသည် သင်္ကြန်အပြီး (၅)ရက်အတွင်း မဏ္ဍပ်များကို ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ သပ်ရပ်စွာအပြီးအစီး ဖျက်သိမ်းပေးရမည်။ နောက်ကျပါက တစ်ရက်လျှင်ဒဏ်ကြေး ငွေကျပ်ငါးသိန်းကို နေ့စဉ်ပေးဆောင်ရပါမည်။

မဏ္ဍပ်များကို လမ်းသား(ကတ္တရာ/ကွန်ကရစ်)ပေါ်သို့တက်၍ ဆောက်လုပ်ခြင်းခွင့်မပြုပါ။ မဏ္ဍပ်ဆောက်လုပ်ရာတွင် မီးပွိုင့်များနှင့် ခုံးကျော်တံတားများ အနီး ပေ ၄၅၀ အတွင်း ဆောက်လုပ်ခြင်း မပြုရန်နှင့် မဏ္ဍပ်တစ်ခုနှင့် တစ်ခုကြား အနည်းဆုံး ပေ ၂၀၀ ခန့် အကွာအဝေးရှိရပါမည်။

မဏ္ဍပ်ဆောက်လုပ်မှုအား သင်္ကြန်အကြိုနေ့မတိုင်မီ သုံးရက်ခန့်အလိုတွင် မဏ္ဍပ်များအား အပြီးဆောက်လုပ်ရပါမည်။

မဏ္ဍပ်များဆောက်လုပ်ရာတွင် ကြံ့ခိုင်မှုရှိစေရန်အတွက် သတ်မှတ်ထားသောစည်းကမ်းချက်များ စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် တာဝန်ယူ ကြီးကြပ်မည့် မဏ္ဍပ်တာဝန်ခံအင်ဂျင်နီယာ၏ ခံဝန်ကတိအား မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားရာတွင် ပူးတွဲတင်ပြစေပြီး ၎င်းမဏ္ဍပ်တာဝန်ခံအင်ဂျင်နီယာကြီးကြပ်မှုဖြင့် ဆောက်လုပ်ရပါမည်။

မဏ္ဍပ်များဆောက်လုပ်မှုကို မဏ္ဍပ်ကြံ့ခိုင်မှုစစ်ဆေးရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အညီ ဆောက်လုပ်ရပါမည်။

မဏ္ဍပ်ဆောက်လုပ်ရာတွင် တိုင်၊ ရက်မ၊ ဆင့်တန်းများအား သတ်မှတ်ထားသောအရွယ်အစားနှင့် ခိုင်ခံ့မှုရှိသော ဒုပြည့်၊ Size ပြည့်သစ်များသာ အသုံးပြုရပါမည်။

မဏ္ဍပ်ဆောက်လုပ်ရာတွင် Steel Structure ဖြင့် ဆောက်လုပ်လိုပါက Hollow (သို့မဟုတ်) သံပြွန်ဖြင့် ဆောက်လုပ်ခြင်း မပြုရန်၊ H beam, I beam အသုံးပြုရန်နှင့် Full Welding အသုံးပြုရပါမည်။

မဏ္ဍပ်များတည်ဆောက်ပါက ဆောက်လုပ်ရေးပစ္စည်းများကို အများပြည်သူသွားလာအသုံးပြုသည့် ဧရိယာများတွင် စုပုံခြင်း၊ လူနှင့်ယာဉ်သွားလမ်းကြောင်း ပိတ်ဆို့မှုမရှိစေရန် အထူးအလေးထားရှိရန်နှင့် ညအချိန်တွင် ဆောင်ရွက်ပါက လူနှင့်ယာဉ် အန္တရာယ်မဖြစ်စေရေးအတွက် အလင်းရောင် လုံလောက်စွာ ရရှိစေရေးနှင့် အရံအတားများ၊ ရောင်ပြန်များဖြင့် ထင်ရှားစွာ စီမံထားရှိရပါမည်။

မဏ္ဍပ်များ ညပိုင်းဆောက်လုပ်သည့်အခါမော်တော်ယာဉ်များ ကြိုတင်မြင်နိုင်ရေးအတွက် မဏ္ဍပ်နေရာရှိ လမ်းနှင့် ခြောက်ပေ အကွာ၌ ရောင်ပြန်(သို့မဟုတ်) မီးအချက်ပြများဖြင့် ထင်သာမြင်သာရန်အတွက် အချက်ပြသွားရပါမည်။

မဏ္ဍပ်၏ကြံ့ခိုင်မှုကို ဆောက်လုပ်နေစဉ် မပျက်မကွက် အစစ်ဆေးခံရမည်။ လာရောက်စစ်ဆေးသော စစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်အတိုင်း လိုအပ်ချက်များကို အတိအကျပြင်ဆင် ဆောင်ရွက်ရမည်။ စစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက မဏ္ဍပ်ဆောက်လုပ်အသုံးပြုခွင့် ပိတ်သိမ်းခြင်းခံရမည် ဖြစ်ပါသည်။

မိမိတို့၏မဏ္ဍပ်စတင်ဆောက်လုပ်ချိန်မှ သင်္ကြန်ကာလပြီးဆုံးချိန်အထိ မိမိတာဝန်ယူရသည့် မဏ္ဍပ်၏ ထူးခြားဖြစ်စဉ်များအား သက်ဆိုင်ရာကော်မတီများသို့ မဏ္ဍပ်တာဝန်ခံမှ အချိန်နှင့် တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရပါမည်။

မဏ္ဍပ်များဆောက်လုပ်ရာတွင် သစ်ပင်ကိုအမာခံပြု၍ မဏ္ဍပ်တည်ဆောက်ခြင်းမပြုရ၊ သစ်ပင်အကိုင်းအခက်များအား ဖြတ်တောက်ခုတ်ထွင်ခြင်းမပြုရပါ။

မဏ္ဍပ်များဆောက်လုပ်ရာတွင် မလွတ်ကင်းသည့် သစ်ကိုင်းများအား အပင်၏ဖွဲ့စည်းပုံ မပျက်စေရန်အတွက် အနည်းဆုံးလိုအပ်ချက်အရ ကိုင်းများကို ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဖြတ်ညှိပေးပါမည်။ မိမိသဘောအလျောက် ခုတ်ထွင် ရှင်းလင်းပါက ဌာနမှသတ်မှတ်ထားသည့် ဒဏ်ကြေးငွေအားပေးဆောင်ရပါမည်။

မဏ္ဍပ်ဆောက်လုပ်ရာတွင် သံတိုင်၊ သစ်၊ ဝါးများအား အပင်တွင် ကပ်ချည်ခြင်း၊ အပင်နှင့်တွဲ၍ သံရိုက်ခြင်းများ မပြုရပါ။ အပင်၏အကိုင်းအခက်များကိုမထိခိုက်စေရန် လိုအပ်သောနေရာများတွင် Net စသည်ဖြင့် အုပ်ဆိုင်းချည်နှောင်ခြင်းအား သက်ဆိုင်ရာမဏ္ဍပ်တာဝန်ခံနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတို့ ညှိနှိုင်းဆောင်ရွက်ရပါမည်။

မဏ္ဍပ်များဆောင်ရွက်ရာတွင် လည်းကောင်း၊ ရေကစားသည့်ကာလတွင်လည်းကောင်း၊ သစ်ပင် ပန်းမန်များ၊ မြက်ခင်းများ ထိခိုက်ပျက်စီးခဲ့လျှင် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ သတ်မှတ်ထားသော မူလတန်ဖိုးငွေ၏ သုံးဆအား ဒဏ်ကြေးငွေအဖြစ် ပေး ဆောင်ရပါမည်။

အင်းလျားကန်ပေါင်ဧရိယာတွင် မဏ္ဍပ်ဆောက်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများသည် ကန်ရေပြင် သန့်ရှင်းမှုအတွက်လည်းကောင်း၊ ကန်ပေါင်၏မြေသားကြံ့ခိုင်ရေးကို ထိခိုက်စေခြင်းမဖြစ်စေရေးအတွက် လည်းကောင်း၊ မြေကျင်းများတူးခြင်း ခွင့်မပြုပါ။ သန့်စင်ခန်းအတွက် အသုံးပြုနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရွှေ့ပြောင်းသန့်စင်ခန်းများကို သတ်မှတ်ငှားရမ်းခပေးဆောင်၍ ငှားရမ်းအသုံးပြုရမည် ဖြစ်ပါသည်။

မဏ္ဍပ်များ လျှပ်စစ်မီးသုံးစွဲရာတွင် သက်ဆိုင်ရာဌာန၏ ညွှန်ကြားမှုအတိုင်း သွယ်တန်းဆောင်ရွက်ရန်နှင့် ယာယီမီတာလျှောက်ထားတပ်ဆင်သုံးစွဲရပါမည်။

မဏ္ဍပ်များတွင် အသုံးပြုသော ရေစက်၊ မီးစက်များအတွက် အသုံးပြုရန်ထားရှိသော စက်သုံးဆီများအား မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်အတွက် လုံခြုံစွာ စီမံထားရှိရန်နှင့် Multipurpose Dry Powder Type 2 kg မီးသတ်ဆေးဘူး နှစ်ဘူးထားရှိရပါမည်။

မဏ္ဍပ်အတွင်း တပ်ဆင်ရမည့် မီးသတ်ဆေးဘူးများကို မီးသတ်ဦးစီးဌာနမှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ မဏ္ဍပ်များတွင် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆီမီး၊ လျှပ်စစ်မီးငြိမ်းသတ်နိုင်ရန် Multipurpose Dry Powder Type 5 kg မီးသတ်ဆေးဘူးများကိုမဏ္ဍပ်အကြီးတွင် လေးဘူး၊ မဏ္ဍပ်အလတ်တွင် နှစ်ဘူး ထားရှိရပါမည်။

လျှောက်ထားရာတွင် ပိုင်ရှင်အမည်၊ မဏ္ဍပ် တာဝန်ခံအမည်နှင့် မဏ္ဍပ်ဒု-တာဝန်ခံအမည်၊ မဏ္ဍပ်စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များ ထိန်းသိမ်းရေးတာဝန်ခံနှင့် ဒု-တာဝန်ခံအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် လက်ကိုင်ဖုန်းနံပါတ်များနှင့် လိုင်းဖုန်းနံပါတ်များ အသီးသီးဖော်ပြရန်နှင့် ၎င်းပုဂ္ဂိုလ် ငါးဦး၏ (၁" × ၁ ဒသမ ၅") အရွယ်ဓာတ်ပုံနှစ်စုံ အပါအဝင် လျှောက်ထားရန်ဖြစ်ပါသည်။

မဏ္ဍပ်၏နောက်ခံနှင့် ရှေ့နဖူးစည်း၊ Vinyl Sheet တွင် မဏ္ဍပ်တာဝန်ခံ၊ ဒု-တာဝန်ခံ၊ မဏ္ဍပ်စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များထိန်းသိမ်းရေးတာဝန်ခံ၊ ဒု-တာဝန်ခံတို့၏ ထင်ရှားသည့်ဓာတ်ပုံ၊ အမည်၊ Mobile ဖုန်းနံပါတ်များကို စာလုံးအဝိုင်း ဆိုဒ်အချင်းသုံးလက်မ၊ စာလုံးအထူ သုည ဒသမ ၅ လက်မဖြင့် ထည့်သွင်းရိုက်နှိပ်၍ အလွယ်တကူ မြင်သာသောနေရာတွင် တပ်ဆင်ထားရပါမည်။ သတ်မှတ်အရွယ်အစားအတိုင်း တပ်ဆင်ထားခြင်းမရှိပါက ဒဏ်ကြေးငွေ ၁၀၀၀၀၀၀ (ကျပ် ၁၀ သိန်း)တပ်ရိုက်ခြင်းခံရပါမည်။

**ဆက်လက်ဖော်ပြပါမည်**

# တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ရေးလှုပ်ရှားမှုဂီတပွဲတော် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်မြို့တွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေခြင်းကို ရပ်တန့်တောင်းဆိုသည့် လူထုလှုပ်ရှားမှုကို ထောက်ခံအားပေးသည့်အနေဖြင့် VOICES FOR WILDLIFE ဂီတပွဲတော်ကို ဧပြီ ၇ ရက်တွင် ညနေ ၅ နာရီမှ ည ၉ နာရီခွဲအထိ မဟာဗန္ဓုလပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပန်သူရိယ စားသောက်ဆိုင်၌ အဆိုပါပွဲတော်နှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားနေခြင်းကို ရပ်တန့်ရန် ရည်ရွယ်၍ မိုမိုတို့အတွက် ရင်တွင်းစကားသံ(VOICES FOR MOMOS)အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ ပူးပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ နာမည်ကျော်အဆိုတော်များနှင့် အနုပညာနယ်ပယ်တွင် ထင်ရှားကျော်ကြားသူများဖြစ်ကြသော ဘန်နီဖြိုး၊ ချူးစစ်ဟန်၊ ကျော်သီဟ၊ အိုင်ရင်းဇင်မာမြင့်၊ ပန်းရောင်ခြယ်၊ ဝိုင်းလေး၊ ဖွဲ့ပြည့်နှင့် အခြားသော အနုပညာရှင်များက ၎င်းတို့တတ်ကျွမ်းသော အနုပညာကိုအသုံးပြုပြီး ဖျော်ဖြေရေးအစီအစဉ်များအပြင် လူထုအသိပညာပေးမှုများကို အားဖြည့်ကူညီဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen က "ဒီဂီတပွဲတော်ကနေ မြန်မာနိုင်ငံသာမက နိုင်ငံအများအပြားမှာပါ ရင်ဆိုင်ကြုံတွေ့နေရတဲ့ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတွေ တရားမဝင် ရောင်းဝယ်ဖောက်ကားနေကြတဲ့ ဖြစ်ရပ်ဆိုးကြီးတစ်ခုကို မီးမောင်းထိုးပြနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင်ကုန်သွယ်မှုတွေ ပပျောက်အောင် လုပ်ဆောင်ဖို့ဆိုတာ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်၊ တကယ်လို့ မြန်မာနိုင်ငံမှာ ဒီလိုတောရိုင်းတိရစ္ဆာန်ပစ္စည်းတွေ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ ဆက်ရှိနေဦးမယ်ဆိုရင် ဒီနိုင်ငံက တောရိုင်းတိရစ္ဆာန်တွေရဲ့ အနာဂတ်ဟာ မတွေးဝံ့စရာပါပဲ၊ တောရိုင်းတိရစ္ဆာန်တွေကို ကာကွယ်ဖို့အတွက် မြန်မာအစိုးရက ကြိုးပမ်းနေတာနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာအစိုးရကို ကျွန်တော်ဂုဏ်ပြုချင်ပါတယ်၊ ပြီးတော့ ဒီလိုတောရိုင်းတိရစ္ဆာန်ပစ္စည်းတွေ တရားမဝင် ကုန်ကူးနေတာတွေကို အပြီးသတ်နှိမ်နင်းနိုင်အောင် ခိုင်မာတဲ့ ဥပဒေတစ်ခု ပြဋ္ဌာန်းပေးဖို့ကိုလည်း တိုက်တွန်းလိုပါတယ်"ဟု ပြောကြားသည်။

ယခုဂီတပွဲတော်သည် မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများအမဲလိုက်သတ်ဖြတ်ခံနေရခြင်း၊ ၎င်းတို့၏ အရေခွံများအား ခွာယူ၍ တရားမဝင် ရောင်းချနေခြင်း စသည်တို့ ပပျောက်သွားအောင် ကြိုးပမ်းသည့်အနေဖြင့် စတင်လှုပ်ရှားခဲ့သော ငါးလကြာ လှုပ်ရှားခဲ့သည့် လူထုလှုပ်ရှားမှု၏ နောက်ဆုံးပွဲလည်းဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့်အထိ ပိုမိုထိရောက်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းရာတွင် အထောက်အပံ့တစ်ခုဖြစ်မည်ဖြစ်ကြောင်း သိရသည်။

မိုမိုတို့အတွက် ရင်တွင်းစကားသံအစီအစဉ် စတင်ခဲ့သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ မျိုးသုဉ်းလုနီးပါး အမဲလိုက်သတ်ဖြတ်ခံနေရသည့် မြန်မာ့တောဆင်ရိုင်းကြီးများ၏ အခက်အခဲများကို လူထုလှုပ်ရှားမှုပွဲများမှတစ်ဆင့် လူအများအပြား သတိထားမိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မတ် ၃ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့၌လည်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့၏ အကြီးအကဲများက တောရိုင်းတိရစ္ဆာန်ပစ္စည်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားနေသည့်ကိစ္စကို အဆုံးသတ်ရန် ကြိုးပမ်းနေသည့် မြန်မာအစိုးရ၏ အားထုတ်မှုများကို ထောက်ခံသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး ဥပဒေပြုမှုအပိုင်း၊ ဥပဒေအာဏာသက်ရောက်စေရန် လုပ်ဆောင်သည့်အပိုင်းများတွင် ပိုမိုပူးပေါင်းလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

VOICE FOR MOMOS ဆိုသည်မှာ ကမ္ဘာ့အကြီးဆုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းကြီးအချို့ ပူးပေါင်းပြီး မြန်မာ့ဆင်များ အမဲလိုက်သတ်ဖြတ်ခံနေရသည့် ပြဿနာကို တုံ့ပြန်ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံတွင်းရှိ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုပြုလုပ်နေသည့်ကိစ္စကို အဆုံးသတ်စေရန်အတွက် ကဏ္ဍအသီးသီးမှ လူတစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း လူထုတစ်ရပ်လုံးပါဝင်လာစေရန် တိုက်တွန်းအသိပညာပေးသည့် လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။

အဆိုပါ လှုပ်ရှားမှု၏ အကြောင်းနှင့် မိုမိုတို့အတွက် သင်၏ ရင်တွင်းစကားသံတို့ဖြင့် မည်သို့ပါဝင်လှုပ်ရှားနိုင်သည်ကို သိရှိလိုပါက www.voicesformomos.org တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ဇော်ကြီး**

# စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ပုလဲ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများသည် မေ ၄ ရက်နံနက် ၁၀ နာရီက ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ခေါ်သန္တိကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ရောက်ရှိရာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ကအမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်ထက်တို့က လွှတ်တော် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မြို့နယ်လမ်းဦးစီးဌာနဦးစီးအရာရှိ ဦးချစ်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဒုတိယဦးစီးမှူး ဒေါက်တာအေးမင်းကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှုရဲအုပ်ခင်မောင်ဇော်နှင့် လက်ထောက် မြို့နယ်ပညာရေးမှူး ဦးညဏ်မြင့်အောင်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်ကန်တော်ကြီးဥယျာဉ် သင်္ကြန်ကာလတွင် အပန်းဖြေအနားယူနိုင်ရန် ဖွင့်လှစ်ထားမည်

**ပြင်ဦးလွင် မေ ၄**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မေ ၁၃ ရက် သင်္ကြန်အကြိုနေ့မှစ၍ နှစ်သစ်ကူး သင်္ကြန်ကာလတွင် အပန်းဖြေအနားယူနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့နှစ်သစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာအတာသင်္ကြန်ကာလ၌ မွေးရပ်ဌာနေပြန်သူများ၊ သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းရောင်းရင်းများနှင့်ဒေသန္တရ ရာဇဝင်လိုသူများသည် မိမိတို့၏ ရည်ရွယ်ချက်များဖြင့် မြန်မာပြည်ဒေသအသီးသီးသို့ သွားရောက်လေ့ရှိကြရာ အပူဒဏ်ကို ကာကွယ်ရင်း အေးချမ်းသည့် ပြင်ဦးလွင်အမျိုးသားကန်တော်ကြီး သဘာဝဥယျာဉ်တွင် အပန်းဖြေအနားယူနိုင်သကဲ့သို့ သင်္ကြန်ကာလပျော်ရွှင်နိုင်မည့် အစီအစဉ်များ စီစဉ်ထားရှိကြောင်း သိရသည်။



သင်္ကြန် စတုဒိသာကျွေးပွဲ၊ ဈေးရောင်းပွဲတော်နှင့်အတူ Foam Party ရေကစားမဏ္ဍပ်၊ ကလေးများ နားနေကစားကွင်းများ အပါအဝင် Sound System mini stage ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ပြီး သင်္ကြန်တွင်းကာလကို အေးချမ်းစွာဖြင့် မိသားစု၊ သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းနိုင်ရန် သင်္ကြန်ပွဲတော်ကာလအတွင်း၌ စီစဉ်ထားကြောင်း သိရသည်။

**၀၀၂**

# တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေးကကြီးမှူး၍ Miss Tess Water 2018 ပြိုင်ပွဲကျင်းပ

**တာချီလိတ် မေ ၄**

တာချီလိတ်မြို့(ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်က ကြီးမှူး၍ Miss Tess Water 2018 ပြိုင်ပွဲကို မေ ၂ ရက် ညနေပိုင်းက ရန်အောင်မြေရပ်ကွက် ပါလုံတရုတ်ဘုံကျောင်းရှိ မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။




ပြိုင်ပွဲအား တေးသီချင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြိုင်ပွဲဖြစ်မြောက်ရေးအဘက်ဘက်မှ ပါဝင်ကူညီသူများကို တာချီလိတ်မြို့(ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Miss Tess Water 2018 ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ Best In Traditional Costume Awardဆုကို အိမ်စည်မောင်ကလည်းကောင်း၊ Most Popular Award ဆုကို နန်းကျန်ဖောင်းကလည်းကောင်း၊ 2nd Runner Up Award ဆုကို မေမီချောကလည်းကောင်း၊ 1st Runner Up Award ဆုကို အေးမိုးသန်းကလည်းကောင်း၊ Winner Award ဆုကို သီရိဇော်ကလည်းကောင်း အသီးသီးရရှိကြပြီး ဆုများကို ကုမ္ပဏီမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲတွင် တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးက ပထမဆုရရှိသူအား နေအိမ်တွင် ရေမီတာတစ်လုံး တပ်ဆင်ပေးပြီး ခြောက်လစာ ရေအခမဲ့ သုံးစွဲခွင့်(သို့မဟုတ်) ဆုငွေအဖြစ် ထိုင်းဘတ်ငွေ ၁၂၀၀၀၊ ဒုတိယဆုရရှိသူအား ရေမီတာတစ်လုံး တပ်ဆင်ပေးပြီး သုံးလစာ ရေသုံးစွဲခွင့် အခမဲ့အဖြစ် (သို့မဟုတ်)ဆုငွေအဖြစ် ထိုင်းဘတ်ငွေ ၁၀၀၀၀၊ တတိယဆုအား ရေမီတာတစ်လုံး တပ်ဆင်ပေးပြီး တစ်လစာ ရေအခမဲ့အဖြစ် (သို့မဟုတ်) ဆုငွေအဖြစ် ထိုင်းဘတ်ငွေ ၈၀၀၀ ကိုလည်းကောင်း Most Popular Award နှင့် Best In Traditional Costume Award ဆုရရှိသူများကို ထိုင်းဘတ်ငွေ ၅၀၀၀ စီကိုလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တွေ့ဆုံဆွေးနွေး

**ပွင့်ဖြူ မေ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းမှ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် ပွင့်ဖြူမြို့နယ်၌ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆန်စက်ပိုင်ရှင်များအသင်းဝင်ဦးရေ တိုးပွားရေးအတွက် ရည်ရွယ်၍ ပြုလုပ်သည့် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆန်စက်ပိုင်ရှင်များ အသင်းဝင်ဦးရေ တိုးပွားလာစေရန် တွေ့ဆုံဆွေးနွေးပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြည်ပနိုင်ငံများသို့ ယခုထက် ဆန်တန်ချိန် ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် ဆန်စပါးအရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ဆန်စက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းထိုက်က မြို့နယ်အတွင်း ဖွဲ့စည်းထားသည့် ဆန်စက်ပိုင်ရှင်များအသင်းအား ယခုထက်ပိုမိုအားကောင်းလာစေရေးအတွက် ဆန်စက်ပိုင်ရှင် အသင်းသားများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဎင်းနောက် တက်ရောက်လာကြသည့် ဆန်စက်ပိုင်ရှင်အသင်းသားများနှင့် လုပ်ငန်းရှင်များက ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အသင်းဝင်ရောက်ရန် လိုအပ်သည်များကို အကြံပြုခြင်းနှင့် မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



**ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် မြို့နယ်ရဲမှူးတင်ကိုကို ဦးစီးသောအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာချိုချိုရီနှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးများရောင်းချမှု ရှိ မရှိ ကွမ်းယာဆိုင်များနှင့် ဆေးဆိုင်များကို ယနေ့တွင် လိုက်လံစစ်ဆေးစဉ်။** မြို့နယ်(ပြန်/ဆက်)

# နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲများကျင်းပ

**မန္တလေး မေ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် နွေရာသီ အားကစားသင်တန်းများဆင်းပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၈ နာရီ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်မောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ အားကစားကွင်းအတွင်း မြန်မာ့သိုင်း၊ ရိုးရာလက်ဝှေ့၊ ဘောလုံး၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ဝူရှူး၊ ခြင်းလုံးအားကစားအဖွဲ့များက အားကစားနည်းအလိုက် သရုပ်ပြသကြသည်။

အားကစားနည်းအလိုက် ဘောလုံးကို ရွှေမန်းတောင် အားကစားကွင်းတွင်လည်းကောင်း၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ ကရာတေးဒိုကို ဗထူးအားကစားခန်းမ၌ လည်းကောင်း၊ ကာယဗလ၊ ကာယအလှ၊ စားပွဲတင်တင်းနစ်ကို ဗထူးကလပ်တွင်လည်းကောင်း၊ အလေးမကို လူငယ်အားမာန် ကလပ်တွင်လည်းကောင်း၊ ပြေးခုန်ပစ်၊ ရိုးရာလက်ဝှေ့ကိုမဟာအောင်မြေအားကစားကွင်းတွင်လည်းကောင်း၊ လက်ဝှေ့ကိုလူငယ်သင်တန်းကျောင်းတွင်လည်းကောင်း၊ ကြက်တောင်ကို ပညာရေးကောလိပ်တွင်လည်းကောင်း၊ သေနတ်ပစ်ကို ချမ်းမြသာစည် အားကစားကွင်းတွင်လည်းကောင်း၊ ပိုက်ကျော်ခြင်းကို လူငယ်ကလပ်တွင်လည်းကောင်း၊ စစ်တုရင်ကို ဗထူးစစ်တုရင်ခန်းမတွင်လည်းကောင်း၊ ခရစ်ကက်ကို အ-ထ-က (၂၆)တွင်လည်းကောင်း သက်ဆိုင်ရာ နည်းပြများက နံနက်ပိုင်း၊ ညနေပိုင်းများတွင် သင်ကြားပို့ချပေးခဲ့ကြသည်။

နွေရာသီ အားကစားသင်တန်းများတွင် မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ မြဝတီမြို့သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးလှုပ်ရှားမှုများဆောင်ရွက်

**မြဝတီ မေ ၄**
ပြည်သူလူထုအကြား လူမျိုးဘာသာမခွဲခြားဘဲ ငြိမ်းချမ်းရေးစိတ်ဓာတ် စိမ့်ဝင်ပျံ့နှံ့ပြီး ပေါ်လွင်ထင်ရှားစေရန် ရည်ရွယ်ပြီး မြန်မာပြည်အနှံ့ နယ်လှည့် လှုပ်ရှားဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့သည် မေ ၃ ရက် နံနက် ၉ နာရီခွဲက ကော့ကရိတ်မြို့မှတစ်ဆင့် မြဝတီမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက မြဝတီမြို့ သယ်န်းညီနောင်ကျေးရွာမှစတင်၍ ကြိုဆိုခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးပြုံးချိုနှင့်ပါတီဝင်များက မြဝတီမြို့အဝင်မှ ကြိုဆို၍ ပန်းစည်းကမ်းခြင်းများဆောင်ရွက်ကြသည်။

"အခုလို ဆောင်ရွက်တာဟာ ငြိမ်းချမ်းရေးအမြန်ဆုံးရဖို့ ဆောင်ရွက်တာပါ။ အဲလို ဆောင်ရွက်တဲ့အခါ ရည်ရွယ်ချက်လေးရပ်နဲ့ ဆောင်ရွက်ပါတယ်၊ ပထမအချက်အနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်ဆိုင်းကြဖို့အတွက်ကို တိုက်တွန်းဖို့၊ ဒုတိယအချက်ကတော့ ဆွေးနွေးစားပွဲဝိုင်းမှာ ထိုင်ပြီးတော့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးတိုင်ပင်ကြဖို့နဲ့ တတိယအချက်ကတော့ အဲလိုလုပ်တဲ့အခါမှာ တိုက်ခိုက်နေတဲ့ နှစ်ဖက်သောသူတွေအားလုံး တစ်ဦးနဲ့တစ်ဦး သင်ပုန်းချေကြဖို့နဲ့ နောက်ဆုံးအချက်ကတော့ ပြည်သူလူထုအတွင်းမှာလည်း ငြိမ်းချမ်းရေးစိတ်ဓာတ်က စိမ့်ဝင်ပျံ့နှံ့ပြီး ရှိနေမှ ဖြစ်မယ်ဆိုပြီး ပြည်သူလူထုကို တိုက်တွန်းတာပေါ့ အဲဒီရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ ခေါင်းဆောင် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၏ အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့သည် မြစန္ဒီပန်းခြံ၌ ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ အမြင်အာရုံချို့တဲ့သူများက ငြိမ်းချမ်းရေးတေးသီချင်းတီးခတ်ဖျော်ဖြေတင်ဆက်ခြင်း၊ ငြိမ်းချမ်းရေးရင်တွင်းဖြစ်စကားများနှင့် လက်မှတ်များကောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



ဆက်လက်၍ မေ ၄ ရက် နံနက် ၇ နာရီက မြဝတီမြို့ အထက (၁) ကျောင်းရှေ့တွင် ငြိမ်းချမ်းရေးပိုစတာ စိုက်ထူခဲ့ပြီး အဆိုပါရထားအဖွဲ့သည် ဘားအံမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကာ ယင်းမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**သုံးခွ**။ ။ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှဦးသည် မေ ၁ ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့နယ် လက်ပန်ကျေးရွာဓမ္မာရုံတွင် မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။ **ကြေးမုံ**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)**။ ။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀) ရပ်ကွက် ဗိုလ်ဆွန်ပတ်လမ်းမပေါ်ရှိ သီရိအောင်မြေဓမ္မာရုံတွင် မေ ၂ ရက် ညနေ ၆ နာရီက ဒဂုံမြောက်မြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်တင်ဝင်းထွန်းက ရပ်ကွက်နေ ပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## မြစိမ်းရောင် ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေး

**လပွတ္တာ မေ ၄**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းက လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ကျင်းပသည်။

လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး)က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာများ၏ အားသာချက်၊ အားနည်းချက်များအား ဆွေးနွေးရှင်းလင်းခဲ့ပြီး ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးပြောကြားခဲ့သည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းသည် လပွတ္တာမြို့နယ်အတွင်း ကျေးရွာ ၆၂ ယူနစ်ထိ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး စီမံကိန်းဆောင်ရွက်ခွင့်ရရှိသော မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်အသုံးချခွင့်ရရှိမည်ဖြစ်သဖြင့် ကျေးရွာများအနေဖြင့် ယခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်သည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်ရုံး တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၆၂ ယူနစ်မှ အသင်းသူ အသင်းသားများ စုစုပေါင်းအင်အား ၆၀၀ ခန့် တက်ရောက်ခဲ့သည်။ **မောင်ဇော်**

## မြောင်းမြတံတားနှင့်အတူ ရေထဲထိုးကျသွားသော ကုန်တင်ယာဉ် ဆယ်ယူရရှိ



**မြောင်းမြ မေ ၄**
မြောင်းမြကြိုးတံတားကျိုးကျပြီး တံတားနှင့်အတူ ခြောက်ဘီးကုန်ကားတစ်စီး ပါသွားရာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ် ခန့်တွင် ဆယ်ယူရရှိခဲ့ပြီဖြစ်သည်။

တံတားအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေငုပ်သမားများ၏ ကြိုးစားအားထုတ်မှုဖြင့် မေ ၁ ရက် အခင်းဖြစ်နေ့ညနေ ၅ နာရီ ကျော်ခန့်တွင် ယာဉ်နှင့်အတူပါသွားသူ ယာဉ်မောင်း မဲကြီး (ခေါ်) သန်းဇော်ထိုက်အား ပိတ်ညပ်နေသောကားခေါင်းခန်းအတွင်းမှ သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့သော်လည်း ယာဉ်နောက်လိုက်အား ကုန်ကားဆယ်ယူရရှိပြီးသည်အထိ ရှာဖွေမတွေ့ရှိသေးကြောင်း သိရသည်။

မြောင်းမြ တံတားသစ်စီမံကိန်းမှ ဇက်ရေယာဉ် ၁၁၂ အပေါ် တံတားအထူးအဖွဲ့ ၁၀ တန် ဝန်ချီစက် တင်ဆောင်၍ ရေအောက်တွင် တံတားဖြင့် ပိညပ်နေသော မော်တော်ယာဉ်အား ယနေ့ နံနက် ၉နာရီခန့်တွင် ဆယ်ယူခြင်းလုပ်ငန်းစတင်ကာ နံနက် ၁၁ နာရီခန့်တွင် ဆွဲထုတ်ခဲ့ကြပြီး မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ကုန်းပေါ်သို့ ဆယ်တင်နိုင်ခဲ့သည်။

မေ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်ဘက်မှ ကြက်စာ ငါးမှုန့်အိတ်များ တင်ဆောင်လာသော မြောင်းမြမြို့ နတ်စင်လမ်းနေ ဦးအောင်ကြီးပိုင် 2J -1599 NISSAN အဖြူရောင် ခြောက်ဘီးကုန်တင်ယာဉ်က မြောင်းမြတံတားပေါ်ဖြတ်မောင်းစဉ် မြောင်းမြဘက်ကမ်းချဉ်းကပ်ခုံမှ ဆိုင်းကြိုးများပြတ်ကာ တံတားကြိုးပြတ်ကျပြီး ကုန်ကားနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ပါ ပြုတ်ကျသေဆုံးမှုဖြစ်ခဲ့ကာ ယနေ့ ကုန်တင်ယာဉ်အား ရှာဖွေ ဆယ်ယူရရှိခြင်းဖြစ်သည်။

ခရီးသွားလာမှုနှင့်ကုန်စည်စီးဆင်းမှုများအတွက် မြောင်းမြဘက်ကမ်းတွင် ဇက်ရေယာဉ်ဆိပ်ကမ်း ဆောင်ရွက်လျက်ရှိပြီး မကြာမီ ဇက်ရေယာဉ် သုံးစင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

## ဘော်လခဲတွင် ကျေးရွာကျောက်ချောလမ်းဖွင့်

**ဘော်လခဲ မေ ၄**
ဘော်လခဲမြို့နယ် ရေနီပေါက်ကျေးရွာ ကျောက်ချောလမ်းနှင့် ရေပြွန်တံတား ခုနစ်စင်းဖွင့်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာ၌ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘော်လခဲခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစိုးလင်းနှင့် ဘော်လခဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးအောင်ကျော်ဦးတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသည် ယခင်မြေသားလမ်းဖြစ်ပြီး ရေပြွန်မရှိသောကြောင့် မိုးရာသီတွင်ရေစီးရေလာကောင်းမွန်ခြင်းမရှိဘဲ ရေဝပ်သဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းသွား၊ ကျောင်းပြန်နှင့် သက်ကြီးရွယ်အိုများဘုရား၊ ကျောင်းကန်များသို့ သွားလာရေးခက်ခဲခြင်း၊ ကျေးရွာရှိဒေသထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ခက်ခဲခြင်းစသည့်အချက်များကြောင့် ကျေးရွာ၏အဓိကလိုအပ်ချက်၊ကျေးရွာပြည်သူများ၏ တောင်းဆိုမှုအရ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းနှင့် ယင်းလမ်းပေါ်ရှိ ရေပြွန်တံတား ခုနစ်စင်းကို စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လူထုဗဟိုပြုစီမံကိန်းတာဝန်ခံဦးနန်းထိုက်ရွှေကပြောသည်။

အဆိုပါ ကျောက်ချောလမ်းသည် အရှည် ၁၀၈၅ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ၉ လက်မနှင့်ယင်းလမ်းပေါ်ရှိ (၁၅×၁ ဒသမ ၅)ပေရေပြွန်တံတား ခုနစ်စင်းကို လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းစီမံကိန်းထောက်ပံ့ငွေကျပ် ၁၁၁ သိန်းကျော် အကုန်အကျခံဖောက်လုပ်ပြီးစီးခဲ့သဖြင့်ကျေးရွာရှိအိမ်ခြေ ၈၀၊ အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၃၆၀ ကျော်အတွက်ပညာရေး၊ ကျန်းမာရေး၊ ဒေသထွက် ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာမည့်အပြင် အဆိုပါ ဒေသရှိပြည်သူများကိုများစွာအကျိုးပြုမည့်လမ်းဖြစ်ကြောင်းသိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း နှစ်ပတ်လည် စည်းဝေး

**ရန်ကုန် မေ ၄**
မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မေ ၁ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ SKY STAR ဟိုတယ်၌ ကျင်းပသည်။

အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးစိုးနိုင်က နှစ်ပတ်လည်ဆိုင်ရာ ငွေစာရင်းရှင်းတမ်းနှင့် ဆောင်ရွက်ချက်များကို တင်ပြခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

## လယ်ယာထွက်စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေသြဇာများ ပြုလုပ်နိုင်ရေး တောင်သူများအား နည်းပညာပေး

**ဘားအံ မေ ၄**
ကရင်ပြည်နယ် ဘားအံမြို့နယ် မိသရောင်ကျေးရွာအုပ်စု မိသရောင်ကျေးရွာတွင် ဓာတုပိုးသတ်ဆေးအစား သဘာဝမြေသြဇာအသုံးပြု၍ သီးနှံအထွက်တိုးစေရန်နှင့် မြေဆီလွှာပျက်စီးမှု ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် GMSAEDC တို့ ပူးပေါင်း၍ မေ ၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့နယ် မိသရောင်ကျေးရွာတောင်သူများ စိုက်ပျိုးထားသော ရော်ဘာခြံတွင်အီးအမ်ဘိုကာရှီမြေဆွေးနှင့် အီးအမ်ရွက်ဖျန်းမြေသြဇာပြုလုပ်နည်း ပညာပေးခဲ့သည်။

အဆိုပါ ပညာပေးပွဲတွင် ဘားအံမြို့နယ် မိသရောင်ကျေးရွာအုပ်စုအတွင်းရှိ မိသရောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှတောင်သူများအား ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မောင်မောင်၊ပြည်နယ်စိုက်ပညာတာဝန်ခံ ဦးဝင်းဇော်၊ ပြည်နယ်မြေအသုံးချရေးနှင့် မျိုးစေ့တာဝန်ခံများက အီးအမ်မြေဆွေးနှင့် အီးအမ်ရွက်ဖျန်းမြေသြဇာပြုလုပ်နည်း အဆင့်ဆင့်၊ သီးနှံများ၏ သက်တမ်းအလိုက် သဘာဝ မြေသြဇာ စနစ်တကျ သုံးစွဲနည်းစနစ်များ၊ သီးနှံ အထွက်နှုန်းကောင်းရန် စိုက်ပျိုးမည့် မျိုးစေ့ရွေးချယ်မှုများအပြင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ စနစ်တကျအစေးလှီးနည်းများ၊ ရောဂါကျရောက်မှု ကာကွယ်နှိမ်နင်းနည်းနှင့် အပင်ပြုစုထိန်းသိမ်းနည်းများကိုလည်း နည်းပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ပြည်ထောင်စုပန်းချီပြပွဲကြီးကျင်းပဖို့အချိန်တန်ပြီ

ဝင်းပ

**မြန်မာနိုင်ငံသည် တောအစိုစို၊ တောင်အမို့မို့အပြင် ဧရာဝတီမြစ်၊ စစ်ကိုင်းမြစ်၊ ချင်းတွင်းမြစ်၊ ပေါင်းလောင်းမြစ်၊ သလ္လာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်စသည့် မြစ်ကြီးများ၊ ရွှေတိဂုံစေတီ၊ ရွှေမော်ဓောစေတီ၊ ရွှေစည်းခုံစေတီ၊ ရွှေစာရံစေတီ၊ ရွှေမုဋ္ဌောစေတီ၊ ရွှေဆံတော်စေတီစသော သမိုင်းဝင်တန်ခိုးကြီးဘုရားများ၊ ထို့အတူ ဘာသာရေးယဉ်ကျေးမှု၊ သာသနာရေးယဉ်ကျေးမှု၊ စီးပွားရေးယဉ်ကျေးမှု . . . ယဉ်ကျေးမှုတို့ဖြင့် ခြယ်သထုံမွမ်းထားကာ အများတကာထက်ထူးခြားလှပနေတယ်။**

**သာသနိကရာဇဝံသဝိဘာပနီကျမ်း**
**ကြခတ်ဝိုင်းဆရာတော်**

တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် မြန်မာနိုင်ငံ တောအစိုစို တောင်အမို့မို့တွင် မှီတင်းနေထိုင်လျက်ရှိသော သာယာလှပသောနိုင်ငံဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံတို့၏ ဘာသာဘာဝဓလေ့စရိုက်လည်း မျိုးစုံသည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည်လည်း ထွေပြားဆန်းကြယ်လှသည်။ မိရိုးဖလာသီဆိုတီးမှုတ်ကခုန်မှု ပန်းချီ၊ ပန်းပု၊ အနုပညာရပ်များမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

ထူးထူးခြားခြားတောင်ပေါ်မြေပြန့်နေရာအနှံ့တွင် ဤသို့သူ့နေရာနှင့်သူ အနုပညာပန်းပွင့်များ ဖူးပွင့်ဝေဆာလျက်ရှိပါသည်။ အထူးသဖြင့် ကျောက်ခေတ်ပန်းချီလက်ရာများကို ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရွာငံမြို့အတွင်းရှိ ပြဒါးလင်းဂူတွင်တွေ့ရှိရပါသည်။ ပြဒါးလင်းဂူသည်ညောင်ကြပ်ရွာ အရှေ့ဘက်သုံးမိုင်ကျော်တွင်တည်ရှိ၍ ရေပုပ်ရွာဟောင်းအနောက်ဘက်တစ်မိုင်ကျော်အကွာအဝေးတွင်တည်ရှိပါသည်။ ယင်းပြဒါးလင်းဂူနံရံ ပန်းချီအထောက်အထားများကို တွေ့ရှိရသဖြင့်မြန်မာနိုင်ငံတွင် ကျောက်ခေတ် သစ်ပန်းချီလက်ရာများရှိကြောင်း ဂုဏ်ယူဝင့်ကြွားနိုင်သည်။ ပြဒါးလင်းဂူနံရံပန်းချီသက်တမ်းကို သုတေသနပညာရှင်ဦးအောင်သော်က နှစ်ပေါင်း ၇၀၀၀ ကျော်ရှိပြီဟု ခန့်မှန်းခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ ကျောက်ခေတ်နံရံပန်းချီများတွင်မတွေ့ရသောရှုခင်း (တောင်နှစ်လုံးကြား နေထွက်လာပုံရှုခင်း) ကိုတွေ့နိုင်ပါသည်။

**ကုန်းဘောင်ခေတ်ဦးလက်ရာများ**

လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်နီးပါးက ပုဂံခေတ်ရှေးရိုးမြန်မာပန်းချီများ ခေတ်အဆက်ဆက် ရှင်သန်ထွန်းကားခဲ့ရာတွင် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ကဲ့သို့အထောက်အထား ခိုင်ခိုင်လုံလုံနှင့် တွေ့ရှိရသောပန်းချီလက်ရာများကိုလည်း ထူးထူးခြားခြား ရှမ်းပြည်တောင်ပိုင်း ဟဲယာရွာမအရှေ့ကျောင်းနှင့် ပြင်ကျောင်းမြောက်ဘက်ရှိ စေတီစုတွင် စာရေးဆရာ၊ သမိုင်းသုတေသီဦးသိန်းသန်းထွန်း (တစ်သက်တာစာပေဆုရှင်)က ရှာဖွေတွေ့ရှိခဲ့ဖူးသည်။ ရှေးနှစ်ပေါင်း ၂၀၀ နီးပါးက ရေးဆွဲခဲ့သော ကုန်းဘောင်ခေတ်ဦးလက်ရာများဟု ခန့်မှန်းပါသည်။ ယခင့်ယခင်က နံရံဆေးရေးပန်းချီများကို မန္တလေး၊ မြင်းခြံ၊ မုံရွာမြို့နယ်များအတွင်း၌သာ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

ယင်းနံရံပန်းချီများကို လေ့လာခြင်းအားဖြင့် ကုန်းဘောင်ခေတ်ဦးတွင် ပြည်မနှင့်ရှမ်းပြည်နယ် ဆက်ဆံရေးကောင်းမွန်ပုံများကို သိနိုင်သည်။ ယင်းနံရံပန်းချီလက်ရာများနှင့် တူသောလက်ရာများကို ရုပ်တုရုပ်ကြွများကိုလည်း ရှမ်းပြည်တောင်ပိုင်း ပင်းတယ၊ ရပ်စောက်၊ ညောင်ရွှေ၊ အင်းလေး၊ မိုင်းပွန်၊ မိုးနဲ၊ မိုင်းပန်၊ ဟိုပုံး၊ နိမ့်ခုတ်၊ နောင်မွန်၊ ဆီဆိုင်စသော မြို့နယ်များရှိ ရှေးဟောင်း အဆောက်အအုံများတွင်လည်း တွေ့နိုင်သည်ဟုဆိုသည်။ ဤသို့တန်ဖိုးကြီးမားလှသည့် ပြည်ထောင်စုပန်းချီ အမွေအနှစ်လက်ရာများ ကဲ့သို့သော ပန်းချီအထောက်အထားများကို အခြားပြည်နယ် အသီးသီးတွင်လည်း သုတေသနလုပ်ကြည့်လျှင်ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။


ဤသို့ပြည်နယ်အသီးသီးတွင် ထွန်းကားခဲ့သည့် ပန်းချီအနုပညာများကို အခြေခံ၍ ညီနောင်သားရင်းသွေးချင်းပညာရှင်များ စုစည်းခြင်းအားဖြင့်ပင် မြန်မာပန်းချီလောကကို ထူထောင်ခဲ့ကြပါသည်။ တိုင်းရင်းသားစာပေပညာရှင်များက ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ဘဝနှင့် ဓလေ့ကို စာပန်းချီခြယ်ခဲ့ကြသကဲ့သို့ တိုင်းရင်းသား ပန်းချီအနုပညာရှင်များကလည်း ပန်းပညာဖြင့်ခြယ်မှုန်းသရုပ်ဖော်ခဲ့ကြပါသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာပန်းချီလောကတွင် တိုင်းရင်းသားပေါင်းစုံပန်းချီပညာရှင်များက တိုင်းရင်းသားသွေးချင်းဒေသရှုခင်းများနှင့် ဘဝသရုပ်ဖော် ပန်းချီလက်ရာများ မှတ်တမ်းတင်သည့်အလေ့အထကောင်းလာသည်ကို တွေ့ရပါသည်။ ပန်းချီကျော်ကြီးဦးဘကြည်သည် ရှမ်းပြည်ခရီးထွက်ပြီး ဒီးဒုတ်ဂျာနယ်တွင် 'ရှမ်းပြည်မှာ ဘာတွေပေါ်တယ်' စသည့် ခရီးသွားဆောင်းပါးများနှင့်အတူ ခရီးသွားပန်းချီ (ဥပမာ၊ အင်းလေးဒေသရှုခင်း၊ ဓလေ့စရိုက်လက်ရာ) များရေးဆွဲခဲ့ပါသည်။ ပန်းချီဆရာကြီးဦးလှရှိန် (I.C.S) သည် ရှမ်းပြည်တွင်အမှုထမ်းရင်း ရှမ်းဒေသတောတောင်ရှုခင်းများကို ရေးဖွဲ့ရာတွင် လှပသေသပ်လွန်းသဖြင့် တောကားတောင်ကား ပန်းချီကျော်ပြင်သစ်ပန်းချီဆရာ 'မိယေး' နှင့် ဆင်တူသည်ဟု ဆရာပေါ်သစ်က ချီးကျူးရေးသားဖူးပါသည်။ ၈၈ အရေးအခင်းအတွင်း ကွယ်လွန်သွားသူပန်းချီဆရာကြီး ဦးဘရင်ကလေး (ပန်းချီပန်းပုကောင်စီ ဗဟိုအတွင်းရေးမှူး ၁၉၆၇/၆၈) သည် တောင်တန်းဒေသများသို့ ခက်ခက်ခဲခဲပင်ပင်ပန်းပန်းသွားရောက်ကာ တိုင်းရင်းသားသွေးချင်းများ သွေးစည်းညီညွတ်ရေး ယဉ်ကျေးမှုသရုပ်ဖော်လက်ရာများ ရေးဆွဲခဲ့သည်။ သူ၏ 'တောင်ကွဲစေတီ' သည် ၁၉၆၀ ပြည့်နှစ်စာပေဗိမာန်ပန်းချီပြပွဲကို လွှမ်းသွားခဲ့ဖူးသည်။ စာပေဗိမာန်ပန်းချီပြပွဲမှာပင် တင်သွင်းပြသခဲ့သော ဆရာရန်ကုန်ဘဆွေ၏ 'တောင်တော်ခန်းမ' ပန်းချီကားသည် ဆရာကိုယ်တိုင် နာဂတောင်တန်းသို့ ပန်းချီမောင်ငွေထွန်းနှင့်အတူ ခရီးထွက်၍ရေးဆွဲခဲ့သော လက်ရာမွန်ပန်းချီကားကြီးဖြစ်သည်။ နာဂလုံမေနှစ်ဦးကို တောင်တော်ခန်းမရှေ့တွင် လှလှပပသဘာဝကျကျတွေ့ရသည်။ ကျန်းမာသန်စွမ်းကြံ့ခိုင်မှုကို နာဂလုံမေနှစ်ဦး၏ ဖွံ့ထွားကိုယ်နေဟန်ထားဖြင့် တင်စားရေးဖွဲ့ထားသည်။

ထားဝယ်သား ပန်းချီဆရာ အလင်္ကာကျော်စွာဆရာကြီးဦးငွေကိုင်သည်လည်း မောင်းမကန်အလှ တံငါသည်ဘဝလို၊ မြိတ်ကျွန်းစုအလှလို ပင်လယ်ရှုခင်းပန်းချီကားများကို လက်စွမ်းပြနိုင်သလို တောင်ပေါ်သွေးချင်းတို့၏ ဌာနေသို့လည်းခရီးထွက်၍ အင်းလေးရေပေါ်ဈေး၊ တောင်ပေါ်သူ ပလောင်ပျိုဖြူ နာဂလုံမေ၊ အလှဘဝပန်းချီကားများ၊ ကလောဈေးရှုခင်းများနှင့်အတူ လက်စွမ်းပြခဲ့သည်။

ပန်းချီခရီးသည်မောင်ငွေထွန်းသည်လည်း ရန်ကုန်ဘဆွေနှင့်အတူခရီးထွက်၍ မချမ်းဘောစိုက်ခင်း၊ နာဂသူရဲကောင်း၊ ပဒေါင်ပျိုဖြူ လက်ရာများရေးဆွဲမှတ်တမ်းတင်ခဲ့သူဖြစ်သည်။ ပန်းချီဆရာဦးမင်းနိုင်သည် တိုင်းရင်းသားယဉ်ကျေးမှု သုတေသနစာအုပ်များပြုစုပြီး ပလောင်၊ နာဂ၊ ပအို့ဝ်းပျိုဖြူ ပန်းချီကားများလည်း ရေးဆွဲသွားခဲ့သည်။ ချင်းအမျိုးသား ပန်းချီဆရာဇွန်ဇာဟောက်၏ ချင်းပျိုဖြူ ချင်းမုဆိုးမ၊ ပန်းချီကားများရေးဆွဲပြသခဲ့သူဖြစ်သည်။ ပန်းချီလှမြင့်ဆွေသည်လည်း သွေးချင်းတို့၏ဘဝကိုလေ့လာရေးဆွဲရာတွင် စိတ်အားသန်သူဖြစ်သည်။

ဤသို့သွေးချင်းတိုင်းရင်းသားများ၏ ဘဝနှင့်ဒေသကိုသွားရောက်၍ ပန်းချီပညာရှင်များရေးဆွဲ မှတ်တမ်းတင်ခြင်းအားဖြင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုအတွက် အထောက်အပံ့ကောင်းများဖြစ်ပါသည်။ တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှုကို အခြေခိုင်စေသည်။ စည်းရုံးရေးကိုအားပြုစေသည်။ ယဉ်ကျေးမှု ဖွံ့ဖြိုးရေးကို လမ်းပွင့်စေလေသည်။



တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်လည်း ပန်းပညာရှင်အများအပြားပေါ်ထွက်ခဲ့သည်ကို တွေ့ရပါသည်။ ကောက်ကာငင်ကာတင်ပြရလျှင် တောင်ကြီးမှ ဦးခမ်းလွန်း၊ ဦးစံဖေ(ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်ထုလုပ်ရေး ပုံစံထုတ်ပြီး အင်္ဂလန်မှ ကြေးသွန်းပန်းပုဆရာ မစ္စတာကော့ပ်နော်လ်နှင့်အတူလိုက်ပါသွားပြီး ကူညီထုလုပ်ခဲ့သူ)၊ ဦးထွန်းရီ(အင်းလေး)၊ ဦးတင်ဝင်း(တောင်ကြီး)၊ ဦစိုင်းမျိုးမြတ်၊ ဦးမိုးဝင်း၊ ဦးစန်းယဉ်၊ ဦးမြင့်ဆွေ(ညောင်ရွှေ)၊ ဦးဖိုးစော(တောင်ကြီး)၊ ဦးအောင်လှ (ရွှေညောင်)၊ ဝင်းဦး၊ ကိုဦး၊ ဇော်မင်းထူး၊ မင်းသစ်ကြည်၊ ဦးရွှေသန်း (ရခိုင်)၊ ဦးဇော်ညို၊ ဦးဗိုလ်ဝင်း(ရခိုင်)၊ ဦးအောင်စည်၊ ဦးရန်အောင်၊ ကိုကျော်ကျော်ထက် (ကချင်ပြည်နယ်)၊ ဦးအောင်ဆွေ(ဟိုပင်)၊ ဇွန်ဇာဟောက်(ချင်းပြည်နယ်)၊ ဦးအောင်စိန်၊ ဦးကိုလေး၊ စောတင့်ဝေ၊ စောသန့်ဇင်၊ မျိုးမင်းထွတ်(ကရင်ပြည်နယ်)၊ ဦးမော်ကြီး၊ ဦးကျော်လွင်(ကယားပြည်နယ်)၊ ဦးအုန်းလွင်၊ ဦးစံဝင်း၊ ဦးလွန်းကြွယ်(ဒေါက်တာလွန်း)၊ ဦးမင်းစံချိန်၊ ဦးထွန်းလင်း၊ ဦးသက်ညွန့်၊ ဦးဝင်းမြင့်(မုဒုံ)၊ ဦးသောင်းဟန်၊ ဦးခင်အုန်း(ရာမညကိုကိုနိုင်)၊ ဦးမြလွင် ခေါ် မြတင်၊ ဦးသန်းမောင်(မွန်ပြည်နယ်)၊ တနင်္သာရီတိုင်းဒေသကြီးမှ ဆရာကြီးဦးငွေကိုင်၊ ဦးသိန်းညွန့်၊ ဦးအောင်မြင့်၊ ဦးခင်လှိုင်(ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဖခင်)၊ ဦးဘိတ်ကြည်၊ ပန်းပုဆရာကြီးဦးဟန်တင်၊ ဦးလှရွှေ၊ ဦးစိုးတင့်(မြိတ်)၊ ဦးစိုးငြေး၊ ဒီအောင်သိန်းစသူတို့သည် သွေးချင်းတိုင်းရင်းသား ပန်းပညာရှင်များဖြစ်ပါသည်။ ကောက်ကာငင်ကာ ကျွန်တော်ရေးပြသောစာရင်းမျှဖြစ်ပြီး အများကြီး ကျန်နိုင်ပါသေးသည်။

**တပ်လှန့်နှိုးဆော်**

မြန်မာနိုင်ငံရိုးရာပန်းဖွဲ့စည်းရေးအတွက် ၁၆-၁၂-၁၉၈၁ ရက်နေ့က ကျင်းပခဲ့သော ပြည်လုံးကျွတ် ပန်းချီ၊ ပန်းပုပညာရှင်များ မျက်နှာစုံညီ အစည်းအဝေးကြီးတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တာမွေမြို့နယ် ကိုယ်စားလှယ်များကိုယ်စား ပန်းချီဆရာဦးလွန်းကြွယ် (ဒေါက်တာလွန်းကြွယ်)က ပန်းချီပန်းပု ပညာရှင်များ တောင်ပေါ်ဒေသများသို့ ခရီးထွက်လေ့လာ၍ ရေးဆွဲမှတ်တမ်းတင်ကြအဆိုကို တင်သွင်းတိုက်တွန်းခဲ့ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တိုင်းရင်းသားပန်းချီဆရာပေါင်းကို တပ်လှန့်နှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။

ဤအချိန်မှစ၍ မြန်မာပန်းချီလောကတွင် တောင်ပေါ်မြေပြန့် ပြည်မပန်းချီပြပွဲများ ကျင်းပသည်ကို တွေ့လာရပါသည်။ ရိုးရာပန်းဖွဲ့စည်းရုံး ဖွဲ့စည်းရေးခရီးများထွက်ရာတွင် ကချင်ပြည်နယ်မြစ်ကြီးနား၊ ဟိုပင်၊ အင်းတော်ကြီးနှင့် တောင်ကြီးတန်ဆောင်တိုင်ပွဲနှင့် တိုက်ဆိုင်၍ ရှမ်းပြည်နယ်အဆင့် ရိုးရာပန်းဖွဲ့စည်းရေးခရီးများထွက်ပြီး 'ရှမ်းရိုးမမှာသာတဲ့လ' အမည်ဖြင့် ပန်းချီပြပွဲများ ကျင်းပနိုင်ခဲ့သည်။ ပန်းချီမောင်ကျော်ညွန့်နှင့်အဖွဲ့သည် အညာဆန်ခရီး၊ ရခိုင်ဒေသခရီး၊ နတ်မတောင်ခရီး၊ ကယားပြည်နယ် ခရီးများထွက်၍ 'သာစွရခိုင်၊ နတ်မတောင်၊ သာစွဝေစည် ငွေတောင်ပြည်' ပြပွဲများ ကျင်းပခဲ့သည်။ ထိုပြပွဲများတွင် သွေးချင်းများ၏ ဓလေ့သဘာဝနှင့် တိုင်းရင်းသားများပျော်စံရာ ရှုခင်းအလှများကို သရုပ်ဖော် ဂုဏ်ပြုရေးဆွဲခဲ့ကြသည်။

ယခု အစိုးရလက်ထက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နေချိန် အောင်မြင်ရေးအတွက် အထောက်အကူဖြစ်မည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ဖော်ကျူး သရုပ်ဖော် ရေးဆွဲသည့် ပန်းချီလက်ရာများချည်း စုပေါင်း၍ ပြည်ထောင်စုပန်းချီပြပွဲကြီးတစ်ပွဲကို ကြည့်ခွင့်ရမည်ဆိုလျှင် ကောင်းလေစွ။

ပြည်ထောင်စုပန်းချီပြပွဲကြီးတစ်ပွဲ ကျင်းပနိုင်ဖို့ဆိုလျှင် တစ်ပြည်လုံးအတိုင်းအတာဖြင့် စည်းရုံးစီစဉ် ခင်းကျင်းပြသဖို့ စည်းရုံးရေးအင်အားကောင်းသော ပန်းချီအဖွဲ့အစည်းမျိုးမရှိ။ ပန်းချီပန်းပုကျောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ဟူ၍ ကျောင်းကြီးလေးကျောင်း၊ ပန်းချီဆရာဦးရေ ၁၀၀ ကျော်ရှိသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကသာ အလွယ်တကူ စွမ်းဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတည်ဆောက်လျက်ရှိသော အရပ်သားအစိုးရလက်ထက်တွင် ဤမျှအရေးပါလှသော ပြည်လုံးကျွတ်ပြည်ထောင်စုပန်းချီပြပွဲကြီးတစ်ပွဲ ကျင်းပရေးတာဝန်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပခုံးပေါ်သို့ ကျရောက်ရှိသည်ဟု ယုံကြည်လျက်ရှိပါသည်။

နှစ်စဉ်ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပလျက်ရှိသော ယဉ်ကျေးမှုဝန်ကြီးဌာနသည် တစ်ကြိမ်တစ်ခါမျှ ပြည်လုံးကျွတ်ပန်းချီပြပွဲကြီးနှင့် ညှိုးနွမ်းလျက်ရှိသော ပန်း ၁၀ မျိုး ပြပွဲမျိုးပြသဖူးခြင်း မတွေ့ရသေးပါ။

ငြိမ်းချမ်းရေးနှင့် အနုပညာမြတ်နိုးသူများက အားကိုးတကြီး မျှော်လင့်စောင့်စားလျက်ရှိပါသည်။ အရှင်မွေးလျှင် နေ့ချင်းကြီးပါသည်။ ။





# ၅၃ နှစ်ကြာ သစ္စာတရားကို ထိန်းသိမ်းထားခဲ့တဲ့ လီဆွန်ဂျေး

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားကြီးတစ်ဦးဖြစ်တဲ့ လီဆွန်ဂျေးက လတ်တလောမှာပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးမှာ ၅၃ နှစ်ကြာထားရှိခဲ့တဲ့ သစ္စာတရားနဲ့အတူ ဇနီးဖြစ်သူအပေါ် ချစ်ခင်မှုတွေကို ရင်ဖွင့်ခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂ ရက်မှာတော့ လီဆွန်ဂျေးက ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ “Same Bed, Different Dreams - Season 2”မှာ ပါဝင်ခဲ့ပြီး သူ့ရဲ့ အချစ်ရေးနဲ့ အိမ်ထောင်ရေးအကြောင်းအရာတွေကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ သူဟာ လက်ရှိဇနီးဖြစ်သူကို လွန်ခဲ့တဲ့ ၅၃ နှစ်က လက်ထပ်ခဲ့တာဖြစ်ပြီး မိသားစုဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းခဲ့တာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် သူ့ရဲ့ဘဝဒဿနနဲ့ပတ်သက်ပြီး ဂုဏ်သိက္ခာကို အလွန်တန်ဖိုးထားသူဖြစ်တာကိုလည်း တွေ့ရပါတယ်။

အဆိုပါအစီအစဉ်မှာ လီဆွန်ဂျေးဟာ ဇနီးဖြစ်သူအပေါ် ချစ်ခင်နှစ်လိုဖွယ်ခင်ပွန်းတစ်ဦးဖြစ်ခဲ့လားလို့ မေးမြန်းခံခဲ့ရချိန်မှာတော့ သူဟာ ဇနီးသည်အပေါ်မှာ ချစ်ခင်နှစ်လိုဖွယ်ဆိုတာထက်ပိုတဲ့ ခင်ပွန်းဖြစ်ခဲ့ကြောင်း ဆိုပါတယ်။ ဒ့ါအပြင် ဆုံးဖြတ်ချက်တွေအားလုံးကို ဇနီးဖြစ်သူကိုသာ ဆုံးဖြတ်စေခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ပရိသတ်တွေကတော့ ဒီလို အဘိုးအရွယ်တစ်ဦးဖြစ်တဲ့ မင်းသားကြီးအနေနဲ့ ဇနီးဖြစ်သူကို ချစ်ခင်ကြောင်း ထုတ်ဖော်လာတာကို ကြားခဲ့ရတဲ့အပေါ် အလွန်ကို ကြည်နူးဝမ်းသာဖြစ်ခဲ့ရကြောင်းလည်း သိရပါတယ်။


## တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်

## Ready Player One

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် နာမည်ကျော်ဒါရိုက်တာ စတီဗင်စပီးဘာ့ခ်ျရဲ့ လက်ရာဖြစ်တဲ့ “Ready Player One” ရုပ်ရှင်က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ အဖွင့်သီတင်းပတ်အဖြစ် စတင်ခဲ့ပြီး အားလပ်ရက်လေးရက်ပါဝင်တဲ့ သီတင်းပတ်အကောင်းဆုံးမှာတော့ အဆိုပါရုပ်ရှင်ရဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၂ သန်း ရှိခဲ့တာကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကမှာ အပြိုင်ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင် တွေအနက် ဝင်ငွေအကောင်းဆုံးအဖြစ် ထိပ်ဆုံးမှရပ်တည်နေကြောင်း အေ့စ်ရှိုး ဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရုံတင်ရက်အဖြစ် ပြီးခဲ့တဲ့ သောကြာနေ့မှာ စတင်ရုံတင်ခဲ့ပြီး သီတင်းပတ် အဆုံးဖြစ်တဲ့ သုံးရက်ကြာ ရုံတင်ပြသမှုအပြီးမှာတော့ “Ready Player One”ဟာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၂ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကို ကြာသပတေးနေ့မှာ အကြိုထုတ်လွှင့်ပြသခဲ့ရာမှ ရရှိခဲ့တဲ့ ဝင်ငွေတွေကို ထည့်တွက်ပါက ပထမသီတင်းပတ်အပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၂ သန်း ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းအမျိုးအစားဖြစ်တဲ့ ယင်းရုပ်ရှင်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်း ရုံတင်ခဲ့ရာမှာတော့ အမေရိကန်ဒေါ်လာ ၁၂၈ သန်း ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးအဖြစ် ရပ်တည်ခဲ့တဲ့ ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာမှ စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ “Acrimony” ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁ သန်း ဖြစ်ပါတယ်။ စတင်ရုံတင်ခဲ့သည်မှ သီတင်းပတ် ငါးပတ်ဆက်တိုက် ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့တဲ့ “Black Panther” ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နံပါတ်သုံးနေရာမှာ ရပ်တည်နေတာ တွေ့ရပါတယ်။




## ၁၆ နှစ်အတွင်း တေးအယ်လ်ဘမ်သစ်ကို ဂျက်ကီချန်း ထုတ်လုပ်မည်

တရုတ် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းဟာ လတ်တလောမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ဖြန့်ချိဖို့ရာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ထုတ်လုပ်တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး လာမယ့် ဩဂုတ်လအတွင်း စတင်ဖြန့်ချိသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မကြာသေးမီက ဘေဂျင်းမှာ ပြုလုပ်ခဲ့တဲ့ အခမ်းအနားတစ်ခုမှာ ဂျက်ကီချန်းက သူဟာ တေးအယ်လ်ဘမ်သစ်အတွက် အချိန်သုံးနှစ်ကြာ ပြင်ဆင်ခဲ့ရတာဖြစ်ကြောင်းနဲ့ ဒီလို အချိန်အတော်ကြာ ပြင်ဆင်ခဲ့ရတာဟာ သူ့ရဲ့များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် ကြန့်ကြာခဲ့ရတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒ့ါအပြင် ဂျက်ကီချန်းက ယင်းတေးအယ်လ်ဘမ်ဟာ လက်ရှိမှာတော့ ထုတ်လွှင့်ဖို့ရာ အဆင်သင့်ဖြစ်နေပြီလို့လည်း ပြောကြားခဲ့ပါတယ်။



တေးအယ်လ်ဘမ်သစ်ရဲ့ ပြင်ဆင်မှုနဲ့ပတ်သက်ပြီးလည်း ဂျက်ကီချန်းက အနုပညာအသိုင်းအဝိုင်းမှ ကျွမ်းကျင်သူများစွာကို ဖိတ်ကြားကာ တေးအယ်လ်ဘမ်သစ်ရဲ့ သီချင်းတွေကို ဖန်တီးခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီတေးအယ်လ်ဘမ်မှာ ဂျက်ကီချန်းက တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ သူ့ရဲ့ သားဖြစ်သူ ဂျေစီးကို တေးဂီတ ဒါရိုက်တာအဖြစ် ဆောင်ရွက် စေခဲ့ကြောင်းလည်း သိရပါတယ်။

## ချွာဂျီဝူးရဲ့ ခင်ပွန်းဖြစ်သူမှာ အိုင်တီဝန်ထမ်းတစ်ဦးဖြစ်

ပြီးခဲ့တဲ့ လကုန်ပိုင်းမှာ လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း ရုတ်တရက် ထုတ်ဖော်ပြောကြားလာတဲ့ တောင်ကိုရီးယား နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ချွာဂျီဝူးဟာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစဉ်မှာ ခင်ပွန်းဖြစ်သူနဲ့ပတ်သက်ပြီး များစွာထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် ပရိသတ်တွေက သူ့ရဲ့ခင်ပွန်းဖြစ်သူနဲ့ပတ်သက်ပြီး စိတ်ဝင်စားခဲ့တာကြောင့် အချက်အလက်တွေကို ရှာဖွေခဲ့ကြပါတယ်။ လတ်တလောမှာတော့ ချွာဂျီဝူးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ချွာဂျီဝူးရဲ့ ခင်ပွန်းဟာ အိုင်တီကုမ္ပဏီတစ်ခုက ဝန်ထမ်းတစ်ဦးဖြစ်ကြောင်းနဲ့ အသက် ၃၀ အရွယ်ရှိပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ချွာဂျီဝူးရဲ့ ခင်ပွန်းဖြစ်သူဟာ ရုပ်ရည်အားဖြင့် ချောမောကာ ယောကျ်ားပီသသူတစ်ဦးဖြစ်တဲ့အပြင် အရပ်ရှည်တဲ့ အမျိုးသားတစ်ဦးဖြစ်တယ်လို့လည်း အနုပညာအသိုင်းအဝိုင်းမှ သတင်းရင်းမြစ်တစ်ဦးက ဆိုပါတယ်။

တိတ်တဆိတ်လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းတွေကို ချွာဂျီဝူးက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလို ထုတ်ဖော်ပြောကြားခဲ့ချိန်ကတည်းက မင်းသမီးက သူ့ရဲ့သတို့သားဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ကြောင်း တစ်ပါတည်း ပြောကြားခဲ့ပါတယ်။ ဒါဟာ သူ့အနေနဲ့ ခင်ပွန်းဖြစ်သူနဲ့ သူ့ရဲ့မိသားစုဝင်တွေရဲ့ လွတ်လပ်ခွင့်အတွက် တစ်ပါတည်း ထုတ်ဖော်ပြောကြားကာ ကာကွယ်ပေးလိုခဲ့တာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

ချွာဂျီဝူးရဲ့ မင်္ဂလာအခမ်းအနားကိုတော့ ဆိုးလ်တောင်ပိုင်းမှာရှိတဲ့ ဟိုတယ်တစ်ခုရဲ့ စတူရီယိုမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး ရိုက်ကူးရေးအဖွဲ့သားတွေနဲ့ မိသားစုဝင်တွေနဲ့သာ ကျင်းပခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ချွာဂျီဝူးနဲ့ ရင်းနှီးတဲ့ အနုပညာလုပ်ဖော်ကိုင်ဖက်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ သူဟာ ချွာဂျီဝူးရဲ့ မင်္ဂလာသတင်းကို သတင်းစာမှတစ်ဆင့် သိခဲ့ရတာဖြစ်ပြီး ဒီလို ထုတ်ဖော်ပြောကြားအသိပေးခဲ့ခြင်းမရှိတဲ့အပေါ် သူ့အနေနဲ့ နားလည်ကြောင်းနဲ့ ချွာဂျီဝူးဟာ မင်္ဂလာပွဲကို တိတ်တဆိတ်ဆင်နွှဲလိုတာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

မင်္ဂလာပွဲကျင်းပခဲ့ပြီးနောက် နှစ်ရက်အကြာမှာ ချွာဂျီဝူးဟာ ဟန်နီးမွန်းခရီးထွက်ခွာသွားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ချွာဂျီဝူးဟာ ၁၉၉၄ ခုနှစ်မှာ MBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲနဲ့ အနုပညာလောကကို စတင်ဝင်ရောက်လာသူ ဖြစ်ပါတယ်။ အဲဒီနောက် ၂၀၀၂ ခုနှစ်အတွင်းမှာတော့ မင်းသား ဘေရောင်ဂျွန်းနဲ့တွဲဖက်ကာ “Winter Sonata”ကို ရိုက်ကူးခဲ့ပြီး ယင်းရုပ်ရှင်နဲ့ပင် အာရှမှာ ကျော်ကြားလာခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကတော့ “The Most Beautiful Goodbye” ဖြစ်ပြီး ပြီးခဲ့တဲ့နှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တာ ဖြစ်ပါတယ်။



အေးပြည့် - စုစည်းသည်

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး အဆင့်မြှင့်တင်

**ပလိပ် မေ ၄**

ကျောက်ဆည်ခရိုင် ပလိပ်မြို့အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေး၊ ဓာတ်လိုက်မှုအန္တရာယ်များ မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့အတွက် ၃၃ ကေဗွီဓာတ်အားလိုင်းအား SAC Coated Wire 185 mm2 ဖြင့် မေပြီ ပထမပတ်က အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ပလိပ်မြို့ရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ သုံးစွဲနိုင်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေခြင်းနှင့် ဓာတ်လိုက်မှု အန္တရာယ်များမဖြစ်ပေါ်ခြင်း၊ မီးဘေးအန္တရာယ်တို့မှ ကင်းဝေးမှုများရရှိနိုင်မည်ဖြစ်သည်။ **မြို့နယ်လျှပ်စစ်**





မြန်မာနိုင်ငံရှေ့နေအသင်း (ကချင်ပြည်နယ်) ကို ယာယီဥက္ကဋ္ဌ ဦးဘောမ်မိုင်ဦးဆောင်သော အလုပ်အမှုဆောင် ၁၅ ဦးဖြင့် မတ် ၂၉ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြ

**ရမည်းသင်း မေ ၄**

ပူပြင်းခြောက်သွေ့သော နွေရာသီကိုရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို မီးသတ်ဦးစီးဌာနမှ ဦးစားပေးဆောင်ရွက်လျက်ရှိရာ ရမည်းသင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမီးဘေးအန္တရာယ်ကင်းရှင်းစေရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို မေပြီ ၂ ရက် ညနေ ၃ နာရီတွင် ရမည်းသင်းမြို့နယ်မီးသတ်ဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ခရိုင်မီးသတ်ဦးစီးမှူးဦးအောင်ခင်ဆင့်က စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရမည့် လုပ်ငန်းစဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။

ထို့နောက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို မြို့နယ်မီးသတ်ဦးစီးဌာန ရုံးဝင်းအတွင်း၌ ပြုလုပ်ရာ မီးသတ်ဆေးဘူး၊ ရေပိုက်များဖြင့် မီးငြိမ်းသတ်ခြင်းများ လက်တွေ့ပြသခဲ့သည်။

အဆိုပါမီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲသို့ ရမည်းသင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၆ ဆိုင်မှ ဆိုင်တာဝန်ခံ မန်နေဂျာများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

# ခေတ်လူငယ်များနှင့် ကိုယ်နှုတ်နှလုံးသုံးပါး

**မျိုးသိန်း(ပဲခူး)**

လူတို့၏ ယဉ်ကျေးမှုဆိုသည်မှာ ကိုယ်နှုတ်နှလုံးသုံးပါးယဉ်ကျေးသိမ်မွေ့ခြင်းကိုဆိုလိုပြီးငယ်စဉ်အခါကပင်စတင်လို့ မိဘဆရာသမားတို့ကကိုယ်အမူအရာ၊ နှုတ်အမူအရာများယဉ်ကျေးမှုရှိကြစေရန်သွန်သင်ဆုံးမခြင်းများပြုကြလေ့ရှိပေသည်။

ယနေ့ခေတ်လူငယ်များမှာ ယခင်ခေတ်လူငယ်များနှင့် အလွန်ပင်ကွဲပြားခြားနားမှုများရှိလာနေကြပြီးပြောဆိုဆက်ဆံရာတွင်လူကြီးမိဘဆရာသမားတို့အား ခင်ဗျာ၊ ကျွန်တော်၊ ဟုတ်ကဲ့ခင်ဗျာဟူ၍ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုကြရမည်ဖြစ်သလို မဖွယ်မရာဖြင့် ကြမ်းတမ်းရိုင်းစိုင်း ပြောဆိုဆက်ဆံခြင်းတို့သည် ယဉ်ကျေးဖွယ်ရာ နှုတ်အမူအရာများ မဟုတ်ဘဲ ခေတ်၏ ရေစီးကြောင်းအပြောင်းအလဲကို အကြောင်းပြုကာ လိမ္မာယဉ်ကျေးမှုနှုတ်အမူအရာ၊ ကိုယ်အမူအရာများ အဆိုးဘက်သို့ မပြောင်းလဲသွားကြရန် လူငယ်တိုင်းသတိချပ်ဖို့ လိုအပ်နေကြပြီး အမိယုတ်က နှုတ်သရမ်း၏။ အဖယုတ်က လက်သရမ်း၏။ တပည့်မကောင်းဆရာခေါင်းဆိုရိုးရှိသည့်အတွက် မိဘဆရာသမားတို့ကလည်း အထူးပင်ဆိုဆုံးမကြရန် တာဝန်ရှိမည်ဖြစ်ပေသည်။

ထိုကဲ့သို့ ချိုသာယဉ်ကျေးအောင် ပြောဆိုဆက်ဆံခြင်းတို့သည် နှုတ်အမူအရာယဉ်ကျေးပါသည်ဟုဆိုပေမယ့် သမ္မာဝါစာ မှန်ကန်စွာပြောဆိုဆက်ဆံ၍ကိုယ်နှုတ်စောင့်စည်းကာ သူတစ်ပါး၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေသော လိမ်လည်လှည့်ပတ်မုသာဝါဒ မမှန်သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ပြီးလူယဉ်ကျေးများဖြစ်လာဖို့အတွက် မှန်ကန်သော စကားတို့ဖြင့် သိမ်မွေ့ယဉ်ကျေးသည့် ပြောဆိုဆက်ဆံခြင်းများ သုံးနှုန်းရန်လိုအပ်ပါလိမ့်မည်။

ထိုသို့ ပြောဆိုဆက်ဆံရာတွင်လည်း နှုတ်၏ယဉ်ကျေးခြင်းများသာမက ကိုယ်အမူအရာယဉ်ကျေးကြရန်လည်း အထူးလိုအပ်ပြီး မြန်မာတို့၏ ယဉ်ကျေးမှုအရ လူကြီးသူမ၊ ဆရာသမား၊ ရဟန်းသံဃာတို့ရှေ့နေထိုင်မှု၊ ပေးကမ်းဆက်ကပ်မှု၊ ကိစ္စကြီးငယ်ရှိပါကဖြတ်သန်းသွားလာမှု၊ ဒူးနေရာဒူး၊ တော်နေရာတော်အပြစ်လွတ်စွာ နေထိုင်သွားလာတတ်ခြင်းတို့သည် မြန်မာမှုဓလေ့ထုံးစံယဉ်ကျေးဖွယ်ရာများဖြစ်ကြပြီးဦးညွှတ်၍ လက်နှစ်ဖက်ဖြင့် ယဉ်ကျေးစွာ ပေးကမ်းဆက်ကပ်ကြခြင်း၊ လူကြီးသူမများ ရှေ့ဖြတ်သန်းသွားလာနေထိုင်ကြရာ၌ ခါးကိုကိုင်းညွှတ်ကာသင့်လျော်သော နေရာတွင်ကျိုးနွံသိမ်မွေ့စွာဖြင့် သွားလာနေထိုင်ကြခြင်းတို့အား ယနေ့ခေတ်လူငယ်တိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ဖို့လိုအပ်ပါလိမ့်မည်။

ထိုကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့ကြရုံပင်မကသူတစ်ပါးတို့၏ အသက်ကိုသတ်ဖြတ်ခြင်း၊ ဥစ္စာပစ္စည်းများကိုမတရားခိုးယူခြင်း၊ ကာမဂုဏ်မှားယွင်းစွာပြုကျင့်ကြခြင်းတို့သည်လည်း ရိုင်းပျခြင်း၏ သွင်ပြင်လက္ခဏာများပင်ဖြစ်ပါပေသည်။ထိုသတ်မှု၊ ခိုးမှု၊ ကာမဂုဏ်မှားယွင်းမှုတို့အား လူငယ်တိုင်း မကျူးလွန်မိကြရအောင်သတိနှင့်ယှဉ်၍စောင့်ထိန်းကာကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးမှုရှိအောင်ကြိုးစားကြသလို စိတ်အမူအရာကိုလည်း ယဉ်ကျေးအောင်ကြိုးစားကြရန်လည်း လိုအပ်ပါလိမ့်မည်။

ကာယကံမှုပြုရာ၊ ဝစီကံမှုပြုရာတို့တွင် စိတ်သည်သာ ဦးဆောင်နေ၍ ထိုစိတ်အားလည်း တည်ငြိမ်လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့လျှင်ကိုယ်၊ နှုတ်အမူအရာလွဲမှားမှုတို့ကို ကြိုတင်ထိန်းနိုင်လိမ့်မည်သာဖြစ်သည့်အတွက် ယနေ့ခေတ် လူငယ်တိုင်းသည် မိမိတို့၏စိတ်အား မယဉ်ကျေးဖွယ်ရာ မကောင်းသော အပြောအဆိုဆက်ဆံကြခြင်းစကားမျိုး၊ ယဉ်ကျေးဖွယ်ရာနှစ်သက်စကားကောင်းပြောဆိုဆက်ဆံကြခြင်းစကားမျိုးတို့ကို ခွဲခြားဆန်းစစ်ပြီးမကောင်းမှုနှင့်ယှဉ်နေသည့် စိတ်ဖြစ်ပေါ်လာနေခဲ့လျှင် ကောင်းမှုဘက်သို့ ပြောင်းအောင်သတိတရားဖြင့် ပြုပြင်ကြကာ မိမိတို့၏စိတ်ကိုလည်းစိတ်ရိုင်း၊ စိတ်ယဉ်ပြန်လည်သုံးသပ်၍သူတစ်ပါးပစ္စည်းကိုယ့်ပစ္စည်းဖြစ်ချင်နေမှု၊ သူတစ်ပါးအားပျက်စီးစေလိုမှုစသောလွဲမှားသည့်အသိအမြင်အယူဝါဒတို့ကို အဖန်ဖန် စဉ်းစားနိုင်ကြဖို့ ယနေ့ခေတ်လူငယ်များလိုအပ်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ကိုယ်နှုတ်နှလုံးသုံးပါးတို့၏ လိမ္မာယဉ်ကျေး သိမ်မွေ့ရမည့် မြန်မာ့အစဉ်အလာဓလေ့တို့သည် ခေတ်ရေစီးကြောင်းနှင့်အညီ ပြောင်းလဲကြရမည်မဟုတ်သလို ယနေ့ခေတ်လူငယ်တိုင်းတို့ကလည်း မြန်မာ့ဓလေ့ထုံးစံဖြစ်သော ကိုယ်နှုတ်နှလုံးသုံးပါး ယဉ်ကျေးသိမ်မွေ့ဖွယ်ရာ အလေ့အထတို့အား အစဉ်ထာဝရ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ပါကြောင်းတိုက်တွန်း ရေးသားလိုက်ပါသည်။

## တယ်လီနောဆင်းကတ်ဖြင့် အာရှနိုင်ငံပေါင်း ရှစ်နိုင်ငံတွင် ပြည်တွင်းနှုန်းထားအတိုင်း အင်တာနက် အသုံးပြုနိုင်

**ရန်ကုန် မေ ၄**

တယ်လီနော၏ Prepaid နှင့် Post-Paid အသုံးပြုသူများအတွက် ASIA 8 ဟု အမည်ရသည့်အင်တာနက် ပရိုမိုးရှင်းအသစ်အရ ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်နိုင်ငံများသို့ သွားရောက်လည်ပတ်သည့် သို့မဟုတ် အဆိုပါနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် တယ်လီနော အသုံးပြုသူများသည် ၎င်းတို့၏ မိတ်ဆွေများ၊ မိသားစုများနှင့် ဆက်သွယ်ရာတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းကိစ္စရပ်များအား လုပ်ဆောင်ရာတွင်ဖြစ်စေ အင်တာနက်အား ပြည်တွင်းနှုန်းထားဖြစ်သည့် ၁ မဂ္ဂါဘိုက်လျှင် ၈ ကျပ်ဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရသည်။

တယ်လီနောအသုံးပြုသူများအနေနှင့် ၎င်းနိုင်ငံများတွင် အင်တာနက် အသုံးပြုမည်ဆိုပါက မည်သည့် အခကြေးငွေ၊ စာရင်းပေးသွင်းမှုမှ ထပ်မံမလိုအပ်ဘဲ ပြည်တွင်းနှုန်းထားအတိုင်း ၁ မဂ္ဂါဘိုက်လျှင် ၈ ကျပ်ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ အဆိုပါ ပရိုမိုးရှင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ် မေပြီ ၃ ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအာရှနိုင်ငံပေါင်း ရှစ်နိုင်ငံတွင် ယခင်ပုံမှန် အင်တာနက်နှုန်းထားများမှာ နိုင်ငံပေါ်မူတည်၍ ၁ မဂ္ဂါဘိုက်လျှင် အနည်းဆုံး ကျပ် ၅၀၀ ကျသင့်သော်လည်း ဤပရိုမိုးရှင်း ကာလအတွင်းတွင် တယ်လီနောဆင်းကတ်ဖြင့် စျေးနှုန်းသက်သာစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

"မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် ကာလကလည်းနီးကပ်လာပြီး ဒီနိုင်ငံပေါင်း ရှစ်နိုင်ငံကလည်း အားလပ်ရက်တွေမှာ မြန်မာလူမျိုးတွေ သွားရောက်လည်ပတ်မှုများပြားတဲ့ နာမည်ကျော် နေရာဒေသတွေထဲမှာ ပါဝင်ပါတယ်၊ ကျွန်တော်တို့ရဲ့ ASIA 8 ပရိုမိုးရှင်း အစီအစဉ်အရ အသုံးပြုသူတွေအနေနဲ့ သူတို့ရဲ့ ခရီးသွားအတွေ့အကြုံတွေကို Facebook နဲ့ အခြားသော လူမှုကွန်ရက် စာမျက်နှာတွေမှာ အချိန်နဲ့တစ်ပြေးညီ ဖော်ပြသွားနိုင်မှာဖြစ်ပြီး ကျသင့်ငွေကလည်း မြန်မာနိုင်ငံမှာ အသုံးပြုတဲ့ နှုန်းထားနဲ့အတူ သတ်မှတ်ပေးထားတဲ့အတွက် အသုံးပြုသူတွေအနေနဲ့ ပူပန်စရာမလိုဘဲ အသုံးပြုနိုင်မှာဖြစ်ပါတယ်၊ အသုံးပြုသူတွေကို ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးအပ်သွားဖို့ အမြဲရည်သန်ထားပြီး အနာဂတ်မှာလည်း ဒီထက်ပိုပြီး ဆန်းသစ်တဲ့ ဝန်ဆောင်မှုတွေနဲ့ ပရိုမိုးရှင်း အစီအစဉ်တွေကို ပေးအပ်သွားနိုင်ဖို့ မျှော်မှန်းဆောင်ရွက်နေပါတယ်" ဟု တယ်လီနော၏စျေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrthong က ပြောကြားခဲ့သည်။

တယ်လီနော၏ 4G ဝန်ဆောင်မှုအား လက်ရှိတွင် တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ယူအေအီး၊ ကနေဒါ၊ မကာအို၊ ထိုင်ဝမ်နှင့် နော်ဝေနိုင်ငံများတွင် သုံးစွဲနိုင်နေပြီး နိုင်ငံပေါင်း ၁၁၇ နိုင်ငံတွင် တယ်လီနောဆင်းကတ် သုံးစွဲသူများသည် ယင်းနိုင်ငံများရှိ မိတ်ဖက်အော်ပရေတာပေါင်း ၁၅၂ ခု၏ ကွန်ရက်ကို ချိတ်ဆက်အသုံးပြုနိုင်ပြီး ပြည်ပနိုင်ငံပေါင်း ၁၂၄ နိုင်ငံမှ မိတ်ဖက်အော်ပရေတာပေါင်း ၁၉၃ ခု၏ သုံးစွဲသူများသည် မြန်မာနိုင်ငံအတွင်း တယ်လီနောကွန်ရက်ကို ချိတ်ဆက်အသုံးပြုနိုင်နေပြီဖြစ်သည်။ **ဇာဏီ**

## ကြိုးမဲ့အားသွင်းစနစ်ပါဝင်သော ဘက်စုံသုံးကွန်ပျူတာကို Acer မှစတင်ရောင်းချ



မျက်နှာပြင်ပြည့် ၂၃ ဒသမ ၈ လက်မ အကျယ်ဖြင့် ပါးလွှာပြီးဒီဇိုင်းလှပသော ဘက်စုံသုံး All in One Desktop ကွန်ပျူတာ Acer Aspire S24 ကို စတင်ရောင်းချလိုက်ပြီဖြစ်ကြောင်းသိရသည်။ ကြိုးမဲ့စနစ်သုံး ကီးဘုတ်နှင့် မောက်စ်အပြင် ကြိုးမဲ့အားသွင်းစနစ်ပါ ပါဝင်လာပြီး အောက်ခံကိုယ်ထည်သေးငယ်ပါးလွှာကာ သုည ဒသမ ၂၃ အထူသာရှိသည်။

အဆိုပါအောက်ခံကိုယ်ထည်အတွင်း 8th Generation Intel Core i5 ပရိုဆက်ဆာ၊ RAM 12GB ထည့်သွင်းပေးထားကာ 32GB ပမာဏအထိ ထပ်မံမြှင့်တင်နိုင်ဖွယ်ရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 1TB HDD ပါဝင်ကာ ၂ ဒသမ ၁ စပီကာနှစ်လုံးတပ်ဆင်ပေးထားသည်။

မျက်နှာပြင်ဘေးပေါင်များပါးလွှာပြီး ၁၇၈ ဒီဂရီမြင်ကွင်းဖြင့် ရှင်းလင်းပြတ်သားစွာတွေ့မြင်နိုင်ပြီး ရုပ်သံတည်းဖြတ်မှုနှင့် ဒီဇိုင်းရေးဆွဲခြင်းများအတွက် ကောင်းမွန်သည့် ကွန်ပျူတာဖြစ်နိုင်ဖွယ်ရှိသော်လည်း ဂရပ်ဖစ်ပရိုဆက်ဆာစွမ်းဆောင်ရည်အတွက် တိကျသည့်အချက်အလက်ကို မသိရှိရဘဲ ပါးလွှာသည့် ကိုယ်ထည်နှင့် လှပသည့်အရောင်ပေါင်းစပ်မှု၊ ဒီဇိုင်းကြောင့်ဆွဲဆောင်မှုရှိနေပြီး စျေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၈၇၉ ဒေါ်လာဝန်းကျင်တွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ ALEX




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## အခြားတစ်ဖက်မှရှုမြင်ခြင်း




စာရေးသူ ဆွေဆွေမွန် ဘာသာပြန်ဆိုထားသည့် အခြားတစ်ဖက်မှရှုမြင်ခြင်း စာအုပ်ထွက်ရှိလာသည်။

ဗုဒ္ဓနှင့် ဂျာမန် ဒဿနပညာရှင် ရှိုပင်ဟောဝါတို့၏ လူသားတို့လွတ်မြောက်ခြင်း (Human Liberation) ဆိုင်ရာအတွေးအမြင်များကို စိတ်ပညာရှုထောင့်မှ နှိုင်းယှဉ်လေ့လာထားသည့် (Another Way of Looking at Things; A Comparative study of schopenhaure and Buddha perspective on Human Liberation စာအုပ်ကိုအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုထားခြင်းဖြစ်သည်။ လူ့ဘဝတွင်ကြုံတွေ့ရသော ဒုက္ခဆင်းရဲခြင်းများမှ လွတ်မြောက်လိုခြင်းသည် လူသားအားလုံး၏ ဆန္ဒပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏လွတ်မြောက်ခြင်းသည် ဆင်းရဲဒုက္ခကင်းငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းပင်ဖြစ်သည်။ ဗုဒ္ဓက ဒုက္ခဖြစ်ကြောင်း သမုဒယကိုပယ်၍ မဂ္ဂင်ရှစ်ပါး အကျင့်အမြတ်ဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြောင်း သစ္စာလေးပါးဒေသနာတွင် ဟောကြားခဲ့ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

## ငြိမ်းချမ်းသောမြန်မာသစ် ကဗျာများ




ကဗျာစာပေကို လေ့လာလိုသူများအတွက် စာရေးသူမျိုးမြတ်မြတ်မြင့်မောင်၏ ငြိမ်းချမ်းသောမြန်မာသစ် ကဗျာများစာအုပ် ထွက်ရှိလာပါသည်။

အဆိုပါကဗျာစာအုပ်တွင် "သူ ကဝိတစ်ဦးမဟုတ်ပါ။ သို့သော် ကဗျာဆရာကောင်းတစ်ဦးဟု ကျွန်တော်မြင်ပါသည်။ချစ်သောစိတ်ဖြင့်၊ မြတ်နိုးသောစိတ်ဖြင့် စေတနာမှန်၊ မေတ္တာမှန်စွာ ရေးဖွဲ့သီကုံးထားသော ကဗျာများဖြစ်၍ ကဗျာများကလည်း ချစ်ခင်နှစ်သက်မြတ်နိုးဖွယ် ကောင်းလှပါသည်" ဆိုသည့် ကဗျာဆရာ ဇော်မင်းမင်းဦး၏အမှာစာနှင့်အတူ ငြိမ်းချမ်းသောမြန်မာသစ်ကဗျာစု၊ ရွှေရတုဆုတောင်းကဗျာစု၊ ပြည်သူနှင့်အတူကဗျာစု၊ သံမဏိစိတ်ထား၏နှလုံးသားသစ္စာ၊ ဘူတာရုံမှအလွမ်းဖွဲ့ကဗျာစု၊ ဟိုစဉ်တုန်းက သက်ထားပျိုကဗျာစု၊ မြို့ပြထဲက ကဗျာတစ်ပုဒ်ကဗျာစုနှင့် ဝန်ထမ်းတစ်ဦး၏ ဒိုင်ယာရီကဗျာစု ခေါင်းစဉ်ခွဲများဖြင့် ကဗျာပုဒ်ရေ ၉၀ ကို ဖော်ပြထားသည်။

**စာအုပ်ကို သင်းစာပေ၊ အမှတ် ၁၉၊ ယောသကလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ထုတ်ဝေသည်။**

## ထိုသူတို့ရဲ့ကျွန်မ...ဆရာမတီချယ်...



လူသားတိုင်းတွင်အမှတ်တရများ များစွာရှိကြပြီး ထိုအမှတ်တရများထဲမှ စာရေးသူကြုံတွေ့ခဲ့သည့် တပည့်များအကြောင်းကို စာရေးသူ မေ(ပညာရေး) စီစဉ်သည့် ထိုသူတို့ရဲ့ကျွန်မ ဆရာမတီချယ်စာအုပ်ထွက်ရှိလာသည်။

ဆရာမတစ်ဦး၏ဘဝတွင် ကလေးနှင့်ပတ်သက်၍ ဖြောင့်မတ်မှန်ကန်အောင် နေထိုင်ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း အဆင့်အတန်းမခွဲခြားဘဲ တစ်သားတည်းဖြစ်အောင် ပြုမူဆက်ဆံခြင်း၊ ကိုယ်ကျင့်တရားကိုယုံကြည်ခြင်းစသည့် ဆရာမတစ်ဦးထားသင့်သည့် မေတ္တာ၊ စေတနာ၊ ကရုဏာများကို ရေးသားထားသည်။ ကျောင်းသား ကျောင်းသူများကလည်း မိမိဆရာသမားများ၏ ထားရှိသော စေတနာများကိုသိရှိနားလည်ကာ မိမိဘဝတိုးတက်ရာတိုးတက်ကြောင်းကို ဆရာများနှင့် ကျောင်းသားကျောင်းသူများ အပြန်အလှန်နားလည်နိုင်စေရန် ရေးသားထားသောကြောင့် ယနေ့ခေတ်ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို Academic Publishing House အမှတ် - ၃၄၁၊ ၄၈(U-9)ရပ်ကွက်၊ အောင်ရတနာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဖုန်း ၀၉ - ၉၅၃၄၇၃၂၂၉မှ တန်ဖိုးငွေ ကျပ်၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## အတွေ့အကြုံနှင့် အတွေးအကြံစာစု




အချို့ပညာရှင်များက အတွေးအမြင်ပါ၍ လေးနက်သောကျမ်းစာပေမျိုးကို စာကြီးပေကြီးအဖြစ်သတ်မှတ်ကာ၊ အပျင်းပြေဖတ်သည့်စာမျိုးကို စာငယ်ပေငယ်များဟု ယူဆကြသည်လည်းရှိကြောင်း စာရေးသူအောင်နိုင်(တက္ကသိုလ်) စီစဉ်သည့် အတွေ့အကြုံနှင့် အတွေးအကြံစာစု စာအုပ် ထွက်ရှိလာသည်။

အသက်ကြီးရင့်သူတို့သည် အတွေ့အကြုံ၊ ဗဟုသုတနှင့် အသိဉာဏ်ရှိမှုအလျောက် အသုံးဝင်လှသဖြင့် တန်ဖိုးဖြတ်၍မရနိုင်၊ ပုခက်အတွင်းက ကလေးငယ်သည်လည်း ငိုတတ်ရယ်တတ်ကြလျှင် အိမ်၏ဆည်းလည်းလေးများဖြစ်သောကြောင့် အိမ်၏ကျက်သရေကိုဆောင်နိုင်သည်။ ကြီးသည့် အရာသည်လည်း ကြီးသည့်အလျောက်၊ ငယ်သည့်အရာသည်လည်း ငယ်သည့်အလျောက်သူ့နေရာနှင့်သူအသုံးဝင်ကာတန်ဖိုးရှိကြသည်။ ဆင်ကြီးသည် ရန်သူကိုချေမှုန်းရာတွင် အသုံးဝင်ပြီး တန်ဖိုးရှိသည်။ ထိုနည်းတူ အိမ်မွေးခွေးငယ်သည်လည်း မိမိအိမ်၏ လုံခြုံရေးတွင်အသုံးဝင်ပြီး တန်ဖိုးရှိသည်။ထို့ကြောင့် အရာရာတိုင်းသည် သူ့ နေရာနှင့်သူ ထိုက်သင့်သောတန်ဖိုးရှိကြောင်း ရေးသားထားသည်။

**စာအုပ်ကို Quality Publishing House၊ အမှတ် - ၅၀၈/၅၁၂(၂ - ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း - ၀၁ - ၃၈၃၆၆၄နှင့် ၀၁ - ၃၈၆၈၃၃တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်မာနေ့ရက်များနှင့် ပန်းများ




မြန်မာနှစ်သစ်ကို ကြိုဆိုရသည့် သင်္ကြန်အိုးဟူသောသင်္ကေတကို စိတ်ဝင်စားစေရန် စာရေးသူ ဂျူနီယာဝင်းက မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားသည့် မြန်မာနေ့ရက်များနှင့် ပန်းများစာအုပ်ထွက်ရှိလာသည်။

Days and Flower of Myanmar 2013 စာအုပ်ကိုမြန်မာပြန်ဆိုထားခြင်းဖြစ်သည်။ မြန်မာရေသဘင်ပွဲကျင်းပရာ သင်္ကြန်အခါတွင် မြန်မာလူမျိုးများ၏ ဓလေ့တစ်ခုဖြစ်သော သင်္ကြန်အတာအိုးကိုထိုးကြသည်။ ထိုအတာအိုးသည် ခုနစ်ရက်သားသမီးများကို ကိုယ်စားပြုသော ပန်းများ၊ အရွက်များ၊ အခက်များဖြင့်စီမံ၍ ထိုးထားသည့်အိုးကိုဆိုလိုသည်။ အများအားဖြင့် ကံ့ကော်ညွန့်၊ ရွက်လှ၊ မြေဇာညွန့်၊ တမာညွန့်၊ ဆီးညွန့်၊ အောင်သပြေညွန့်၊ အုန်းညွန့်များကိုထိုးကာ အရှင်သိကြားမင်းအားကြိုဆိုသောအိုးဖြစ်သည်။ သင်္ကြန်အိုးသည် မြန်မာလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာ သင်္ကေတတစ်ခုဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကိုရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့ (၁၂)လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်မာ့ရိုးရာစကားပုံနှိုင်း အလင်္ကာရသစာပန်းဝက်ပါ




မြန်မာစာပေလောကတွင် အလင်္ကာရှားပါးချိန်တွင် သုတ၊ ရသနှစ်ဖြာပေးစွမ်းနိုင်သော စာရေးဆရာ နေမျိုးနွယ်(သစ္စာမြေ) စီစဉ်ရေးသားသည့် မြန်မာ့ရိုးရာစကားပုံနှိုင်း အလင်္ကာရသစာပန်းဝက်ပါ စာအုပ်ထွက်ရှိလာသည်။

မကောင်းသောအိမ်နီးချင်း၊ မကောင်းသောသူငယ်ချင်းမိတ်ဆွေများနှင့် နီးကပ်စွာနေထိုင်ရသဖြင့် မကောင်းသောပုဂ္ဂိုလ်ဖြစ်တတ်ခြင်း၊ ကောင်းသော ပုဂ္ဂိုလ်များနှင့်နေရလျှင် ကောင်းသောပုဂ္ဂိုလ်ဖြစ်တတ်ခြင်းကို ဥပမာခိုင်းနှိုင်း ပြောဆိုရာတွင် ကန်သင်း(ကဇင်း)နားနီး ရိုးဖုတ်လိုက်ဟုပမာခိုင်းနှိုင်းပြောဆိုကြခြင်းသည် တောင်သူဦးကြီးများထံမှ ထွက်ပေါ်လာသည့် စကားပုံဖြစ်သည်။ ထိုနည်းတူ ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုး စကားပုံသည် မိန်းမ မရသေးသော ယောကျ်ားတစ်ဦး မိန်းမလိုချင်နေသည့်အချိန် ဒုက္ခနှင့်ရင်ဆိုင်နေရသော အမျိုးသမီးတစ်ဦးနှင့် တွေ့သောအခါ ပြောလေ့ရှိသည်။ စကားပုံများအကြောင်းကို လေ့လာလိုက်စားသူများအတွက် စကားပုံပေါင်း ၉၀ ကျော်ကိုရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်သည်။

**စာအုပ်ကို သစ္စာရောင်ခြည်စာပေ၊ ဆိုင်အမှတ် - ၇/၈၊ ကျိုက္ကစံစေတီတော်အရှေ့မုခ်၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၄၂၁၀၉၂၈၃၉နှင့် ၀၉ - ၇၉၉၅၈၅၂၉၆ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## နာမည်ကောင်းလေးရွေးရအောင်




သားသမီး၊ ဆိုင်၊ လုပ်ငန်းကုမ္ပဏီနာမည်များ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်လမ်းများ ရွေးချယ်နိုင်စေရန် သစ္စာဝါဒီ ဆရာမြတ်စောလင်းပြုစုရေးသားသည့် နာမည်ကောင်းလေးရွေးရအောင် စာအုပ်ထွက်ရှိလာသည်။

နာမည်ပေးနည်း နည်းစနစ်သည် တစ်မျိုးတည်းမဟုတ် အင်္ဂဝိဇ္ဇာနည်း၊ မဟာဘုတ်နည်း၊ ဆန်းနည်း၊ သိဒ္ဓတ္ထကိန်းခေါ် အကျိုးပေး အကြွင်းဂဏန်းရအောင်ရွေးချယ်နည်း၊ သရောဒယဝဂ္ဂစက်မှလာသော နိုင်ကောင်နှင့် ရန်ဘက်တို့ကိုရှောင်၍ရွေးချယ်သောနည်း စသည့် အကြမ်းအားဖြင့် ငါးမျိုးလောက်ရှိသည်။ အဆိုပါ ငါးမျိုးနှင့် ကိုက်ညီအောင် ရွေးချယ်နိုင်လျှင် အလွန်ကောင်းမွန်သော နာမည်တစ်ခုရရှိမည်ဖြစ်သည်။ ထိုကိန်းစုံတို့နှင့် ကိုက်ညီသောနာမည်ရရန်အလွန်ပင်ခဲယဉ်းပြီး ကိန်းသုံးမျိုးလောက်နှင့်ကိုက်သည်ဆိုလျှင် လက်ခံရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် နာမည်ကို အကျိုးပေးရုံသာမကဘဲနာမည်လှလှဖြစ်လိုခြင်း၊ နာမည်ရှည်လိုခြင်း၊ မိဘနာမည်ပါစေလိုခြင်း စသည့် ဆန္ဒပေါင်းများစွာရှိနေသည်။ ထို့ကြောင့် အဆိုပါစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိသုံးစွဲလိုသည့် အမည်ကိုရရှိနိုင်မည်ဖြစ်သည်။

**စာအုပ်ကို သစ္စာရောင်ခြည်စာပေ၊ ဆိုင်အမှတ် - ၇/၈၊ ကျိုက္ကစံစေတီတော်အရှေ့မုခ်၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း - ၀၉ - ၄၂၁၀၉၂၈၃၉နှင့် ၀၉ - ၇၉၉၅၈၅၂၉၆ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## အမေးရှိအဖြေသို့ ကျန်းမာရေးအသိ




လူမှုဘဝတွင် ကျန်းမာရေးဆိုင်ရာ နေထိုင်စားသောက်မှုပုံစံများနှင့် ကျန်းမာခြင်းဆိုင်ရာအကြောင်းအရာများကို စာရေးဆရာမ ပေါက်ပေါက် စီစဉ်ရေးသားသည့် အမေးရှိအဖြေသို့ ကျန်းမာရေးအသိ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပုစွန်အခွံမခွာဘဲစားခြင်းသည် ကိုယ်အလေးချိန်ကျစေခြင်း၊ နှလုံး၊ လေငန်း၊ ဆီးချိုစသည့်ရောဂါများ ဖြစ်နိုင်ခြေအလားအလာ လျော့ကျသွားခြင်း၊ သွေးတိုးကျစေခြင်း၊ အသည်းမှ အဆိပ်အတောက်များကို ပြေလျော့စေခြင်း၊ သွေးယိုစီးမှုကို သက်သာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ ဆေးသုတေသီများက ပုစွန်အခွံသည် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေခြင်း၊ အကျိတ်အဖုများကြီးထွားလာမှုမှ ကာကွယ်ပေးနိုင်ခြင်းကြောင့် ကင်ဆာရောဂါဝေဒနာရှင်များအတွက် အကျိုးများစေကြောင်းရေးသားထားသည့်အပြင် အမေးအဖြေကဏ္ဍစုံပါ ရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့ (၁၂)လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ပြည်ထောင်စုနယ်မြေတွင် အဆင့်(၃၆)ဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့၍ ဂုဏ်ပြုခြင်းခံရသော **ဦးတင်ငွေး** (Managing Director) Excellent Design Construction & Decorative Work Co.,Ltd. အား နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်လျက် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ Excellent Design Construction & Decorative Work Co.,Ltd. ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများရရှိပါစေ။ MD **ဦးတင်ငွေး**လည်း ဘာသာ၊ သာသနာ၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း ခြွေလျက်-

**BOD အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**Excellent Design Construction & Decorative Work Co.,Ltd.**
**နေပြည်တော်**

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ပြည်ထောင်စုနယ်မြေတွင် အဆင့်(၃၆)ဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့၍ ဂုဏ်ပြုခြင်းခံရသော **ဦးတင်ငွေး** (Managing Director) Excellent Design Construction & Decorative Work Co.,Ltd. အား နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်လျက် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ Excellent Design Construction & Decorative Work Co.,Ltd. ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများရရှိပါစေ။ MD **ဦးတင်ငွေး**လည်း ဘာသာ၊ သာသနာ၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း ခြွေလျက်-

**BOD အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**Ever Green Active Engineering & Services Co.,Ltd.**
**နေပြည်တော်**

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ပြည်ထောင်စုနယ်မြေတွင် အဆင့်(၃၆)ဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့၍ ဂုဏ်ပြုခြင်းခံရသော ညီလေး **တင်ငွေး** (Managing Director) Excellent Design Construction & Decorative Work Co.,Ltd. အား နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်လျက် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ Excellent Design Construction & Decorative Work Co.,Ltd. ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများရရှိပါစေ။ ညီလေး **တင်ငွေး**လည်း ဘာသာ၊ သာသနာ၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း ခြွေလျက်-

**ဦးဝင်းအေး (လက်ထောက်ညွှန်ကြားရေးမှူး)-ဒေါ်သီတာစိုး (အလပြ)**

| | |
|---|---|
| **သစ်တောဦးစီးဌာန** | **အထက(ဂုန်နီ)** |
| **မြောင်းမြခရိုင်၊ မြောင်းမြမြို့** | **မြောင်းမြမြို့** |

## ဒေါ်မေရီယန်လင်း[၁၂/ရပသ(နိုင်)၀၃၆၆၄၈]နှင့် သက်ဆိုင်သူများသိစေရန်

ဦးဝင်းသိန်း [၁၂/ဥကတ(နိုင်)၁၃၁၉၃၅]၏ဇနီး ဒေါ်မေရီယန်လင်းက အတိုးဖြင့် ငွေများချေးယူထားကြောင်းပြောဆိုပြီး အဆိုပါအတိုးဖြင့် ချေးယူငွေများအတွက် ဦးဝင်းသိန်းနှင့်တွေ့ဆုံညှိနှိုင်းလိုကြောင်း အရေးဆိုတောင်းဆိုသူများအနေဖြင့် ဒေါ်မေရီယန်လင်းနှင့်သာ ဆက်သွယ်ဖြေရှင်းကြပါရန်နှင့် ဦးဝင်းသိန်း သိရှိခြင်းမရှိသော ချေးငွေများအတွက် ဦးဝင်းသိန်းက တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။ ဦးဝင်းသိန်းနှင့်သက်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ထိပါးခြင်း၊ ဦးဝင်းသိန်းဂုဏ်သိက္ခာကိုထိခိုက်စေသည့် ပြောဆိုခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ်(၁၇)နေ ဦးဝင်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးလွင် B.Sc,H.G.P,R.L II အထက်တန်းရှေ့နေ (စဉ်-၂၅၀၅၁)**
**အမှတ်-၁၂၁/ဘီ(မြေညီထပ်)၊ ၄၂-လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

PRIME-BOSS

Digital Multifunctional System

AR-6026N

30% Discount

* A3 Standard- Copy, Network Print & Color Scan
* Speed 26cpm, ppm
* Cost Efficient Toner Save Mode
* Password Protected User Accounts
* Build In Duplex Module
* မိတ္တူဆိုင်နှင့် High Volume သုံးသည့် Customer များအတွက် အထူးသင့်လျော်ပါသည်။
* A4 တစ်ရွက် ခန့်မှန်း Print Cost = ၄ ကျပ် ဝန်းကျင် (တိုနာမှန်)



Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။

Prime - Boss Company Limited Since 1996

» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158
» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm

ထိပ်တန်း
အိမ်ပြောင်း / အိမ်ငှားလုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ မြေကွက်အမှတ်(၂၈/A)၊ ဧရိယာ(၀. ၂၂၉၅)၊ မြေကွက်တည်နေရာ-အမှတ်(၃)၊ ဂန္ဓမာလမ်း၊ ပုလဲ (၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် (ဦးတင်စိုး) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန် အမည်ပေါက် ဦးတင်စိုး (၂၅-၇-၁၅)ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းမြင့် [၁၂/ဒဂန(နိုင်)၀၀၈၈၈၂] မှ တရားဝင်ဇနီးဖြစ်ပါကြောင်း၊ အခြားအမွေဆက်ခံမည့် ဇနီး တစ်ဦးတစ်ယောက်မှုမရှိပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂) စောင်၊ ဂရန်အမည်ပေါက် ဦးတင်စိုး၏ သေစာရင်း၊ နှစ်(၆၀)ဂရန်တို့ကို တင်ပြ၍ အမွေဆက်ခံကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရှင်သန်နိုင်စွမ်းအားပြင်းတဲ့
သစ်ခွရဲ့ ထူးခြားမှုအာနိသင်က
ဆံပင်ကို ဘယ်လိုကောင်းစေလဲ . . . .



Bio Gold Orchid
(Silky HairCoat)

သစ်ခွရဲ့ ထူးခြားတဲ့ ဆဲလ်များကို ရှင်သန်လှုံ့ဆော်ပေးနိုင်စွမ်း အာနိသင်ကြောင့်
ရေရှည်အသုံးပြုပါကပျက်စီးသွားတဲ့ ဆံသားများကို
ပြန်လည်ကောင်းမွန်အောင်ပြုပြင်ပေးနိုင်ခြင်းအစွမ်းထက်မှုလေးတွေပေါ့.....

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန်
Apple Production Co., Ltd : 09 4286 18081, 09 429 316408

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း) (ဖြူးမြို့)**
**ကြည်း-၆၈၄၆၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၁)**
**စစ်ထောက်ချုပ်(ငြိမ်း)**
**ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး(ငြိမ်း)**
**သံအမတ်ကြီး(ငြိမ်း)**

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ခင်မြထူး၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ ရက် ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားတပ်မှူးငယ်များ**

**ဦးစိန်ထွား၊ ဦးတင်ထွတ်၊ ဦးစိုးဝင်းမောင်၊ ဦးသိုက်ထွန်း၊ ဦးမြင့်ဦး၊ ဦးလှမြင့်ဦး၊ ဦးထွန်းအံ့၊ ဦးစိုးမြင့်၊ ဦးကြည်မောင်၊ ဦးသန်းနွဲ့**

---

## ဦးစိန်မောင် (၈၇)နှစ်

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(ငြိမ်း)**
**မြန်မာမေဖလားဝါးဘဏ်(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် (၃၇၃)နေ (ဦးရှန်-ဒေါ်ဖော့)တို့၏သား၊ (ဦးအောင်ထွန်း-ဒေါ်ကျင်)တို့၏ သားသမက်၊ ဒေါ်ခင်ဥ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးသိန်း-ဒေါ်မိမိခိုင်၊ ဦးတင်မောင်ဦး-ဒေါ်မူမူခင်၊ ဦးမြဇော် (Marina Shipping)-ဒေါ်စံပယ် (အလက-၁၊ ဒဂုံ)၊ ဦးသန်းထွဋ်-ဒေါ်မို့မို့သက် (ခေတ္တ-နယူးဇီလန်)၊ ဦးဝင်းအောင်ထိုက်-ဒေါ်နီနီစံ၊ ဦးထွန်းထွန်းလှ-ဒေါ်မြမြမိုးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၄-၂၀၁၈ ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူပြီး ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မီမီချစ်

### အသက်(၅၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လောင်းရှည်ရွာနေ (ဦးဘချစ်-ဒေါ်ကျင်မူ)တို့၏သမီးထွေး၊ ဦးလှထွန်း-ဒေါ်ကျန်မေတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄၆)နေ ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)-ဒေါ်မူမူ၊ ဒေါ်ကြူကြူ၊ ဒေါ်ခင်သန်းဦးတို့၏ညီမ၊ ဦးထင်လင်းအောင်-ဒေါ်လင်းလင်းတင်ထွန်း၊ ဦးနေလင်းအောင်၊ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း-ဒေါ်စန္ဒာလင်းတို့၏အဒေါ်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက် ရပ်ကွက်၊ တိုက်(၆)၊ အခန်း(၁၅)နေ ဦးဇော်လင်း၏ချစ်လှစွာသောဇနီး၊ မောင်စိုးမိုးလင်း၊ မောင်ဇေယျာလင်းတို့၏ မွေးသမိခင် ဒေါ်မီမီချစ်သည် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသစ်(AZ ဖလင်) (၄၈)နှစ်

**B.Sc (Maths) 1995**

တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းကြွယ်)-ဒေါ်ခင်ချိုတို့၏သားလတ်၊ ဒေါပုံမြို့နယ်နေ ဦးကြည်အောင်-ဒေါ်ကြည်တို့၏သားသမက်၊ Dr. ကျော်သီဟ-ဒေါ်စန်းစန်းဦး၊ ဦးကေသာ-ဒေါ်စုမြတ်လတ်တို့၏ ညီ/အစ်ကို၊ အမှတ် (၂၃၉)၊ (၃၇)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်နေ ဒေါ်အေးသီတာငွေ၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးပိုင်စိုး (ဒဂုံ-၂၊ မြို့မကျောင်း)၊ မောင်ထူးထက်(အလက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဖခင်သည် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစံကွန်း

**တိုက်ကြီးမြို့နယ်-လှိုင်ကျေးရွာ**

### အသက်(၈၈)နှစ်

တိုက်ကြီးမြို့နယ်၊ လှိုင်ကျေးရွာနေ (ဦးဘခင်-ဒေါ်ဒွေးဖြူ)တို့၏ သား၊ နတ္တလင်းမြို့နေ (ဦးသိန်းမောင်-ဒေါ်ကြင်ကြင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၁၂) ပထမထပ်နေ (ဒေါ်မြရီ)၏ ခင်ပွန်း၊ ဦးသန်းဌေး-ဒေါ်ခင်ဆွေဝင်း(အထက-၃၊ ကြည့်မြင်တိုင်)၊ ဦးဝင်းထင်၊ (ဦးသက်တင်)၊ ဦးလင်းခိုင်၊ (ဦးထွန်းလင်း)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစံကွန်းသည် ၃-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၈(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်စော

### အသက်(၈၀)

တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်းတိုက် သာဝကများ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း ဦးတင်စောသည် ၂-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်းတိုက်သာဝကများ၊ ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစက်အောင် (အင်းတော်)

### အသက်(၆၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းအိမ်ရာနေ အသင်းဝင်များဖြစ်ကြသော ဒေါ်တင်ရီမောင်၊ ဒေါ်မြင့်အောင်၊ ဒေါ်မြင့်မြင့်အောင်ဖခင်သည် ၃-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက် အင်းတော်နယ်သူ/သားများ**

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ပု (ရေဦး)

### အသက် (၁၀၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးသက်တင်) ၏ဇနီး၊ ဦးမျိုးသန့်တင် (ဒုညွှန်မှူး၊ ဆည်မြောင်း-ငြိမ်း)-ဒေါ်မာလာသန့်၊ ဦးမျိုးဝင်းတင် (M.P.P.E-ငြိမ်း)-ဒေါက်တာဒေါ်ငြိမ်းငြိမ်းဝေ (ပါမောက္ခ-ငြိမ်း)၊ ဦးမျိုးထွဋ်တင်-ဒေါ်မို့မို့သန်း (အလပြ-ငြိမ်း)၊ ဦးလှဘုန်းမြင့်-ဒေါ်ခင်မျိုးမျိုးတင်၊ ဦးမော်သန်းဦး (မန်နေဂျာ၊ မြန်မာ့ကြယ်ငါးပွင့်)- ဒေါ်ခင်စိုးစိုးတင် (အလပြ-ငြိမ်း)တို့၏ မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၃-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေး သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၈ (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ သန္တာ (၂)လမ်း၊ အမှတ်(၇၃၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းကြည်(ခရမ်း)

**တတိယညွှန်ကြားရေးမှူး (ငြိမ်း)**
**ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး**

### အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၇) လမ်း၊ တိုက်အမှတ် (၂၅၅)၊ အခန်း(၁၇)နေ (ဦးသန်း-ဒေါ်ခင်စော)တို့၏သား၊ (ဦးတင်ညွှန့်-ဒေါ်ပု)တို့၏ သားသမက်၊ ဒေါ်စိန်စိန်၏ ခင်ပွန်း၊ ဦးစိုးထွန်း-ဒေါ်နီနီရှိန်၊ Capt.သက်လွင်အောင်-ဒေါ်ဥဥကြည်၊ ဦးအောင်ကျော်မြင့်တို့၏ မွေးသဖခင်၊ မခန့်ကေခိုင်၊ ဒေါက်တာဝင်းလဲ့ယဉ်၊ မောင်လင်းနောင်-မခင်ဇာနှင်း၊ မောင်ဝေယံအောင်တို့၏အဘိုး ဦးထွန်းကြည်သည် ၃-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းကြည် အသက်(၈၀)

**(ရွှေဆင်မင်းရေခဲစက်)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား၊ (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၁/က-ခ)နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၄၂)၊ ရွှေဆင်မင်းရေခဲစက်နေ (ဒုတိယဗိုလ်မှူးကြီးလှမြင့်-ငြိမ်း)၏ဇနီး၊ ဦးကျော်ဦးမြင့် (M.D, Pretty Home Co., Ltd.)-ဒေါ်သန္တာဝင်း၊ ဦးစည်သူ (ABAC, KBZ)-ဒေါ်သီတာမြင့်၊ တွဲဖက်ပါမောက္ခ ဒေါက်တာညွှန့်အောင်(မျက်စိ)-ဒေါ်သူဇာမြင့်၊ ဦးအောင်ထူးမြင့်(MD.မြင့်မိုရ်ဆင်မင်းကုမ္ပဏီ)-ဒေါ်ခိုင်သူဇာတို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာ ခင်ထက်ထက်သူ(ခေတ္တ-သြစတြေးလျ)၊ မပန်းပြည့်မြတ်အောင်၊ မောင်ကောင်းမြတ်စည်သူ (ခေတ္တ-သြစတြေးလျ)၊ မဇွန်ဖူးဝေ၊ မောင်အာကာစည်သူ(F/O, MAI)၊ မကြိုင်သင်းပျံ့အောင်၊ မောင်ကောင်းဆက်ထူး (Final Part-II,ဆေး-၁)၊ မောင်အောင်ပြည့်ထူးတို့၏ ချစ်လှစွာသောအဘွားသည် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒု-ဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)

### အသက် (၆၁) နှစ်

**ကြည်း-၁၄၈၀၇၊ B.Sc, DSA(20)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်း မြို့နေ (ဦးညွှန့်-ဒေါ်မြင့်မြင့်)တို့၏ တစ်ဦးတည်းသောသား၊ မုံရွာမြို့နေ (ဦးသွင်)-ဒေါ်ခင်ညွှန့် (စံပြပရိဘောဂ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၂/၅၇)၊ (၄၆)လမ်းနေ ဒေါ်မြင့်မြင့်တင်၏ခင်ပွန်း၊ ဒေါ်ဆွေဇင်အိ (International Organization for Migration)-ဦးခိုင်ဝင်း(Khaing Can rental Services)၊ မဟန်နီအောင်တို့၏ဖခင်၊ ဒေါ်ငြိမ်းငြိမ်း၊ ရဲမှူးချုပ်ဗဟိန်း(ငြိမ်း)-ဒေါ်ငွေငွေတို့၏ တူသား၊ ဒေါက်တာမာမာဦး၏မောင်၊ ဒေါ်ခင်မေသီ၊ ဒေါ်ခင်မေသက်၊ ဒေါ်ခင်သက်တင်၊ ဒေါက်တာမိုးမိုးညွှန့်တို့၏အစ်ကို ဒု-ဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)သည် ၃-၄-၂၀၁၈ရက် နံနက် ၈း၅၅နာရီတွင် နေပြည်တော် အမှတ်(၂) ခုတင် (၁၀၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မောင်ငြိမ်းချမ်းလင်း

**အထက-၄ (အလုံ) ဒသမတန်း**

### အသက်(၁၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနလမ်း၊ အမှတ်(၅၀)နေ ရှေ့နေ ဦးဌေးဦး-ဒေါ်သန်းလှိုင်၊ ထီးတန်း(၄) လမ်းနေ (ဦးတင်မြင့်)-ဒေါ်သန်းလှတို့၏မြေး၊ ဒေါ်တင်တင်ဦး၊ ဦးမြတ်သူ (အထက်တန်းရှေ့နေ)တို့၏တူ၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ် (၇၁)၊ ခြောက်လွှာ(A)နေ ဦးမျိုးမြင့်-ဒေါ်သန်းသန်းဦးတို့၏သား၊ မစိမ့်စိမ့်သော်၏အစ်ကိုသည် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (အင်းစိန်လမ်း နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ အင်းစိန်လမ်းနေ ဦးမျိုးမြင့်-ဒေါ်သန်းသန်းဦးနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း အမ**

## ဒေါ်ငွေစိန်

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၃၉)နေ (ဦးကြီးငွေ-ဒေါ်အီးမား)တို့၏ သမီး၊ မန္တလေးမြို့နေ ဒေါ်ကြည်၏ညီမ၊ (ဦးကြိုစန်ကက်-ဒေါ်ရက်ချုံးဝါး)တို့၏ သမီးချွေးမ၊ (ဦးနန်းဆန်း)၏ ဇနီး၊ ဒေါ်ရှုမေ၊ ဦးကျော်မြင့်-ဒေါ်ရှုဝေ၊ ဦးသိန်းထိုက်-ဒေါ်သီတာခိုင် (Star Pharmacy)တို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ငွေစိန်သည် ၃-၄-၂၀၁၈(အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ညွှန့်

### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်း၊ တိုက်(၄)၊ အခန်း(၂)၊ စည်ပင်အရာရှိရိပ်သာနေ (ဦးဘသင်-ဒေါ်သဲငွေ)တို့၏ သမီး၊ (ဦးဖိုးကျား-ဒေါ်နု)တို့၏ သမီးချွေးမ၊ (ဦးတင်အောင်)၏ ဇနီး၊ ဦးစောဟန်-(ဒေါ်ဌေးအောင်)၊ ဦးခင်မောင်သန်း-ဒေါ်စမ်းသွင်၊ (ဦးတင်နွယ်)၊ (ဦးဌေးဝင်း)-ဒေါ်စန်း၊ ဦးခေမာစာရ၊ ဒေါ်စမ်းတင့်တို့၏မိခင်၊ ဦးဆန်းမင်းထွန်း (ဌာနစုမှူး၊ ရာဖြတ်ဌာန၊ မြို့တော်စည်ပင်)-ဒေါ်ခင်စောဥမ္မာ(အထက-၄၊ ကမာရွတ်)၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား ဒေါ်ခင်ညွှန့်သည် ၃-၄-၂၀၁၈ (အင်္ဂါနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**

## ဆရာဦးလှအေး

### အသက်(၉၄)နှစ်

**အထပြ(ငြိမ်း)**
**ရာ/၁၅၉၈**

ညောင်တုန်းမြို့နယ်နေ (ဦးဘတင်-ဒေါ်ဒေါ်ပုံ)တို့၏ သား၊ ဒေါ်ထွေးကြည်၏ခင်ပွန်း ဦးလှအေးသည် ၁၅-၃-၂၀၁၈ ရက်တွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)သစ္စာလမ်း၊ အမှတ် (၁၁၄) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ရက်တွင် ရက်လည်ဆွမ်းကျွေး သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းတင့်(ကျိုက်လတ်)

### အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ အမှတ်(၂၆/၆)လမ်းနေ (ဦးစိန်-ဒေါ်တင်အုန်း)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ သာယာအေးလမ်းသွယ်(၃)၊ အမှတ်(၂/ဋ)နေ ဦးမြင့်၏ ဇနီးသည် ၂-၄-၂၀၁၈ ရက်ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ရီရီအေး

### အသက်(၆၉)နှစ်

**နည်းပြ မန္တလေးဒေသကောလိပ်**
**နည်းပြ**
**ကူးသန်းရောင်းဝယ်ရေးကျောင်း**
**မန္တလေး/ရန်ကုန်**

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်မောင်အေး)-ဒေါ်မေတို့၏သမီး၊ ဦးရွှေထွန်း၏ဇနီး၊ ဦးစိုးမိုးထွန်း-ဒေါ်နွေးနွေးနိုင်၊ ဒေါ်စုမွန်ထွန်းတို့၏ မိခင်၊ ငွေယွန်းတွယ်တာ(ချစ်ချစ်)၏ အဘွား၊ (ဦးခင်မောင်ရင်)၊ ဦးစိုးသန်း-ဒေါ်ကြည်ကြည်အေးတို့၏ ညီမ၊ ဦးထွန်းတင်-ဒေါ်စမ်းစမ်းအေး၊ (ပါမောက္ခ ဦးကျော်မြင့်ထွန်း)-ဒေါက်တာလှလှအေး၊ ဦးငွေ-ဒေါ်စန္ဒာအေး၊ ဦးခင်မောင်နိုင်-ဒေါ်သီသီအေးတို့၏ အစ်မသည် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၈ (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းမြှုပ်နှံ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## တန်ကင်အိန်း(ခ)ဒေါ်ကျင်လှ

### အသက် (၁၀၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ လသာလမ်း၊ အမှတ်(၆၆)နေ (ဦးအန်ဟုတ်ဆိုင်)၏ဇနီး၊ (ဦးအန်ကုံအင်)-ဒေါ်ခင်ဝင်းသန်း၊ ဦးအန်ကုန်ဟွာ-ဒေါ်ရွှေကျိုး၊ ဒေါ်အန်ဝေဝေ-ဦးတန်ချိုင်ထျန်း၊ ဒေါ်အန်ဘီဘီ၊ ဦးအန်တီတီ-တန်စွစ်မ်ကြူး(ခ)ဒေါ်လှလှ၊ (ဦးအန်လီလီ)၊ဒေါ်အန်ကြူကြူ(ခ)မလိုင်လိုင်-(ဦးချစ်ဝေ)တို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်မောင်(ဦးလေးထွေး) (ထားဝယ်)

### အသက်(၈၂)နှစ်

**အလုပ်ရုံမှူး(ငြိမ်း)၊ မြန်မာ့ထီးစက်ရုံ**
**အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း**
**အမှတ်(၁)၊ စက်မှုဝန်ကြီးဌာန**

ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးဘအို-ဒေါ်စောခင်)တို့၏ သား၊ (ဦးကံထူး-ဒေါ်သိန်းညွှန့်)တို့၏ သားသမက်၊ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်(၁)လမ်း၊ (A)၊ တိုက်(၁၀)၊ အခန်း(၂၀၂)နေ ဒေါ်ကြည်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးစိုးညွှန့်)၊ (ဦးညွှန့်လှိုင်-ဒေါ်မေကြွယ်)၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (သခင်ဗသိန်းတင်-ဒေါ်မိလေး)၊ (ဗိုလ်မှူးကြီးဖေသက်-ဒေါ်တင်ညွှန့်)၊ (ဒေါ်သန်းစု)၊ (ဗိုလ်မှူးကြီးမျိုးအောင်-ဒေါ်ဝါဝါ)၊ ဦးမြင့်အောင်-(ဒေါ်တင်ညွှန့်)တို့၏ ညီ/မောင်၊ Dr.မျိုးမြင့်၊ ဒေါ်အုန်းကြွယ်တို့၏ ချစ်လှစွာသောအစ်ကို၊ တူ/တူမ ၃၀ ယောက်တို့၏ ဦးလေး/ဘကြီးသည် ၃-၄-၂၀၁၈ (အင်္ဂါနေ့) ည ၁၁း၄၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်မောင်(ဦးလေးထွေး) (ထားဝယ်)

### အသက်(၈၂)နှစ်

**အလုပ်ရုံမှူး(ငြိမ်း)၊ မြန်မာ့ထီးစက်ရုံ**
**အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း**
**အမှတ်(၁)၊ စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်(၁)လမ်း၊ (A)၊ တိုက်(၁၀)၊ အခန်း(၂၀၂)နေ ဒေါ်ကြည်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးငြိမ်းချမ်း)၊ (ဒေါ်ရူပါမြင့်)၊ ဦးချစ်ဝင်း၊ ဒေါ်ဥမ္မာမြင့်-ဦးသီဟကိုကိုသက်၊ ဦးဝေဖြိုးမောင်မောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဝေဖြိုးအောင်၊ မောင်ဝင်းကို၊ မောင်ဇင်ဝေထွန်း၊ မောင်ခန့်မင်းထူးတို့၏ ချစ်လှစွာသောအဘိုးသည် ၃-၄-၂၀၁၈ (အင်္ဂါနေ့) ည ၁၁း၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှုတင်(မြင်းခြံ)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၃၇)နေ (ဦးဘိုးတင်၊ ဒေါ်ကြင်တီ)တို့၏ သမီး၊ (ဦးအုန်း)၏ ဇနီး၊ ဦးသင်းအုန်း-ဒေါ်ခင်တည်၊ ဦးဝင်းအုန်း-(ဒေါ်မြင့်မြင့်ထွန်း)၊ (ဦးသိန်းအုန်း)-ဒေါ်အေးအေးသီ၊ ဦးဖေသက်-ဒေါ်ခင်သန်းအုန်း၊ ဦးမင်းဇော်-ဒေါ်ယဉ်သန်းအုန်း၊ ဦးအောင်ကိုကိုသိမ့်-ဒေါ်သန္တာအုန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂-၄-၂၀၁၈ ရက် နံနက် ၁း၅၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်ငြိမ်း

**ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ငြိမ်း)**

### အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းရှင်-ဒေါ်သန်း)တို့၏ သားထွေး၊ (ဦးသောင်း-ဒေါ်ညွှန့်ညွှန့်)တို့၏ သားသမက်၊ ဒေါ်တင်တင်အေး (ကထိက-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)-ဦးဖေသန်း(လေယာဉ်မှူးကြီး-ငြိမ်း)၊ [ဦးဝင်းဖေ (ပြည်တွင်းရေကြောင်း-ငြိမ်း၊ မန္တလေး)]-ဒေါ်ခင်မေ၊ ဗိုလ်မှူးဝင်းလတ်(ငြိမ်း)-ဒေါ်အေးသန်းကြည်၊ (ဒေါ်တင်ရွှေ-ဦးစိန်ဦး)၊ (ဦးသောင်းဝင်း)-ဒေါ်အေးမြင့်တို့၏ ချစ်လှစွာသော မောင်/ညီ၊ အမှတ်(၂၆၇)၊ မစိုးရိမ်ကျောင်းလမ်းသွယ်(၁)၊ (၉)မိုင်နေ ဒေါ်မြင့်မြင့်သောင်း၏ချစ်လှစွာသောခင်ပွန်း၊ Dr.ခင်မွန်ငြိမ်း (UNICEF)၊ (ဦးကျော်စွာငြိမ်း)-Dr.ခင်အုန်းမြင့် (ကလေးအထူးကုဆရာဝန်ကြီး၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မခင်ချမ်းမြေ့ငြိမ်း(ဆေး-၂)၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ကိုသီဟစိုးမြင့် (ဟသ်ာတ)

### အသက်(၄၂)နှစ်

**(TWINS Millonaire Co.,Ltd.) uPVC, Aluminium & Glass**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၁၉/ခ)နေ ဦးစိုးမြင့်-ဒေါ်ခင်ဝင်းမြင့်(သီဟ အလူမီနီယံ)တို့၏ သားကြီး၊ အင်းစိန်၊ ပေါက်တောဝနေ ဦးကျော်လင်း(သန်းကြွယ်လုပ်ငန်းစု)-(ဒေါ်ခင်သြကြူ)တို့၏ သားသမက်၊ မနန္ဒာကျော် (TWINS Millonaire Co., Ltd.) uPVC, Aluminium & Glass ၏ခင်ပွန်း၊ မသြနန္ဒာကျော်၊ မောင်အောင်သီဟကျော် (Nursery-MISY)တို့၏ ဖခင်၊ ကိုငြိမ်းချမ်းစိုးမြင့်-မမြင့်မြင့်စိုး (NINE SIGNWORK)တို့၏ အစ်ကို၊ မမြလေးခင်(P2-A ILBC)၏ဦးလေး ကိုသီဟစိုးမြင့်သည် ၄-၄-၂၀၁၈ ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (တာမွေ၊ သမိန်ဗရမ်းလမ်းနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးရာတွင် ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် ကြန့်ကြာမှုများရှိနေ



**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ပဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဧပြီ ၄**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ပဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒေါက်တာအောင်သူ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် ဦးခင်မောင်ချို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

## မြန်မာ ယူ-၂၃ အသင်း ခြေစမ်းပွဲတွင် မကွေးအသင်းကို အနိုင်ရ

**ရန်ကုန် ဧပြီ ၄**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် မကွေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲအကြိုခြေစမ်းပွဲများတွင် ရလဒ်ကောင်းနေပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ခြေစမ်းပွဲနှစ်ပွဲစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အဓိကဂိုးသမား ဘုန်းသစ္စာမင်းကို အနားပေးကာ ထွန်းနန္ဒာဦးဖြင့် ပွဲထွက်ခဲ့ပြီး ကျန်နေရာများတွင် လူစုံခဲ့ကာ ဝင်းနိုင်ထွန်း၊ လွင်မိုးအောင်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ စိုးမိုးကျော်တို့ ပါဝင်ခဲ့သည်။ မကွေးအသင်းမှာမူ ပြီးခဲ့သည့်တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် GFA အသင်းနှင့် အမှတ်ပေးပွဲတွင် ပါဝင်ကစားခဲ့ခြင်းမရှိသည့် ကစားသမားအများစုကို အသုံးပြုခဲ့ပြီး ပထမပိုင်းတွင် ကျော်ဇင်လွင်၊ ဆက်ဖြိုးဝေ၊ စွမ်းထက်အောင်၊ ဒုတိယပိုင်းတွင် နန္ဒကျော်၊ ကျော်စွာလင်း၊ အောင်မြင့်ထွန်းတို့က အသင်းကို ထိန်းကစားခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ○**

## မန္တလေးမြို့ရှိ အမျိုးသမီးကလေးငယ်သင်တန်းကျောင်းသို့ နိုင်ငံတကာမှ ဖျော်ဖြေရေးအဖွဲ့များ လာရောက်ဖျော်ဖြေ



**မန္တလေး ဧပြီ ၄**

မန္တလေးမြို့၌ ကျင်းပမည့် ၂၀၁၈ World Wood Day အခမ်းအနားသို့ လာရောက်ကြသည့် နိုင်ငံတကာမှ ဖျော်ဖြေရေးအဖွဲ့များသည် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် အမျိုးသမီးကလေးငယ်သင်တန်းကျောင်းသို့ ယနေ့နံနက် ၁၀ နာရီတွင် လာရောက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

သစ်၏ အသုံးဝင်ပုံနှင့် တန်ဖိုးကို သိရှိစေရန်နှင့် သစ်နှင့် ပြုလုပ်ထားသည့် တူရိယာပစ္စည်းများဖြင့် ဖျော်ဖြေ၍ ကလေးငယ်များ ပျော်ရွှင်မှုရရှိစေရန် လာရောက်ဖျော်ဖြေပေးခြင်း ဖြစ်ကြောင်း International Wood Culture Society(IWCS) မှ အတွင်းရေးမှူး Su Jin Ling က ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳**

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှုသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရ၍၊ ရမှတ်များရုံသာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
ဧပြီ ၃၀ ရက် ဖွင့်မြီ
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ဇွဲ့ခ်ုတ်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း- ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
◆ ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာနေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ ဗိုင်းစိန်မြင့်အောင်
အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-ConYBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDEများနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၅၊ ၂၀၁၈ (ကြာသပတေးနေ့)

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

“ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ရည်မှန်းချက်ကတော့ လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှု ဖြည့်ဆည်းပေးဖို့အတွက်နဲ့ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနဲ့ ထိရောက်တဲ့ တရားဥပဒေ စိုးမိုးရေးကို ဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ ဘာလို့ထားသလဲဆိုတော့ “အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုးတက်ကောင်းမွန်တဲ့ တရားစီရင်ရေးစနစ်ကို ရောက်ရှိဖို့ပဲ ဖြစ်ပါတယ်”



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

## ဥပဒေနဲ့အညီ အရည်အသွေးမြင့်တဲ့ တရားမျှတမှုတွေ ဖြည့်ဆည်းပေးသွားမယ်

### ပြည်ထောင်စုတရားလွှတ်တော်ချုပ် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

● တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစိုးရသက်တမ်း ဒုတိယ(၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့အား တွေ့ဆုံမေးမြန်းထားပါသည်။**

**ဦးကိုကိုနိုင်**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

**မေး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ရည်မှန်းချက်ထားဆောင်ရွက်ခဲ့တဲ့ ပြည်သူ့ဝန်ဆောင်မှုအခန်းကဏ္ဍကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ရည်မှန်းချက်ကတော့ လူတိုင်းအတွက် အရည်အသွေးမြင့် တရားမျှတမှု ဖြည့်ဆည်းပေးဖို့အတွက်နဲ့ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနဲ့ ထိရောက်တဲ့ တရားဥပဒေ စိုးမိုးရေးကို ဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ ဘာလို့ထားသလဲဆိုတော့ “အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုးတက်ကောင်းမွန်တဲ့ တရားစီရင်ရေးစနစ်ကို ရောက်ရှိဖို့ပဲ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်အတွက် (၂၀၁၈-၂၀၂၂) မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းနယ်ပယ် ငါးရပ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီနယ်ပယ်ငါးရပ်ကတော့ တရားရုံးဝန်ဆောင်မှုများ အများပြည်သူသို့ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ဒီနယ်ပယ် ငါးရပ်ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ကြိုးပမ်းရင်းနဲ့ ၂၀၁၈ ခုနှစ်အတွင်းမှာ “အကောင်းဆုံး ဝန်ဆောင်မှုများပေးရန်”၊ “ပိုမိုထိရောက်အကျိုးရှိတဲ့ လုပ်ငန်းများကို ဆောင်ရွက်သွားရန်”၊ “စွမ်းအားအရင်းအမြစ်များကို ယခုထက်ပိုမို ထိထိရောက်ရောက် အသုံးပြုရန်”တို့ကို ဆက်လက်ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အောင်မြင်မှုတွေအနေနဲ့ ၂၀၁၆ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်နေ့က ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဒီအစီရင်ခံစာကလည်း မြန်မာနိုင်ငံမှာရှိတဲ့ တရားရုံးတွေရဲ့တိကျတဲ့ ကိန်းဂဏန်းအချက်အလက်တွေ၊ ဆောင်ရွက်ချက်တွေကို ဖော်ပြထားပြီး တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုအပေါ် နယ်ပယ်ကဏ္ဍပေါင်းစုံက သက်ဆိုင်သူများအားလုံး ကျယ်ပြန့်စွာသိရှိနားလည်နိုင်စေဖို့ရည်ရွယ်တဲ့အပြင် ပြီးဆုံးခဲ့တဲ့ နှစ်အတွင်းက ဆောင်ရွက်ချက်တွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို ထင်ဟပ်စေတဲ့ အစီရင်ခံစာတစ်ခုလည်း ဖြစ်ပါတယ်။

နောက်တစ်ခုက မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေး ကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့က ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဒီလိုထုတ်ပြန်လိုက်ခြင်းအားဖြင့် တရားသူကြီးတွေ၊ တရားရေးဝန်ထမ်းတွေသာမက တရားစီရင်ရေးကဏ္ဍမှာ ဆက်စပ်ပါဝင်သူအားလုံးက တရားစီရင်ရေးစနစ်အပေါ် ပိုမိုသဘောပေါက်နားလည်လာပြီး လိုအပ်တဲ့ ပံ့ပိုးမှုတွေကို အထောက်အကူပြုခြင်းအားဖြင့် မျှတပြီး ခိုင်မာတဲ့တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုပိုင်းအနေနဲ့ ဥပဒေအသိပညာ ပြန့်ပွားစေရေးအတွက် ပြည်သူလူထုလက်ဝယ်သို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လေ့လာရေးအဖွဲ့များကို လည်ပတ်ခွင့်ပြုစေခြင်းအပြင် သတင်းမီဒီယာသမားများလက်ဝယ်သို့ တရားရုံးသတင်းမီဒီယာလက်စွဲ ဖြန့်ဝေခဲ့ခြင်း၊ သတင်းမီဒီယာများနှင့် ဆက်ဆံပြောဆိုမှုတိုးတက်စေရေးအတွက် မီဒီယာကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ တစ်နိုင်ငံလုံးမှာရှိတဲ့ တရားရုံးသတင်း ပြန်ကြားရေးအရာရှိများအနေနဲ့ သတင်းမီဒီယာသမားများ သိရှိလိုတဲ့ မေးမြန်းချက်များကို အကြိမ်ရေပေါင်း ၁၅၀ ဖြေဆိုထိတွေ့ဆက်ဆံခဲ့ခြင်းအားဖြင့် တရားရုံးတွေနဲ့ သတင်းမီဒီယာအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ဥပဒေပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့အတွက် ၂၀၁၇ ခုနှစ်အတွင်း အလုပ်သင်ရှေ့နေ ၁၈၁၆ ဦး၊ အထက်တန်းရှေ့နေ ၈၇၉ ဦးကို အသိအမှတ်ပြု လက်မှတ်

အထူးကဏ္ဍ [ ခ ] သို့ »»



ဖေဖော်ဝါရီ ၁ ရက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်



ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး



ပညာရှင် ဦးအေးမြင့်

အထူးကဏ္ဍ [ က ] မှ »»

များထုတ်ပေးနိုင်ခဲ့တယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘုတ်တို့ကနေတစ်ဆင့် အမည်စာရင်းများ ထုတ်ပြန်ကြေညာပေးတယ်၊ တရားလွှတ်တော်ရှေ့နေ ၂၃၅၂ ဦးတို့ကို အခမ်းအနားနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုယ်တိုင် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပါတယ်။

**ဒေါ်တင်နွယ်စိုး**

**ညွှန်ကြားရေးမှူးချုပ်**

**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

**မေး။ တရားစီရင်ရေးအပိုင်းနဲ့ ပတ်သက်ပြီး ထိရောက်အောင်ဘယ်လိုတွေ ဆောင်ရွက်ထားသလဲဆိုတာ ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ရည်မှန်းချက်ကတော့ တစ်ခုတည်းပါ။ အဓိကအားဖြင့် လူတိုင်းကို အရည်အသွေးမြင့်တဲ့ တရားမျှတမှု၊ တရားရေးအပေါ်မှာ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှု၊ ထိရောက်တဲ့တရားစီရင်ရေး မြှင့်တင်ဆောင်ရွက်ပေးဖို့ပဲ ဖြစ်ပါတယ်၊ ဒါကတော့ တရားစီရင်ရေးရဲ့ အဓိကရည်ရွယ်ချက်တစ်ခုပဲ ဖြစ်ပါတယ်။

အဓိကကတော့ နိုင်ငံတော်အစိုးရရဲ့ ဒုတိယ(၁)နှစ်တာ ၂၀၁၇-၂၀၁၈ ခုနှစ်ကာလ အပိုင်းအခြားကတော့ ကျွန်မတို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းရဲ့ ဒုတိယနှစ်ကာလ၊ တတိယနှစ်ကာလ အပိုင်းအခြားနဲ့ တူညီပါတယ်။ ဒီကာလမှာ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ အချက်ကလေးတွေမှာ အဓိကကတော့ ကျွန်မတာဝန်ယူရတဲ့ တရားစီရင်ရေးအပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ ပြောပြပေးချင်ပါတယ်။ အဓိကအားဖြင့်တော့ အချက်ငါးချက်ပါ။

ပထမအချက်ကတော့ ရှေ့ပြေးတရားရုံး အစီအစဉ် အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒုတိယအချက်ကတော့ တရားရုံးအဆင့်ဆင့်ရဲ့ မှုခင်းဆောင်ရွက်မှုအခြေအနေ၊ တတိယအချက်ကတော့ တရားရုံးအသစ်တွေ ဖွဲ့စည်းတာတွေ တရားစီရင်ပိုင်ခွင့် ပြောင်းလဲအပ်နှင်းခဲ့တဲ့ကိစ္စ၊ ဥပဒေရေးရာ ဆောင်ရွက်ချက်ကိစ္စနဲ့ အကျဉ်းသား၊ အချုပ်သားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးခဲ့တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရရင် ကျွန်မတို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ အချက်တွေလို့ ပြောလို့ရပါတယ်။ ဒီနေရာမှာ ရှေ့ပြေးတရားရုံးအဆင့်ဆင့်ဆိုတာက တရားရုံးမှာရှိတဲ့ မှုခင်းကြန့်ကြာမှုတွေ လျှော့ချဖို့နဲ့ တရားရုံးစွမ်းရည်မြှင့်တင်ဖို့၊ ခေတ်မီမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို စတင်ဆောင်ရွက်ဖို့အတွက် ပြည်သူတွေက တရားရုံးရဲ့ဝန်ဆောင်မှုတွေ၊ တရားရုံးရဲ့ သတင်းအချက်အလက်တွေကို ပိုမိုလွယ်ကူစွာ လက်လှမ်းမီနိုင်ဖို့အတွက် အထောက်အပံ့တွေ ပြုလုပ်မယ်ဆိုတဲ့ နယ်ပယ်နှစ်ရပ်အတွက် ရှေ့ပြေးတရားရုံး အစီအစဉ်ဆိုတာကို စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ကနဦး ဆောင်ရွက်ခဲ့တာကတော့ ရှေ့ပြေးတရားရုံးအနေနဲ့တရားရုံး သုံးရုံးမှာ ၂၀၁၅ ခုနှစ် ဇွန်လမှ စတင်ပြီးတော့ နောက်ထပ်တိုးချဲ့ခဲ့တဲ့ တရားရုံး ငါးရုံးမှာတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လက စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဓိကက ခေတ်မီဖွံ့ဖြိုးရေး စီမံခန့်ခွဲရေးစနစ်ဆိုတာက ဘာလဲဆိုတော့ တရားရုံးတွေမှာ သက်သေမလာရင် အမှုတွေ ရုပ်သိမ်းပေးရတယ်။ စစ်ဆေးတဲ့အခါမှာ မပြီးသေးဘဲ ကြန့်ကြာနေတာတွေကို စနစ်တကျ လျော့ကျသွားအောင် ဘယ်လိုထိထိရောက်ရောက် စစ်ဆေးစီရင်ဖို့ ဘယ်လိုလုပ်မလဲဆိုတော့ အမှုမစစ်ခင်မှာ တစ်ဖက်အမှုသည်က ဘယ်လိုရှိမလဲ၊ နိုင်ငံတော်ဘက်က ဥပဒေအရာရှိ၊ တရားစွဲဆိုတဲ့ ရဲအရာရှိ ပါဝင်တဲ့ အကြိုညှိနှိုင်း ဆွေးနွေးပွဲတွေလုပ်မယ်၊ အမှုတွဲမှာတင်ပြမယ့် သက်သေခံအထောက်အထားတွေ၊ လူသက်သေ၊ စာရွက်သက်သေတွေကို ပြင်ဆင်ပြီးတဲ့အခါမှာ ဘယ်ရုံးချိန်းမှာ ဘယ်လိုစစ်ဆေးမယ်ဆိုတာ စနစ်တကျညှိနှိုင်းပြီး ဆောင်ရွက်တဲ့စနစ်လေးပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီလိုဆောင်ရွက်ချက်တွေကို တရားရုံးမှာရှိတဲ့ ဥပဒေစွဲတင်တဲ့အခါမှာ လိုအပ်တဲ့ သတင်းအချက်အလက်တွေထည့်တာ၊ ဒီမှုခင်းရဲ့တိုးတက်မှုတွေကို အမြဲစောင့်ကြည့်တဲ့စနစ်သုံးပြီးတော့ ကွန်ပျူတာတွေမှာ ဒီအချက်အလက်တွေ ထည့်ပြီးတော့ စောင့်ကြပ်ကြည့်ရှုတယ်ဆိုတာ ရှေ့ပြေးတရားရုံးတွေမှာ ဒီကာလတွေမှာ စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ပိုမိုပြီးတော့ ဒီဆောင်ရွက်ချက်တွေအားလုံးဟာ ဘယ်ကိုဦးတည်နေသလဲဆိုတော့ တရားရုံးအနေနဲ့ ရုံးအသုံးပြုသူပြည်သူတွေက တရားရုံးရဲ့ ဝန်ဆောင်မှုတွေအပေါ်မှာ ဘယ်လောက်ထိကျေနပ်မှု ရှိသလဲဆိုတာ သိဖို့အတွက် ရှေ့ပြေးတရားရုံးအစီအစဉ်ကို စခဲ့ပါတယ်။ သူတို့ရဲ့ ကျေနပ်မှုကို စစ်တမ်းကောက်ခဲ့ပါတယ်။ နောက်တစ်ခါ သတ်မှတ်ထားတဲ့ ကာလတစ်ခု ၂၀၁၆-၂၀၁၇ အတွင်း တိုးတက်မှုအခြေအနေကို စစ်တမ်းကောက်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ကတော့ ကနဦး ရှေ့ပြေးတရားရုံးဖြစ်တဲ့ တောင်ငူခရိုင်တရားရုံး၊ လှိုင်သာယာ မြို့နယ်တရားရုံးနဲ့ ဘားအံမြို့နယ်တရားရုံးတွေမှာက မူလက ပြည်သူတွေရဲ့ ကျေနပ်မှုက ၆၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

၂၀၁၇ ခုနှစ်စစ်တမ်းအရ ၆၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ နောက်ထပ်တိုးချဲ့ ရှေ့ပြေးတရားရုံး ငါးရုံးဖြစ်တဲ့ မုံရွာခရိုင်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံး၊ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ မကွေးမြို့နယ်တရားရုံး ဒီငါးရုံးမှာတော့ မူလက ပြည်သူတွေရဲ့ ကျေနပ်မှု ၆၃ ရာခိုင်နှုန်းကနေ ၇၇ ရာခိုင်နှုန်းအထိ တိုးတက်မှုရပါတယ်ဆိုတဲ့ ရလဒ်တွေကို တွေ့ရှိခဲ့ရပါတယ်။

ဒီနေရာမှာ အထူးသဖြင့် တရားရုံးအသုံးပြုသူတွေက ဘယ်အချက်တွေပေါ်မှာ ဘယ်လိုကျေနပ်မှုရှိသလဲဆိုတော့ သတင်းအချက်အလက်တွေကိုရတယ်၊ တရားရုံးတွေက အမှုသည်တွေအပေါ်မှာ ပြောဆိုဆက်ဆံတဲ့ ကိစ္စရပ်တွေ၊ အမှုတွေကို ကောင်းမွန်စွာ ကိုင်တွယ် ဆောင်ရွက်နိုင်မှုတွေ၊ နှစ်ဖက်အမှုသည်တွေကြားမှာ တန်းတူရည်တူ ခွဲခြားမှုမရှိဘဲ ဆက်ဆံခဲ့တာတွေ၊ တရားရုံးကနေ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ အချက်တွေကတော့ ကျွန်မတို့ စစ်တမ်းလိုက်မှ တိုးတက်တဲ့ ကျေနပ်မှုတွေကို တွေ့မြင်ခဲ့ရပါတယ်။

ဒုတိယတစ်ခုကတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နှစ်ကုန်တဲ့ အခါမှာ တရားရုံးအဆင့်ဆင့်ရဲ့ မှုခင်းဆောင်ရွက်မှုအခြေအနေပါ။ ဒါကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၊ ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများ (စည်ပင်သာယာတရားရုံး၊ ကလေးသူငယ်တရားရုံး၊ မော်တော်ယာဉ်တရားရုံး) ဒီတရားရုံးဆင့်ဆင့်ရဲ့ မှုခင်းစစ်ဆေးစီရင်နိုင်မှုကို ကြည့်တဲ့အခါ ၂၀၁၇ ခုနှစ်မှာ ၂၀၁၆ ခုနှစ်နဲ့ ယှဉ်ရင် အမှုပြီးပြတ်တဲ့ အမှုအရေအတွက်ပိုမိုများလာပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း အမှုစွဲတင်တဲ့ အရေအတွက်က အရင်နှစ်ထက်ပိုများပါတယ်။ တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်းကတော့ ၉၆ ရာခိုင်နှုန်းဖြစ်ပါတယ်။

ရှေ့ပြေးတရားရုံးဖြစ်တဲ့ ကနဦးတရားရုံးတွေမှာကတော့ ပြီးပြတ်မှုက ၉၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ တိုးချဲ့ရှေ့ပြေးတရားရုံးတွေမှာ ၉၆ ဒသမ ၅ ရာခိုင်နှုန်း၊ ဒါကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပုံမှန်အမှုစစ်ဆေးစီရင်တာနဲ့ ခေတ်မီမှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးတဲ့ ရှေ့ပြေးတရားရုံးတွေရဲ့ ပြီးပြတ်မှုရလဒ်က ပိုမိုကောင်းမွန်တယ်၊ တိုးတက်တယ်ဆိုတာကို တွေ့ရပါတယ်။

ဒီအချက်တွေအပေါ်မှာ အခြေခံပြီးတော့ ၂၀၁၈ ခုနှစ်ကစပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီမှုခင်းစီမံခန့်ခွဲမှု အကောင်အထည်ဖော်ဖို့အတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ကျွန်မတို့ စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒါကတော့ တရားရုံးအဆင့်ဆင့်ရဲ့ ဆောင်ရွက်ခဲ့မှုအခြေအနေပဲ ဖြစ်ပါတယ်။ တတိယတစ်ခုအနေနဲ့ ၂၀၁၇ ခုနှစ်အတွင်းမှာ အရင်လောက်ကိုင်ခရိုင်တရားရုံးကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ နောက်တစ်ခါ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးကို အသစ်ဖွဲ့စည်းပြီး စီရင်ပိုင်ခွင့်အာဏာတွေ အပ်နှင်းတာကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

နောက်တစ်ချက်က ဥပဒေရေးရာတွေနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲနေတာတွေလည်း ရှိပါတယ်။ အဲဒါတွေထဲကမှ ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေ(၄)မျိုး၊ နောက်တစ်ခါ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ဆောင်ရွက်ပြီးတော့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းဥပဒေတစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး။ အကျဉ်းကျခံနေရသူတွေအတွက် အခွင့်အရေး၊ ရပိုင်ခွင့်တွေအပြည့်အဝရရှိဖို့ ဆောင်ရွက်ထားရှိမှုကိုလည်း သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ နောက်ဆုံး ဆောင်ရွက်ပေးခဲ့တဲ့ အချက်တစ်ခုအနေနဲ့ တင်ပြလိုတာကတော့ တရားစီရင်ရေး ဥပဒေပုဒ်မ(၆၇၊ ၆၈)တို့နဲ့ အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရား

အထူးကဏ္ဍ [ ဂ ] သို့ »»

**စစ်ဆေးတဲ့အခါမှာ မပြီးသေးဘဲ ကြန့်ကြာနေတာတွေကို စနစ်တကျ လျော့ကျသွားအောင် ဘယ်လိုထိထိရောက်ရောက် စစ်ဆေးစီရင်ဖို့ ဘယ်လိုလုပ်မလဲဆိုတော့ အမှုမစစ်ခင်မှာ တစ်ဖက်အမှုသည်က ဘယ်လိုရှိမလဲ၊ နိုင်ငံတော်ဘက်က ဥပဒေအရာရှိ၊ တရားစွဲဆိုတဲ့ ရဲအရာရှိ ပါဝင်တဲ့ အကြိုညှိနှိုင်းဆွေးနွေးပွဲတွေလုပ်မယ်၊ အမှုတွဲမှာ တင်ပြမယ့် သက်သေခံအထောက်အထားတွေ၊ လူသက်သေ၊ စာရွက်သက်သေတွေကို ပြင်ဆင်ပြီးတဲ့အခါမှာ ဘယ်ရုံးချိန်းမှာ ဘယ်လိုစစ်ဆေးမယ်ဆိုတာ စနစ်တကျညှိနှိုင်းပြီး ဆောင်ရွက်တဲ့စနစ်လေးပဲ ဖြစ်ပါတယ်**




သတင်းမီဒီယာများနှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရေးအတွက် မီဒီယာ ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပေးစဉ်။

အထူးကဏ္ဍ [ ခ ] မှ »»

သူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှာရှိတဲ့ တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်တရားရုံးများမှာရှိတဲ့ ခရိုင်တရားသူကြီးတွေ ပါဝင်ပြီး မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်တွေကို ၆၁ ကြိမ်၊ နောက်တစ်ခါ အချုပ်စခန်းတွေကို ၄၄၅ ကြိမ်၊ ရဲဘက်စခန်း ၂၆ ကြိမ် သွားရောက်ပြီးတော့ အကျဉ်းသားအချုပ်သားတွေရဲ့ အခြေအနေကို ကြည့်ရှုပြီး သူတို့တွေမှာ ဥပဒေအရ ရသင့်ရထိုက်တဲ့ အခွင့်အရေး ဆုံးရှုံးမှု ရှိ၊ မရှိ၊ နောက်တစ်ခါ အချုပ်သားတွေဆိုရင် စစ်ဆေးဆဲအမှုတွေမှာ နှောင့်နှေးကြန့်ကြာမှု မရှိဖို့အတွက် ဒါတွေကို ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တာတွေလည်း ရှိပါတယ်။

ဒါတွေကတော့ ၂၀၁၇ ခုနှစ်ကာလအတွင်းမှာ ကျွန်မတို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ အောင်မြင်မှုတွေပဲလားဆိုတော့ တစ်ဖက်မှာလည်း ကျွန်မတို့အခက်အခဲတွေ၊ အားနည်းချက်တွေ၊ မဆောင်ရွက်နိုင်သေးတဲ့ လုပ်ငန်းတွေလည်း ရှိခဲ့ပါတယ်။ အဓိကက ဘာလဲဆိုတော့ ရည်မှန်းထားတာ ၁၀၀ ရာခိုင်နှုန်းပြည့်မီဖို့ဆိုတော့ ရည်မှန်းချက်ကို အပြည့်အဝမရောက်ရှိသေးပါဘူး။ တိုးတက်မှုတော့ရှိတယ်၊ အပြည့်အဝ မရောက်ရှိသေးဘူးဆိုတဲ့ အချက်ပါ။ ဒီလိုဖြစ်တဲ့ အကြောင်းရင်းတွေကို ပြန်လည်လေ့လာတဲ့အခါမှာ အဓိက အားနည်းချက်ကတော့ အရင်းအမြစ် အားနည်းတာပါ။ လူလုံလောက်မှု၊ ပစ္စည်းလုံလောက်မှု၊ အသုံးပြုနိုင်တဲ့ ဘတ်ဂျက်ငွေလုံလောက်မှုမရှိတဲ့ ကိစ္စရပ်တွေ၊ နောက်တစ်ခါ တရားရုံးရဲ့ စွမ်းရည်မြှင့်တင်တဲ့အခါမှာ လူ့ရဲ့ကျွမ်းကျင်မှုတွေသာမကဘူး၊ နည်းပညာအကူအညီလိုလာတဲ့အခါကျတော့ စက်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေလိုသလို ဒါကိုကိုင်တွယ် အသုံးပြုမယ့်လူတွေရဲ့ နည်းပညာ၊ ကောင်းမွန်စွာ အသုံးပြုနိုင်တဲ့ ကျွမ်းကျင်မှုတွေ ဒါတွေကလည်း ကျွန်မတို့မှာ အားနည်းချက်အနေနဲ့ လိုနေတာကို တွေ့ရပါတယ်။

မဟာဗျူဟာ စီမံကိန်းကတော့ စနစ်တကျ အကောင်အထည်ဖော်ခဲ့တာ ၂၀၁၅ ကနေ ၂၀၁၇ ခုနှစ်အထိဆိုတော့ ဒါက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ကျွန်မတို့ စီမံ ချက်ကာလကုန်သွားပြီ။ ဒီရဲ့အားသာချက်၊ အားနည်းချက်၊ အောင်မြင်မှု၊ မအောင်မြင်မှု လေ့လာသုံးသပ်တယ်။ ပြီးတော့ ၂၀၁၈ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာ မဟာဗျူဟာ စီမံကိန်းအသစ်ရေးဆွဲတယ်။ ဒီလိုရေးဆွဲတဲ့အခါ ကိုယ့်မှာရှိနေတဲ့အခက်အခဲတွေ ပြဿနာတွေကိုပြင်ဆင်ပြီးတော့ ပိုမိုကောင်းမွန်ဖို့အတွက် စီမံကိန်းအသစ်ချတာပါ။ ဒီအခါမှာ အဓိက ပြုပြင်ပြောင်းလဲလိုက်တဲ့ ကိစ္စနှစ်ခုကတော့ တရားစီရင်ရေးဆိုတာက တရားရုံးရဲ့ ရုံးဝန်ထမ်းတွေ၊ တရားရုံးဘက်က တစ်ခုတည်းဆောင်ရွက်လို့မရပါဘူး။ ဒီအမှုမှာ ပါဝင်တဲ့ အစိုးရအဖွဲ့အစည်းတွေ ရှိပါတယ်၊ ပုဂ္ဂလိက ရှိပါတယ်၊ ပြည်သူတွေ ရှိပါတယ်။ Private Sector ကဆိုလည်း ရှေ့နေတွေပါတယ်။ ဒီလူတွေအားလုံး တကယ့်ကို သာလွန်တိုးတက်ကောင်းမွန်ဖို့အတွက် အတူတကွ ပူးပေါင်းပါဝင်မှုသာ ၁၀၀ ရာခိုင်နှုန်းအောင်မြင်မှာပါ။

ပူးပေါင်းပါဝင်ဖို့မှာလည်း ကျွန်မတို့အနေနဲ့ လုံးဝကိုအပြည့်အဝ ကျန်ရှိနေတယ်လို့ ပြောလို့မရပါဘူး။ သူ့ဘက်မှာလည်း အားနည်းချက်တွေ၊ အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါကိုဖြေရှင်းနိုင်ဖို့ ကျွန်မတို့ဘာတွေဆောင်ရွက်နေသလဲဆိုတော့ မဟာဗျူဟာ စီမံကိန်း အသစ်ရေးဆွဲတဲ့အခါမှာ မရေးဆွဲခင်မှာ ကနဦးအဆင့်ကတည်းက ဒီတရားမျှတမှုကဏ္ဍမှာ ပါဝင်တဲ့ အစိုးရအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ ဒီလူတွေကို အကုန်လုံး ဖိတ်ခေါ်ပြီး စီမံကိန်းအသစ်အတွက် ဘယ်လိုအချက်တွေပါဝင်သင့်သလဲဆိုတာကို ကနဦးဆွေးနွေးပွဲတွေ ပြုလုပ်ခြင်းအားဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။ မဟာဗျူဟာစီမံကိန်းအသစ်ရဲ့ ထူးခြားချက်တစ်ခုက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခဲ့တဲ့ စီမံကိန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကပဲ ကြီးကြပ်ဆောင်ရွက်တာမျိုး မဟုတ်ဘဲနဲ့ တရားရုံးအဆင့်တိုင်း၊ တရားသူကြီးတိုင်း၊ ရုံးဝန်ထမ်းတိုင်းက ပါဝင်အကောင်အထည်ဖော်ပြီး တာဝန်ယူဆောင်ရွက်တဲ့ ဦးဆောင်မှုကဏ္ဍနဲ့စီမံခန့်ခွဲတဲ့ပုံစံကို ပြောင်းလဲလိုက်ပါတယ်။

ပြည်ထောင်စုအဆင့်မှာ ကော်မတီတွေဖွဲ့ထားပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်က ဦးဆောင်ပြီး မူဝါဒပိုင်းတွေ ချမှတ်ပေးတယ်။ အကောင်အထည်ဖော်ရေးကော်မတီကို ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းထားတယ်။ နောက်တစ်ခါ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကိုယ့်ဒေသအလိုက် အကောင်အထည်ဖော်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တွေ ဦးဆောင်တဲ့စီမံခန့်ခွဲမှု အဖွဲ့တွေ ဖွဲ့ထားတယ်။ တစ်ခုလုံး အောင်မြင်ဖို့ဆိုရင် တရားသူကြီးတိုင်း၊ ရုံးဝန်ထမ်းတိုင်း သူတို့ရဲ့ လုပ်ငန်းမှာ ကျွမ်းကျင်မှု၊ အရည်အသွေးပြည့်ဝမှုတွေ၊ သူတို့ရဲ့ကျင့်ဝတ်စောင့်ထိန်း လိုက်နာမှုတွေ၊ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်လိုက်ပါတယ်။ အခု ၂၀၁၈ စီမံကိန်းကာလ စတင်နေပါပြီ။ စတင်နေတဲ့အခါကျတော့ ဒီမှာပါနေတဲ့ လုပ်ငန်းစဉ်တွေ၊ ရည်မှန်းချက်တွေ၊ မဏ္ဍိုင်တွေ ရောက်ရှိဖို့အတွက် ဒီထက်ပိုမိုတိုးတက်အောင်မြင်နေဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ တရားရုံးတွေရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီး အားနည်းမှုလေးတွေ ရှိတဲ့အပေါ်မှာ သုံးသပ်ပြောကြားပေးပါဦး။**

ဖြေ။ တရားရုံးရဲ့ လက်ရှိလုံခြုံရေးပိုင်းကတော့ အားလုံးတွေ့မြင်နေရမှာပါ။ စိတ်မကောင်းစရာကောင်းတဲ့ အနေအထားမျိုးတွေ အများကြီးရှိပါတယ်။ ဒီနေရာမှာ တရားသူကြီး လုံခြုံရေးအပိုင်းဆိုတာကလည်း ကျွန်မတို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စဉ်းစားတာက တရားရုံးရဲ့လုံခြုံရေး၊ တရားရုံးရဲ့လုံခြုံရေးဆိုတာက အဲဒီမှာ တာဝန်ထမ်းဆောင်နေတဲ့ တရားသူကြီးတွေ၊ ရုံးဝန်ထမ်းတွေအပြင် တရားရုံးကို အမှုအခင်းအတွက် လာရောက်ရတဲ့ အမှုသည်တွေ၊ ရှေ့နေရှေ့ရပ်တွေအားလုံးရဲ့ လုံခြုံရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး အားလုံး ပါဝင်ဖို့လိုတယ်လို့ ယူဆပါတယ်။ ဒီအတွက်လည်း မဟာဗျူဟာစီမံကိန်းအသစ်ရဲ့ နယ်ပယ်(၄)မှာ လုံခြုံရေးအပိုင်းမှာ တိုးမြှင့်ဆောင်ရွက်ဖို့ဆိုတဲ့ အစီအစဉ်တွေ ချထားပါတယ်။ ဒါကလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတစ်ခုတည်းနဲ့ မဟုတ်ဘဲနဲ့ အားလုံးပါဝင်နေပြီးတော့ ဆောင်ရွက်ဖို့လည်းလိုတာတွေရှိပါတယ်။ ဒီအစီအစဉ်တွေကတော့ ၂၀၁၈ ခုနှစ်ထဲမှာ အကောင်အထည်ဖော်မှာပါ။ Capacity ပိုင်းမှာ Capacity Building ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါတယ်။

တရားသူကြီးတွေကိုယ်တိုင် ရုံးဝန်ထမ်းတွေအားလုံးကို အမြဲတမ်းအဆက်မပြတ် ဆောင်ရွက်သွားရမယ့်လုပ်ငန်းပါ။ ပြီးတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ လေ့ကျင့်ရေးဌာနရှိပါတယ်။ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနဲ့ သုတေသနရှိပါတယ်။ ဒီဌာနတွေဟာ ဘာလုပ်ပေးသလဲဆိုတော့ ပုံမှန်လေ့ကျင့်သင်ကြားပေးမှုတွေ၊ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေ ပွင့်လင်းမြင်သာလာတော့ ဥပဒေနယ်ပယ်အသစ်တွေ၊ နောက်တစ်ခါ တရားစီရင်ရေးရဲ့ ဒီမိုကရေစီစံနှုန်းတွေ၊ လူ့အခွင့်အရေးစံနှုန်းတွေ၊ ဒါတွေအတွက် အလုပ်ရုံဆွေးနွေးပွဲ Workshop တွေကို အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ချက်ကတော့ အရင်တုန်းက မရှိခဲ့တဲ့ တရားရုံးရဲ့ဆောင်ရွက်မှုတွေ၊ ပြည်သူတွေနဲ့တရားရုံးရဲ့ကြားမှာ ဆက်ဆံရေး၊ ဒါတွေအတွက် လေ့ကျင့်သင်ကြားပေးတာတွေ လုပ်ခဲ့ပါတယ်။ Facility အပိုင်းမှာ လက်ရှိဆောင်ရွက်ပေးနိုင်တာကတော့ ဝန်ထမ်းတွေ၊ တရားသူကြီးတွေအတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံတွေကို နိုင်ငံတော်ခွင့်ပြုတဲ့ ဘတ်ဂျက်ထဲကနေပြီးတော့ ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်ရှင့်။

အထူးကဏ္ဍ [ ဃ ] သို့ »»



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးက တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်စဉ်။

> အဓိက အားနည်းချက်ကတော့ အရင်းအမြစ် အားနည်းတာပါ။ လူလုံလောက်မှု၊ ပစ္စည်းလုံလောက်မှု၊ အသုံးပြုနိုင်တဲ့ ဘတ်ဂျက်ငွေလုံလောက်မှုမရှိတဲ့ ကိစ္စရပ်တွေ၊ နောက်တစ်ခါ တရားရုံးရဲ့ စွမ်းရည်မြှင့်တင်တဲ့အခါမှာ လူ့ရဲ့ ကျွမ်းကျင်မှုတွေသာမကဘူး၊ နည်းပညာအကူအညီလိုလာတဲ့အခါကျတော့ စက်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေလိုသလို ဒါကိုကိုင်တွယ် အသုံးပြုမယ့် လူတွေရဲ့ နည်းပညာ၊ ကောင်းမွန်စွာ အသုံးပြုနိုင်တဲ့ ကျွမ်းကျင်မှုတွေ ဒါတွေကလည်း ကျွန်မတို့မှာ အားနည်းချက်အနေနဲ့ လိုနေတာကို တွေ့ရပါတယ်



၂၀၁၇ ခုနှစ် မေ ၄ ရက်က လှိုင်သာယာမြို့နယ် တရားရုံးဖွင့်ပွဲ ကျင်းပစဉ်။

အထူးကဏ္ဍ [ ၈ ] မှ »»

**မေး။ တရားရေးမဏ္ဍိုင် ခိုင်မာအားကောင်းဖို့ဆိုရင် ဘာတွေကို ဆောင်ရွက်ဖို့လိုပါသလဲခင်ဗျာ။**

ဖြေ။ တရားရေးမဏ္ဍိုင်နဲ့ ပတ်သက်ပြီး နားလည်တဲ့သူရှိတယ်၊ နားမလည်တဲ့သူရှိတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာကတော့ မြန်မာနိုင်ငံတင် မကပါဘူး၊ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ အမြဲတမ်းတိုးတက်အောင် ဆောင်ရွက်နေတဲ့အရာတစ်ခုပါ။ ကျွန်မတို့ တရားဥပဒေစိုးမိုးရေးမှာ ဘယ်သူတွေပါသလဲ၊ ဘယ်သူတွေက တာဝန်ရှိသလဲ၊ လုပ်ငန်းပိုင်းက ဘယ်သူတွေနဲ့ သက်ဆိုင်သလဲဆိုတာ အင်မတန်ကျယ်ပြန့်ပါတယ်။

တကယ်တော့ တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံတော်ကိုယ်တိုင်ကစပြီး ပြည်သူတစ်ဦးချင်းအထိ အားလုံးပါဝင်ဆောင်ရွက်ဖို့လိုတဲ့ ကိစ္စရပ်ပါ။ တရားရေးဆိုတာကတော့ ဒီတရားဥပဒေစိုးမိုးရေးမှာ အကောင်အထည်ဖော်ပေးတဲ့ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ပါပါတယ်။ ပြည်သူတွေကို၊ ရုံးရှေ့ကိုရောက်လာတဲ့ အမှုအခင်းတွေကို ဥပဒေနဲ့အညီ အရည်အသွေးပြည့်တဲ့ တရားမျှတမှုတွေပေးဖို့ ကျွန်မတို့က အဓိကတာဝန်ယူတာပါ။ ဒီအစိတ်အပိုင်းမှာ တာဝန်ယူတယ်ဆိုတာထက် တာဝန်ပေးအပ်ခြင်းခံရတာပါ။ နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ဖို့ပေးအပ်တာဆိုတဲ့အခါ ဒီအစိတ်အပိုင်းတိုင်းကနေပြီး တိုးတက်အောင် ဆောင်ရွက်ဖို့ နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးဆိုတာ တစ်ခုကို သွားပြီးတော့ သက်ရောက်မှုရှိမယ်။

တကယ်ကို တိုးတက်မှုရှိလာမှာပါ။ တကယ်တမ်းတော့ တရားဥပဒေစိုးမိုးရေးထက် ကျွန်မတို့အပါအဝင် လူတိုင်းလူတိုင်းရဲ့ နေ့စဉ်ဘဝလုံခြုံမှု တိုးတက်ဖြစ်ပေါ်ဖို့ စီးပွားရေးတိုးတက်မှုအားလုံးနဲ့ ဆိုင်နေပါတယ်။ ဆိုင်နေတဲ့အတွက် အားလုံးကြိုးပမ်းရမှာပါ။ ကျွန်မတို့ရဲ့ ရည်မှန်းချက်ထဲမှာလည်း ထိရောက်မှုရှိတဲ့၊ ရိုးရိုးတရားဥပဒေမဟုတ်၊ ထိရောက်မှုရှိတဲ့တရားဥပဒေကို မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးမယ်ဆိုပြီး ထည့်သွင်းထားပါတယ်။ ဒီနေရာမှာတော့ အားလုံးက တကယ့်တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကို နားလည်လက်ခံပြီးတော့ ဝိုင်းဝန်းဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။

ဒီရည်ရွယ်ချက်နဲ့ ပထမဦးဆုံး မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ဖော်ဆောင်တဲ့အခါမှာ ဆောင်ပုဒ်က **တရားမျှတရေး၊ အတူတကွ ဆောင်ရွက်ပေး** ဖြစ်ပါတယ်။ ကျွန်မတို့က တရားရုံးကဏ္ဍကို ဦးဆောင်တဲ့အခါမှာ ကျန်တဲ့သူတွေကလည်း ပူးပေါင်းပါဝင်ကြပါဆိုပြီးတော့ ကျွန်မတို့ ကမ်းလှမ်းပြီးတော့ ဆောင်ရွက်ခဲ့တာပါ။ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မှာ **အားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ တရားမျှတမှုဆီသို့**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတွေအတွက် ဘယ်လိုဆောင်ရွက်သလဲဆိုတာ ဦးတည်ပြီးတော့ ချမှတ်ထားတာပါ။ တကယ်လို့သာ ပူးပေါင်းဆောင်ရွက်ကြမယ်၊ အောင်မြင်စွာ ဆောင်ရွက်ကြမယ်ဆိုရင် ဒါတွေက အခုဖြစ်နေတဲ့အခြေအနေတွေကို ဖြေရှင်းနိုင်ဖို့ အားလုံးအတွက် ကြိုးပမ်းနေပါတယ်။

**မေး။ ပြည်သူတွေအနေနဲ့ ဥပဒေကို သိနားလည်ဖို့ဆိုရင် ဘာတွေဆောင်ရွက်သွားဖို့ လိုပါသလဲခင်ဗျာ။**

ဖြေ။ တရားရုံးပိုင်းကတော့ ကျွန်မတို့ ဆောင်ရွက်ချက်တွေအပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်။ ဒါပေမယ့် အပြည့်အဝဖြစ်ဖို့အတွက် ဒီထက်ပိုပြီး ကြိုးစားရပါမယ်။ ကြိုးစားရမယ်ဆိုတဲ့နေရာမှာ ပြည်သူတွေအနေနဲ့ ဥပဒေကို သိနားလည်ဖို့၊ ဒီထက်ပိုပြီး ပါဝင်ဆောင်ရွက်ဖို့ ဒါကိုရှင်းပြပြောပြရမယ့် အလုပ်က ကျွန်မတို့အလုပ်လို့ ခံယူထားပါတယ်။

ဒီနေရာမှာ အထူးသဖြင့် သတင်းမီဒီယာတွေရဲ့ကဏ္ဍ အင်မတန်မှ အရေးကြီးပါတယ်။ အခု တရားရုံးတွေမှာလည်း ဒီအချက်ကို ပါဝင်ဖို့အတွက် တရားရုံးတွေအနေနဲ့ မီဒီယာနဲ့ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လာတာပါ။ ဒါတွေက အစဉ်အလာအားဖြင့် တရားရုံးအနေနဲ့ ဘယ်တော့မှမလုပ်ခဲ့တဲ့ အလုပ်တွေပါ။ တရားရုံးဆောင်ရွက်ချက်ဆိုတာ စီရင်ချက်ထဲမှာသာ ဖော်ပြပြီးတော့ သိလိုတဲ့လူသာ လာပြီးတော့စုံစမ်း၊ လာပြီးတော့ဒါကိုမိတ္တူကူးပြီး ဖတ်ရှုဆိုတော့ တကယ်ကို ဥပဒေနယ်ပယ်က လူတွေနဲ့ပဲ သက်ဆိုင်တဲ့ကဏ္ဍတစ်ခုလို ဖြစ်နေပါတယ်။

ဒါကတော့ မြန်မာနိုင်ငံတင် မဟုတ်ပါဘူး။ တရားစီရင်ရေးရဲ့ track ကိုက ဒီလိုရှိလာတာပါ။ နောက်ပိုင်းပြုပြင်ပြောင်းလဲရေးတွေလုပ်လာတဲ့အခါကျတော့ ကျွန်မတို့က ပွင့်လင်းမြင်သာရမယ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိရမယ်၊ ပြည်သူလူထုရဲ့ အသိအမြင်ပြည့်ဖို့အတွက် ကျွန်မတို့ပိုပြီး Contact လုပ်ရမယ်၊ Communication လုပ်ရမယ်၊ Media Skill တွေ တရားသူကြီးတွေကို Training ပေးတယ်။ တရားရုံးတိုင်းမှာ သတင်းပြန်ကြားရေးအရာရှိတွေကို ကျွန်မတို့ သတ်မှတ်တာဝန်ပေးတယ်။ ပေးပြီးတဲ့အခါမှာ မီဒီယာကပဲဖြစ်ဖြစ်၊ ပြည်သူကပဲဖြစ်ဖြစ် မေးမြန်းလာတာတွေကို မီဒီယာလက်စွဲတွေ ထုတ်ပြန်ပြီးတော့ အဲဒီလက်စွဲနဲ့အညီ တွေ့ဆုံတယ်၊ ပြောပြတယ်။


အကျဉ်းထောင်ရှိ အကျဉ်းသား၊ အချုပ်သားများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

လိုအပ်တဲ့ကိစ္စ၊ လူစိတ်ဝင်စားတဲ့ကိစ္စ၊ အရေးကြီးတဲ့ကိစ္စတွေကို ကျွန်မတို့ သင့်တော်သလို သတင်းစာရှင်းလင်းပွဲတွေ လုပ်တယ်။ အဲဒီမှာ အဓိကတော့ တရားရုံးရဲ့သတင်းအချက်အလက်အမှန်ကိုပေးဖို့က သူတို့ရဲ့တာဝန်ပါ။ ဒီလုပ်ငန်းတွေက ဘယ်တုန်းကမှ မရှိခဲ့တဲ့ဟာတွေပါ။ အင်မတန်အားရကျေနပ်ဖွယ်ကောင်းပါတယ်။ အမှုတွေပြီးပြတ်မှုနှုန်းတွေ၊ မှုခင်းစီမံခန့်ခွဲမှု စနစ်တစ်ခုကို ဆောင်ရွက်နေတာမျိုး အားထုတ်မှုတွေပေါ့၊ ဒါကတော့ ကာလအတိုလေးအတွင်းမှာ ကျွန်မတို့ တစ်နှစ်အတွင်း၊ နှစ်နှစ်အတွင်း ပြီးမယ်ဆိုတာမျိုး ပြောလို့မရပါဘူး။

ရေရှည်ဆောင်ရွက်သွားရမှာ၊ အောင်မြင်ပြီးရင်လည်း တစ်နိုင်ငံလုံးခြုံပြီးတော့ လုပ်ပြီးရင် ပိုမိုကောင်းမွန်အောင် အမြဲကြိုးစားသွားရမှာဆိုတော့ ဒါတွေကို စပြီးတော့ မိတ်ဆက်နိုင်တယ်၊ စမ်းသပ်နိုင်ခဲ့တယ်၊ နောက်လုပ်မယ့် အစီအစဉ်တွေချနိုင်ခဲ့တယ်ဆိုတာကတော့ ဒီကာလအတွင်းမှာ ကျွန်မတို့ ဆောင်ရွက်ချက်တွေရဲ့ အဓိက အောင်မြင်မှုလို့ ပြောလို့ရပါတယ်။

**မေး။ တရားစီရင်ရေးအပိုင်းနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါဦး။**


ဖြေ။ အဓိကကတော့ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း၂၀၁၈-၂၀၂၂ ကို ဇန်နဝါရီလမှာ ထုတ်ပြန်ကြေညာပြီးပါပြီ။ မီဒီယာအပါအဝင် အကျိုးသက်ဆိုင်တဲ့ အစိုးရဌာနတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင် အားလုံးကို ဖိတ်ကြားပြီး ရှင်းလင်းပြောကြားခဲ့ပြီးပါပြီ။ ၂၀၁၈ မှာ ဘာလုပ်မယ်ဆိုပြီး လုပ်ငန်းအစီအစဉ်တွေပါ ထည့်ပြီး ပြောပြထားတာပါ။ ဒီအစီအစဉ်တွေကို စနစ်တကျဆောင်ရွက်နေပါတယ်။ ဒီအစီအစဉ်မှာ အရင်းအမြစ်ကတော့ လုံလောက်မှုမရှိတဲ့ အပိုင်းမှာ ကျွန်မတို့ အပြည်ပြည်ဆိုင်ရာက မိတ်ဖက်အဖွဲ့အစည်းတွေဆီက နည်းပညာပိုင်းဆိုင်ရာ အကူအညီတွေ အများကြီးရယူပြီးတော့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ သွားမယ့်ရည်မှန်းချက်ကတော့ အားလုံးအတွက် ကောင်းမွန်တဲ့ တရားမျှတမှုဆီကို ရှေးရှုပြီး ဆောင်ရွက်နေပါတယ်လို့ ပြောကြားလိုပါတယ်။


**ဦးအေးမြင့်(ပညာရှင်)**
**မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း**
**နေပြည်တော်ကောင်စီနယ်မြေ**

နှစ်နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံတရားစီရင်ရေးနဲ့ ပတ်သက်ပြီး တိုးတက်လာတာအများကြီးပါပဲ။ ဆုံးဖြတ်ချက်နဲ့ ပြောမယ်ဆိုရင် ဘက်နှစ်ဖက်ရှိတဲ့ အတွက်ကြောင့် တစ်ဖက်ကိုအနိုင်ပေးရင် တစ်ဖက်က ရှုံးနိမ့်မှာ သဘာဝပဲ။ ဒါပေမယ့် သူ့မှာ အခွင့်အရေးတွေရှိတယ်၊ တရားသူကြီးတွေဆိုတာကလည်း အခြားသော အဖွဲ့အစည်းတွေလို ကွင်းဆင်းလေ့လာရတာ မဟုတ်ဘူး။ စာရွက်ပေါ်မှာ ထွက်တဲ့ သက်သေရဲ့ထွက်ဆိုချက်အပေါ်မှာ အဆုံးအဖြတ်ပေးရတာ ဖြစ်ပါတယ်။ ဒီဘက်ခေတ်မှာ တရားစီရင်ရေးက အရင်နဲ့စာရင် ပိုမိုကောင်းမွန်တဲ့ အခြေအနေကို ရောက်ရှိနေပြီ၊ အားနည်းချက်က ဘာတွေရှိသလဲဆိုတာကတော့ မြို့နယ်တိုင်းမှာရှိတဲ့ သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းတွေ၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ အဲဒီသုံးချက်ညီတဲ့အခါမှ တရားဥပဒေစိုးမိုးရေးက ပိုပြီးတောက်ပြောင်လာမှာပါ။


အခုအချိန်မှာ အားနည်းချက်ဘာတွေရှိသေးသလဲလို့ ပြောမယ်ဆိုရင် တရားစွဲအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ပြဿနာတွေမှာ တရားရုံးရောက်တဲ့အခါ ကြီးကျယ်တဲ့ ထင်ထင်ရှားရှား မှားယွင်းမှုမျိုး မရှိသေးပါဘူး။


ပြည်သူတွေနဲ့ ပတ်သက်ပြီး အလွှာအမျိုးမျိုးရှိတယ်၊ အဲဒီမှာ ပညာတတ် လူတန်းစားတွေရှိတယ်၊ တချို့က ဥပဒေကိုမသိဘူး။ ဒါဟာ ဥပဒေဗဟုသုတကို ကျယ်ကျယ်ပြန့်ပြန့် မလှုံ့ဆော်နိုင်လို့ပါ။ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ဒီဥပဒေပြဿနာတွေကို ရှင်းမယ်ဆိုရင် သက်ဆိုင်ရာဥပဒေအရာရှိ၊ ဒေသအဖွဲ့အစည်းတွေ အကုန်လုံးကနေ ဥပဒေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်မယ်ဆိုရင် ဥပဒေဗဟုသုတတွေသိမယ်။ အဲဒီလိုသိတဲ့အခါကျတော့ ဥပဒေကို မကျူးလွန်ဘူး။ ကိုယ်ကျူးလွန်ရင် ကျူးလွန်သလို ဥပဒေကြောင်းအရ ဖြေရှင်းရမယ်။ အဲဒီတော့ စိုးရိမ်စိတ်၊ ကြောက်စိတ်ရှိမယ်။ အခုကျတော့ ဥပဒေကို မသိတဲ့အတွက် ကျူးလွန်မိတာတွေရှိတယ်။ ဥပဒေဆိုရိုးစကားရှိတယ်။ မသိလို့ ကျူးလွန်ခြင်းကို ခွင့်လွှတ်မှာမဟုတ်ဘူး။ ဒါကြောင့် မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးဖို့ဆိုရင် ဒီထက်မကကျယ်ပြန့်တဲ့လှုံ့ဆော်မှုတွေ၊ ပညာပေးမှုတွေ၊ ကျေးလက်ဒေသရောက်တဲ့အထိ ဥပဒေပညာပေးဆွေးနွေးခန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်သွားဖို့တော့လိုမယ်ထင်တယ်လို့ အကြံပြုလိုပါတယ်။ ။




> “ပြည်သူတွေနဲ့ပတ်သက်ပြီး အလွှာအမျိုးမျိုးရှိတယ်၊
> အဲဒီမှာ ပညာတတ် လူတန်းစားတွေရှိတယ်၊
> တချို့က ဥပဒေကို မသိဘူး။
> ဒါဟာ ဥပဒေဗဟုသုတကို
> ကျယ်ကျယ်ပြန့်ပြန့် မလှုံ့ဆော်နိုင်လို့ပါ”






# ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့် လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ သင်ရိုးညွှန်းတမ်းအသစ်များ ပြုစုသင်ကြားပေးနေ

**၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စတင်သင်ကြားမည့် အခြေခံပညာမူလတန်းအဆင့် ဒုတိယတန်း (Grade-2) သင်ရိုးသစ် တိုင်းဒေသကြီးအဆင့် သင်တန်းဆွေးနွေးပွဲကို မန္တလေးမြို့တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅)အခြေခံပညာ အထက်တန်းကျောင်း၌ မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ ပြုလုပ်မည်ဖြစ်ရာ အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ကိုယ်စားပြုတက်ရောက်လာကြသော ထက်၊ လယ်၊ မူကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ယင်းသင်တန်းတွင် ဆွေးနွေးပို့ချမည့် နည်းပြဆရာများက အဆိုပါ သင်ရိုးသစ်အပေါ် ၎င်းတို့၏ သဘောထားအမြင်များကို ယခုလို ပြောကြားခဲ့သည်။**

**ဒေါ်စန်းစန်းရီ**
**(မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)**

ဆရာမကြီးတို့မှာ NESP ဆိုတဲ့ အမျိုးသားပညာရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်းအရ ကလေးတွေကို သင်ရိုးသစ်နဲ့ ပြောင်းလဲပြီးသင်ကြားနေပါတယ်။ အဲဒီလိုသင်ကြားနေတဲ့အတွက် လာမယ့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ Grade 2 လို့ခေါ်တဲ့ ဒုတိယတန်းကို နောက်နှစ်မှာ အဲဒီသင်ရိုးသစ်နဲ့ ကလေးတွေကို မိတ်ဆက်မှာဖြစ်ပါတယ်။ အဲဒီလို မိတ်မဆက်ခင် အဲဒီကလေးတွေကို သင်ကြားရမယ့် မူလတန်းအဆင့်သင်တဲ့ ဆရာ ဆရာမအားလုံးကို ကြိုတင်ပြီးတော့ လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ပါတယ်။ သင်ရိုးသစ်ကို ပြောင်းလဲသင်ကြားရတဲ့ ရည်ရွယ်ချက်က ဆရာမကြီးတို့ရဲ့ ကလေးတွေဟာ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့၊ စိန်ခေါ်နိုင်တဲ့ ၂၁ ရာစု ကမ္ဘာသူ၊ ကမ္ဘာသားကောင်းများဖြစ်လာစေဖို့ အခုကတည်းက လေ့ကျင့်သင်ကြားပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

အခုသင်တန်းက တိုင်းဒေသကြီးအဆင့်ဖြစ်တာကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးက သင်တန်းသားပေါင်း ၂၄၀ လာတက်ပါတယ်။ သင်တန်းကာလ ၁၄ ရက်ပါ။ ဒီသင်တန်းကို မန္တလေးတိုင်းဒေသကြီးအနေနဲ့ဆိုရင် မန္တလေးပညာရေးကောလိပ်နဲ့ မိတ္ထီလာပညာရေးကောလိပ်က ဆရာ ဆရာမ ၂၈ ဦးက လာပြီးတော့ ပို့ချပါတယ်။ ကလေးတွေက KG ကတည်းက ပြောင်းလဲလာတဲ့အတွက် အရင်ကထက် ပိုပြီး ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲရှိပြီးတော့ သူတို့ရဲ့ထင်မြင်ချက်ကို ဆရာ ဆရာမတွေကို အရင်က ကလေးတွေထက် တင်ပြရဲတဲ့ စွမ်းရည်တွေရရှိလာတာကို တွေ့ရတယ်။ သင်တန်းသား သင်တန်းသူတွေကလည်း သင်တန်းကာလမှာ ဆရာ ဆရာမတွေ ဆွေးနွေးပို့ချတာကို အကုန်ရအောင်ယူပြီး ကိုယ့်ရဲ့ခရိုင်အဆင့်မှာ သင်တန်းနည်းပြ ပြန်လုပ်ရမှာဖြစ်တဲ့အတွက် ကိုယ်ရတာအကုန်လုံးကို ဆက်လက်ပြီး မချွင်းမချန် ပြန်သင်ပေးမယ်။ ကျောင်းကိုရောက်လာတဲ့ အချိန်မှာလည်း ဒီသင်တန်းမှာပါတဲ့အတိုင်း၊ ဆရာလမ်းညွှန်မှာပါတဲ့အတိုင်း ကလေးတွေကို လေ့ကျင့်ပြုစုပေးရင်တော့ မျှော်မှန်းထားတဲ့ မျှော်မှန်းချက်ကို ပြည့်မီမှာ ဖြစ်ပါတယ်။

**ဒေါ်ခင်မိုးကျော် (လက်ထောက်ကထိက ပညာရေးသဘောတရားဌာန၊ မိတ္ထီလာပညာရေးကောလိပ်)**

ဒီသင်တန်းကာလ ၁၄ ရက်အတွင်းမှာ ဘာသာရပ်အလိုက်တာဝန်ယူတဲ့ ဆရာ ဆရာမတွေက သင်တန်းပို့ချပေးမှာပါ။ ကျွန်မတို့ ပညာရေးသဘောတရားဌာနက Grade 2 နဲ့ပတ်သက်တဲ့ ယေဘုယျအကြောင်းအရာတို့၊ အကဲဖြတ်တာတို့ အဲဒီပုံစံတွေကို တာဝန်ခံပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ဆရာမတွေကတော့ သူ့ဘာသာရပ်အလိုက်သင်ကြားသွားမှာပါ။ ဒီသင်တန်းကို ပို့ချဖို့အတွက် ဗဟိုအဆင့် နည်းပြသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မှာ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်ယောက် ငါးရက်စီ တက်ခဲ့ရပါတယ်။ အဲဒါတက်ပြီးမှ ကျွန်မတို့ ပညာရေးကောလိပ်အဆင့်ဆိုရင်တော့ ပညာရေးကောလိပ်က ဆရာ ဆရာမတွေကို ထပ်ပြီး ဆင့်ပွားပို့ချပေးပြီးပါပြီ။

အခု ဒုတိယအဆင့်အနေနဲ့ တိုင်းဒေသကြီးကို ဆင့်ပွားပို့ချခြင်းဖြစ်ပါတယ်။ ဒီသင်တန်းတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ပညာရေးကောလိပ် ဆရာ ဆရာမအားလုံးကနေ တာဝန်ယူပြီး တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ ဖွင့်နေပါပြီ။ ကျွန်မတို့ရဲ့ သင်ရိုးသစ်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကနေစပြီး ပြောင်းလိုက်တယ်။ အဲဒီလိုပြောင်းလိုက်တဲ့အခါမှာ Soft Skill နဲ့ Hard Skill ဆိုပြီးရှိတယ်။ Soft Skill ဆိုတာကတော့ ပေါင်းသင်းဆက်ဆံရေးနဲ့ ဉာဏ အပိုင်းတွေ ပါဝင်တယ်။ Hard Skill ကတော့ စဉ်းစားတွေးခေါ်တဲ့ စွမ်းရည်ပေ့ါ။ အဲဒီနှစ်ခုကို အခြေခံပြီး အခုသင်ရိုးသစ်က ရေးဆွဲထားတာဖြစ်ပါတယ်။

ကလေးတစ်ယောက်ဟာ ဒီသင်ရိုးအတိုင်းသွားမယ်ဆိုရင် မိဘတွေ အခုပြောပြောနေတဲ့ ကလေးတွေက မစဉ်းစားတတ်ဘူး၊ မတွေးခေါ်တတ်ဘူးဆိုတဲ့ ဉာဏ်တွေမရှိအောင်၊ နောက်တစ်ခါ ပုံနှိပ်စာအုပ်အထူကြီးတွေ မလိုတော့ဘူး။ ကျွန်မတို့ရဲ့ သင်တဲ့နည်းမှာ အခြေခံသင်ကြားခြင်းကို အခြေတည်တဲ့အတွက် တစ်ဦးချင်းပထမဆုံးစဉ်းစားမယ်။ ပြီးရင် နှစ်ယောက်ယှဉ်မယ်။ ပြီးရင် ကိုယ့်အုပ်စုအတွင်းမှာ ဆွေးနွေးတင်ပြမယ်။ ဒါကြောင့် ကလေးတွေက ဒီသင်ရိုးအတိုင်း သင်သွားမယ်ဆိုရင် ငယ်ငယ်ကတည်းက တစ်ဦးချင်းတွေးခေါ်တတ်မယ်။ အချင်းချင်း မျှဝေမယ်။ အုပ်စုထဲမှာ ပြန်ညှိနှိုင်းမယ်။ အဲဒီလိုသွားမယ်ဆိုရင် ကျွန်မတို့ဟာ နောင်အနာဂတ်မှာ ကိုယ်ပိုင်စဉ်းစားတွေးခေါ်တဲ့ ဉာဏ်ကို ပေးလိုက်ဖို့အတွက် ဒီသင်ရိုးကို ရေးဆွဲထားတာဖြစ်ပါတယ်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုတဲ့ ဗလငါးတန်အတွက် သင်ရိုးညွှန်းတမ်းဘာသာ ၁၀ ဘာသာ လုပ်ထားပါတယ်။ အဲဒါတွေကို ကျွန်မတို့က Grade 1 ကနေ Grade 5 အထိ ဆက်သွားမှာပါ။

**ဒေါ်စန်းစန်းအေး (အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး)**

သင်ရိုးညွှန်းတမ်းသစ်သင်တန်းတွေအတွက် KG အဆင့် စပြီးဖွင့်ကတည်းက တက်ရောက်ခဲ့ပါတယ်။ ပထမတန်းသင်ရိုးသစ်အတွက်လည်း တိုင်းဒေသကြီးအဆင့်ကို မနှစ်က တက်ရောက်ခဲ့ပါတယ်။ KG သင်တန်းမှာကတည်းက ဒီသင်ရိုးသစ်ကို ကျွန်မတို့က သဘောကျလက်ခံခဲ့တာပါ။ ကလေးတွေကို သင်ကြားတဲ့အခါမှာလည်း သင်ရိုးသစ်နဲ့ပတ်သက်ပြီး မိဘတွေကလည်း အားလုံးလက်ခံခဲ့တယ်။ နောက်တစ်ခါ Grade 1 မှာလည်း မနှစ်ကစပြီး သင်ကြားတဲ့အခါမှာ သင်ကြားတဲ့ဆရာရော၊ မိဘတွေပါ ကလေးတွေ တိုးတက်လာတာ၊ အရည်အချင်းပြည့်ဝလာတာကို အားလုံးကျေနပ်လက်ခံခဲ့ပါတယ်။ မနှစ်ကတော့ ဘာသာရပ် ၁၀ ရပ်ပါတယ်။ ဒီနှစ်လည်း မနှစ်ကလိုပဲ ဖြစ်မယ် ထင်ပါတယ်။ ဒီနေ့မှ စပြီးတက်ရမှာဖြစ်တာကြောင့် သင်ကြားမယ့်ဘာသာရပ်တွေကို လေ့လာရဦးမှာဖြစ်ပါတယ်။

Grade 2 သင်တန်းကို ဖွင့်လှစ်သင်ကြားပေးတာက Grade 1 နဲ့ ဆက်သွယ်ပြီး အဆင့်မြှင့်ထားတဲ့ Grade 2 သင်ရိုးသစ်ကို ကလေးတွေအတွက် သင်ကြားပေးနိုင်အောင် သင်တန်းတွေ ပို့ချပေးတာဖြစ်တဲ့အတွက် အများကြီး အကျိုးဖြစ်ထွန်းစေပါတယ်။ ကျွန်မတို့ကလည်း စိတ်ဝင်တစား ပါဝင်ဆောင်ရွက်မှ နောက်ထပ်ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွေမှာလည်း ဆက်လက်ဆင့်ပွား သင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ပြောသွားသလိုပဲ နည်းပြတွေရဲ့ ဆိမီးတွေကို ဒီသင်တန်းသား ၂၄၀ မှာ ဆက်လက်ထွန်းညှိပြီးတော့ တစ်ဦးချင်းစီမှာ အပြည့်အဝပါရှိအောင်လို့ ကျွန်မတို့က ယူသွားရမှာဖြစ်ပါတယ်။

**ဦးစိုးလွင် [မတ္တရာမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ (သာယာဝတီ) ကျောင်းအုပ်ကြီး]**

ဒီသင်ရိုးတွေက စနစ်သစ်သင်ရိုးကို ပြောင်းလဲလာတာနဲ့အမျှ တော်တော်လေးကို ကောင်းပါတယ်။ ကျွန်တော့်အမြင်ပြောရရင် အရင်တုန်းက ကြက်တူရွေးစာကျက်နည်းနဲ့ သင်ကြားလာပေမယ့် အခုပြောင်းလဲလိုက်တဲ့ သင်ရိုးကတော့ ကလေးတွေကိုယ်တိုင်ပါဝင်ပြီး ဒီသင်ရိုးထဲမှာ စိတ်ဝင်စားတယ်။ KG မှာရော၊ Grade 1 မှာရော ပညာရေးစနစ်သစ်က တော်တော်လေးကောင်းလာပြီး အောင်မြင်မယ်လို့ ထင်ပါတယ်။ Grade 2 သင်ရိုးမှာလည်း Grade 1 သင်ရိုးလို ကလေးတွေကြိုက်နှစ်သက်မယ့် ဘာသာရပ်တွေပါမယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုရင် သင်ရိုးရဲ့ သဘောတရားကိုက တဖြည်းဖြည်းနဲ့ မြင့်မြင့်လာပြီး ကလေးတွေကို ဆွဲဆောင်နိုင်အား ပိုပြီးတော့ ကောင်းလာမယ်လို့ ထင်ပါတယ်။

ဒီသင်တန်းကို ကျွန်တော်တို့ မတ် ၃၀ ရက်ကနေ ဧပြီ ၁၂ ရက်အထိ ၁၄ ရက်ကြာ တက်ရောက်ရမှာပါ။ ကျွန်တော်တို့က တိုင်းဒေသကြီးအဆင့် တက်ပြီးရင် ခရိုင်အဆင့်မှာ ပြန်ပြီးပို့ချရမယ်။ ခရိုင်အဆင့်မှာ တက်တဲ့သူတွေက မြို့နယ်အဆင့်မှာ မူလတန်းသင်အဆင့် အားလုံးကို ထပ်ပြီးပို့ချရမှာပါ။ မိဘများအနေနဲ့ ဒီသင်ရိုးသစ်ကို ပြောင်းလဲတဲ့အခါမှာ စိန်ခေါ်မှုတွေ အများကြီး ရှိတဲ့အတွက် တချို့လည်း စိုးရိမ်စိတ်တွေရှိကြပါတယ်။ အဲဒီတော့ မိဘပြည်သူအားလုံးကို ပြောချင်တာက မစိုးရိမ်ပါနဲ့၊ ဒီသင်ရိုးစနစ်ကို နိုင်ငံတော်က သုတေသနပြုလုပ်ပြီးတော့မှ ပြုစုထားတာဖြစ်တဲ့အတွက် တကယ့်ကို ကောင်းတဲ့ သင်ရိုးသစ်တစ်ခုလို့ မြင်ပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ ဒီသင်ရိုးကို စိတ်ဝင်တစားနဲ့ ဝမ်းပန်းတသာ ကြိုဆိုကြပါလို့ ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းထက်အောင်(မန်းကိုယ်ပွား)**



ဒေါ်စန်းစန်းရီ



ဒေါ်ခင်မိုးကျော်



ဒေါ်စန်းစန်းအေး



ဦးစိုးလွင်

# ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန် မျက်စိအထူးကု ဆရာဝန်မရှိခြင်းကြောင့် အခက်အခဲများ ကြုံတွေ့နေရ

**ညောင်ဦး ဧပြီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန ခရိုင်ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်၍ မျက်စိအမြင်အာရုံချို့တဲ့သော မျက်စိဝေဒနာရှင်လူနာများ အဆင်ပြေချောမွေ့စွာ လာရောက်ကုသနိုင်ရေးအတွက် မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးချထားပေးပြီး ခေတ်မီ မျက်စိခွဲစိတ်စမ်းသပ်ပစ္စည်းများဖြင့် စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသ ဆောင်ရွက်ပေးနေကြောင်းလည်း သိရပြီး ယခု ၂၀၁၈ ခုနှစ်အထိ မျက်စိအမြင်အာရုံ ချို့တဲ့သည့် လူနာပေါင်း ၃၁၀၉ ဦးခန့်ကို စမ်းသပ်ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့သည့်အပြင် ခွဲစိတ်ရန်လိုအပ်သည့် လူနာ ၄၅၂ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ သို့သော် ယခုလက်ရှိတွင် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိအထူးကုဆရာဝန်ကြီးမှာ ပင်စင်အငြိမ်းစား ယူသွားပြီဖြစ်၍ မျက်စိချို့တဲ့လူနာများ ဆေးဝါးကုသမှုပြုလုပ်ရန် မျက်စိအထူးကုဆရာဝန်ကြီး မရှိသည့်အတွက် လာရောက်ပြသရာတွင် အခက်အခဲများ ကြုံတွေ့နေရပြီး လစ်လပ်နေသည့် မျက်စိအထူးကုဆရာဝန်ကြီး တစ်ဦးအား အမြန်ဆုံး ခန့်အပ်ချထားပေးနိုင်ရေး မျှော်လင့်နေကြကြောင်း ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ မျက်စိဝေဒနာ လာရောက်ပြသသည့် လူနာများထံမှ သိရသည်။

"ကျွန်မတို့ ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးမှာ ၂၀၁၆-၂၀၁၇ ခုနှစ်က စတင်ပြီးတော့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိအမြင်အာရုံချို့တဲ့ ဝေဒနာရှင်တွေကို လူမှုဝန်းကျင်မှာ မျက်စိအမြင်အာရုံ ကောင်းမွန်စွာနဲ့ သက်တမ်းစေ့ ရှင်သန်နေထိုင်သွားနိုင်ရေးအတွက် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုက ခေတ်မီ မျက်စိခွဲစိတ်စမ်းသပ်ပစ္စည်းတွေနဲ့ စမ်းသပ်စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပါတယ်၊ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုရဲ့ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်မှုကြောင့် အခုဆိုရင် ကျွန်မတို့ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ ကျော်မှ မျက်စိအမြင်အာရုံချို့တဲ့နေတဲ့ လူနာတွေနဲ့ ရပ်ဝေးရပ်နီးက လာရောက်ခွဲစိတ်ကုသကြတဲ့ လူနာတွေ စုစုပေါင်း ၃၁၀၉ ဦးအထိ စမ်းသပ်ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့ပြီး ခွဲစိတ်ရန်လိုအပ်တဲ့ လူနာ ၄၂၅ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်၊ နောက်ပြီး ကျွန်မတို့ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံမှာ နိုင်ငံတော်က ပံ့ပိုးပေးထားတဲ့ မျက်စိခွဲစိတ်ရန်စက်ပစ္စည်းနဲ့ ဆေးဝါးတွေလည်း အပြည့်အစုံရှိပါတယ်၊ ယခုလက်ရှိမှာတော့ ကျွန်မတို့ ဆေးရုံမှာ မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးက ပင်စင်အငြိမ်းစား ယူသွားပြီဖြစ်လို့ မျက်စိအထူးကု ခွဲစိတ်ဆရာဝန် တစ်ဦး လိုအပ်နေပါတယ်ရှင့်၊ ယခုလတ်တလော အခြေအနေမှာ မျက်စိလာပြတဲ့လူနာတွေကို ညောင်ဦးမြို့ Delight Group မျက်စိအခမဲ့ ကုသပေးရေးအဖွဲ့နဲ့ ပူးပေါင်းပြီး စမ်းသပ် ကုသမှုတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံ မျက်စိခွဲစိတ်ကုသဆောင်ရှိ သူနာပြုဆရာမကြီး ဒေါ်သင်းသင်းရီက ပြောသည်။

ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်အတွင်းရှိ မျက်စိအမြင်အာရုံချို့တဲ့နေသော ကျေးလက်နေပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများကို လူမှုဘဝဝန်းကျင်၌ ရှင်သန်နေထိုင်ရာတွင် မျက်စိအမြင်အာရုံကောင်းမွန်စွာဖြင့် နေထိုင်သွားနိုင်ရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးပေးထားသည့် မျက်စိခွဲစိတ်စက်ပစ္စည်းများနှင့် ဆေးဝါးများ ပြည့်စုံမှုရှိသော်လည်း မျက်စိချို့တဲ့ဝေဒနာရှင် ပြည်သူများ အနေဖြင့် မျက်စိအထူးကုဆရာဝန်မရှိသည့်အတွက် မျက်စိဝေဒနာ လာရောက်ကုသရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းနှင့် အဆင်ပြေစွာ ခွဲစိတ်ကုသပေးနိုင်ရေး လစ်လပ်နေသည့် မျက်စိအထူးကု ခွဲစိတ်ဆရာဝန်ကြီး တစ်ဦးအား အမြန်ဆုံးဖြည့်တင်းခန့်ထားပေးရန် လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လွမ်းဆွတ်ကြည်နူးဖွယ်ဖြစ်ခဲ့ရပါသော ချောင်းသာ

စုသက်မှူး(မရမ်းကုန်း)



**ချောင်းသာ**

ဒီကမ်းခြေနာမည်ကို ဟိုးငယ်စဉ်ကလေးဘဝကတည်းက ကြားဖူးခဲ့သည်။ သွားလည်းသွားချင်မိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များတုန်းက ချောင်းသာကမ်းခြေဆိုတာ ငပလီပြီးလျှင် လူသွားအများဆုံး ကမ်းခြေဖြစ်ခဲ့သည်။ တီဗွီတွေ၊ ရုပ်ရှင်တွေမှာ ချောင်းသာကမ်းခြေ၏လှပမှုများကို တအံ့တသြကြည့်ခဲ့ရသည်။ သွားလည်ဖို့ အတွေးပင်လယ်ထဲ စိတ်ကူးတွေနှင့်ရူးခဲ့မိသည်။ ငယ်ဘဝအစမှသည် သွားလည်ဖို့စိတ်ကူးယဉ်ခဲ့မိသော ချောင်းသာခရီးစဉ်ကို သွားဖြစ်ဖို့ ဖန်လာပုံက ရုံးပိတ်ရက်ရှည်တွေရလာသည့်ကိစ္စက အစပျိုးခဲ့သည်ဟု ဆိုရမည်။

**ခရီးစဉ်အတွက်ပြင်ဆင်**

ခရီးသွားမယ်ဆိုတော့ လိုအပ်သည့်အဝတ်အစား၊ အသုံးအဆောင်၊ ဆေးကအစ ထည့်ရသည်။ ချောင်းသာဆိုတာ ဘယ်လိုမျိုးလဲဆိုပြီး မျက်စိထဲမှာ ပုံဖော်မြင်ယောင်ကြည့်နေမိသည်။ ဖေ့စ်ဘွတ်ဖွင့်ပြီး ချောင်းသာအကြောင်းလျှောက်ရှာမိသည်။ ချောင်းသာမှာ ဘယ်နေရာတွေလျှောက်လည်လို့ရမလဲ ဖတ်ရသည်။ အရင်က သိထားတာက ချောင်းသာမှာ ရေကစားဖို့တစ်ခုလောက်ပဲ သိထားသည်။ အခုတော့ သဲဖြူကျွန်းတို့ ကျောက်မောင်နှမတို့ကို သွားလည်ဖို့ နေရာသစ်တွေသိလာရသည်။ ရေဆော့ရမည့် ခရီးစဉ်မို့ တစ်ညအိပ် နှစ်ရက်ခရီးစဉ်ဆိုသော်လည်း အကျႌအဝတ်အစားများကို လောဘကြီးစွာနှင့် ခြောက်စုံလောက်ထည့်မိသည်။ ကမ်းခြေခရီးထွက်မှာမို့ နေရောင်ကာခရင်၊ ပါဝါ bank၊ ဆေး၊ ပိုက်ဆံစသဖြင့် လိုတယ်ထင်တာများထည့်ရင်း ကျွန်မတို့၏ခရီးဆောင်အိတ်ကြီးက ဖောင်းကားနေသည်။

ကျွန်မတို့ လက်မှတ်ဖြတ်ထားသည့်ကားကို သမိုင်းလမ်းဆုံမှာ စီးရမှာမို့ ည ၈ နာရီခွဲလောက်ကတည်းက အိမ်က ထွက်လာခဲ့သည်။ သမိုင်းလမ်းဆုံရောက်တော့ ပိတ်ရက်မှာ ကိုယ်လိုခရီးထွက်မယ့်သူများက သူ့အုပ်စုနှင့်သူ အုပ်စုလိုက်အများကြီးပင်။ ၉ နာရီလောက်ကစပြီး အပန်းဖြေခရီးထွက်မည့်ကားများ၊ ဘုရားဖူးထွက်မည့်ကားများ တစ်စီးပြီးတစ်စီး ရောက်လာသည်။ ကျွန်မတို့စီးရမည့် ချောင်းသာကားကတော့ ည ၁၀ နာရီထိုးမှ ရောက်လာသည်။

**ချောင်းသာဆီသို့**

ဧရာဝတီတိုင်းဒေသကြီးမှာရှိသည့် ချောင်းသာကမ်းခြေသည် ရန်ကုန်မြို့နှင့် ၁၄၆ မိုင်သာဝေးသည်။ ည ၁၀ နာရီမှာ ရန်ကုန်မြို့ကနေ ကားစထွက်သည်။ ချောင်းသာကို မနက် ၃ နာရီလောက် ရောက်သွားသည်။ ညဘက်ကားစီးနေရင်း ချောင်းသာသို့ဆိုသည့် ဆိုင်းဘုတ်အဝင်ကနေစပြီး သတိထားမိတာတစ်ခုရှိသည်။ အဲဒါကတော့ တောင်ကြီးကို သွားသည့်လမ်းများလို လမ်းပိုင်းများက အကွေ့အကောက်များလှသည်။ ကျွန်မတို့က ကားနောက်ပိုင်းမှာစီးရတာမို့ ကားကွေ့လိုက်တာကအစ ကားတစ်စီးလုံး လှုပ်ခါမှုကို ခံစားရသည်။ ညဘက်ကြီးပေမယ့် ကား၏လှုပ်ရှားမှုကို ခံစားရင်း စိတ်က အကွေ့အကောက်တွေများလှသည့် တောင်ကြီးလမ်းများကို သတိရမိသည်။ ချောင်းသာသို့ အဝင်လမ်းသည် တောတောင်များကြားထဲမှာ တည်ရှိနေသည်။ ရစ်ခွေစီးဆင်းနေသော ချောင်းများကို ဖြတ်ရသည်။ တောတောင်ညို့ညို့မှိုင်းမှိုင်း အုပ်အုပ်ဆိုင်းဆိုင်းနဲ့ မပျက်စီးသေးသော သဘာဝအလှတရားကို လမ်းမဘေးတစ်လျှောက် ခံစားတွေ့မြင်ရသည်။ အုန်းပင်မြင့်မြင့်မားမားကြီးတွေကလည်း ချောင်းသာဆီသွားဖို့ လမ်းညွှန်နေသယောင်။

ဒီလိုနဲ့ ချောင်းသာကို ကျွန်မတို့တစ်တွေ ရောက်လာခဲ့တော့သည်။ Guide က ချောင်းသာရောက်ပါပြီခင်ဗျားလို့ ပြောတာနဲ့ ချောင်းသာအလှက ဘယ်လိုရှိမလဲဆိုပြီး တွေးရင်း ရင်ခုန်ပျော်ရွှင်နေမိသည်။ ချောင်းသာကို ကားဆိုက်တဲ့အချိန်က မနက် ၃ နာရီထိုးခါစပဲ ရှိသေးပေမယ့် ဆက်ပြီးမအိပ်ချင်တော့၊ ကမ်းခြေဆီသွားပြီး ရေကစားချင်မိသည်။ သက်လတ်ပိုင်းအရွယ် ကိုယ်လို လူတောင် ချောင်းသာရောက်ပြီဟေ့ဆိုတဲ့ စကားကြားရုံနဲ့ ပျော်ရွှင်မှုကို ခံစားရသည်။ လူငယ်တွေဆို ဘယ်လောက်တောင်ပျော်မလဲမသိ။ တစ်ကားလုံးမှာလည်း လူငယ်တွေကအပြည့်၊ တချို့တွေက နှစ်ယောက်တွဲလေးတွေ။ တချို့တွေက လူငယ်အုပ်စုလိုက်တွေ၊ တချို့တွေကတော့ ကျွန်မတို့လို မိသားစုနဲ့ကလေးတွေ ပါလာကြသည်။ မှောင်ရီသမ်းနေပေမယ့် မျက်နှာတွေမှာ တက်ကြွလန်းဆန်းမှုပုံရိပ်တွေကို တွေ့နေရသည်။ ကျွန်မတို့က Package ဝယ်ထားတဲ့ သူတွေမို့ Guide က တည်းခိုခန်းဆီအရောက် လိုက်ပို့ပေးသည်။ တည်းခိုခန်းရောက်တော့ မိုးမလင်းသေးလို့ ခဏလောက်မှေးလိုက်သည်။ နေထွက်လာတာနဲ့ မျက်စိကလည်း အလိုလိုပွင့်လာသည်။ စိတ်က ကမ်းခြေမှာ ရေဆော့ချင်နေမိသည်။ ဒါပေမဲ့ တစ်ညအိပ် Package ဝယ်ထားတာမို့ ချောင်းသာရောက်တာနဲ့ အခုနောက်ပိုင်း နာမည်ကြီးလာတဲ့ သဲဖြူကျွန်းကို နေမပူခင်သွားဖို့ စီစဉ်ထားသည်။

**နတ်များဖန်တီးထားသည့်အလား ထင်မှတ်မှားရသည့် သဲဖြူကျွန်းဆီသို့**

သဲဖြူကျွန်းဆီသွားဖို့ ပထမဆုံးတည်းခိုခန်းကနေ ကမ်းခြေဆီသွားရသည်။ လမ်းတစ်လျှောက် ဈေးဆိုင်တန်းလေးတွေကိုငေးရင်း ကမ်းခြေကိုရောက်လာသည်။ သဲဖြူကျွန်းကိုသွားဖို့က စက်လှေစီးရမှာမို့ သဲဖြူကျွန်းဆီကလာမည့် စက်လှေကိုစောင့်ရသေးသည်။ လှေခက တစ်ယောက်ကို ငွေကျပ်သုံးထောင်ပေးရသည်။ Speed Boat နဲ့ဆို တစ်ယောက်ကို ငွေကျပ်ခြောက်ထောင်ကျသည်။ လူ ၁၀ ယောက်ကျော်လောက် ကျွန်မတို့စက်လှေမှာ ပါလာသည်။ မနက်မိုးလင်းခါစမို့လားမသိ လှိုင်းက နည်းနည်းထန်နေသည်။ ရှေ့က Speed Boat ဖြတ်သွားတာနဲ့ စက်လှေကလည်း လှိုင်းနှင့်အတူ မြင့်တက်ရာကနေ နိမ့်ရာကိုဆင်းသွားတာက အလွန်ကို စီးလို့ကောင်းသည်။ စက်လှေထိပ်က လွင့်စဉ်လာတဲ့ ရေစက်လေးတွေက မျက်နှာကို ပက်ဖျန်းလာတာမို့ နေခြည်သစ်နဲ့အတူ လန်းဆန်းနေသည်။ မိနစ် ၂၀ လောက် စက်လှေစီးပြီးသွားတော့ ရေပြင်ကျယ်ကြီးထဲမှာ ဖြူဖွေးနေသည့် ကျွန်းဖြူဖြူလေးကို တွေ့လိုက်ရသည်။ ဟိုမှာ သဲဖြူကျွန်းဆိုပြီး အားလုံးလက်ညှိုးတထိုးထိုးနဲ့ ဓာတ်ပုံရိုက်ကြတော့သည်။

ကမ်းကို စက်လှေကပ်တာနဲ့ ပထမဆုံး သဲဖြူလေးတွေကို နင်းဖြတ်ရသည်။ သဲဖြူလေးတွေထဲကို သေချာငုံ့ကြည့်လိုက်တော့ ခရုခွံဖြူဖြူလေးတွေကို တွေ့ရသည်။ သဲဖြူကျွန်းဟာဆိုရင် ခရုခွံဖြူဖြူလေးတွေ စုပုံရာကနေဖြစ်ထွန်းလာတဲ့ ကျွန်းလေးလို့ အဲဒီက ဂေါပကက ပြောသည်။ ကျွန်မတို့မှာ ဟုတ်လားဆိုပြီး သဲဖြူဖြူလေးတွေကို အထူးအဆန်းကိုင်ကြည့်မိသည်။ တကယ်လည်း ဟုတ်ပါသည်။ သဲဖြူဖြူလေးတွေက ခရုခွံဖြူဖြူလေးတွေဆီကနေ အမှုန့်ဖြစ်နေတဲ့သဲဖြူလေးတွေမို့ လက်ထဲမှာ ကြမ်းရှရှနဲ့ကိုင်လို့ကောင်းလှသည်။ ကျွန်းပေါ်မှာ ကျောက်ဆောင်တွေနဲ့မို့ ဖိနပ်မစီးဘဲ လမ်းလျှောက်တဲ့အခါ ခြေဖဝါးလေးတွေမှာ စပ်ဖျင်းဖျင်းခံစားရပြီး ခံစားမှုရသတစ်မျိုးကို ခံစားရသည်။ ပြီးတော့ ရေကလည်း ကြည်လင်စိမ်းမြနေသည်။ လေတဖြူးဖြူးနဲ့ လှိုင်းခတ်သံလေးတွေက ကဗျာဆန်လှသည်။ ပိုပြီးကဗျာဆန်လှပနေတာက ကျောက်ကြမ်းပြင်ပေါ်မှာ ထုလုပ်ထားတဲ့ ပင်လယ်လိပ်ကြီးနှစ်ကောင်နဲ့ ရေသူမရုပ်တု ကျောက်ငါးရုပ်လေးနှစ်ကောင်နေရာတွေက ကျောက်ဆောင်လေးတွေနဲ့ အတော်ကို ပနံရလှသည်။ နတ်တို့ဖန်တီးထားသည့်အလား သဘာဝအလှတရားတွေက လာရောက်သူမှန်သမျှကို ဖမ်းစားလွန်းလှသည်။ ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက် မြင်မြင်သမျှနေရာတိုင်းက ဓာတ်ပုံရိုက်ချင်လောက်အောင် လှပလွန်းနေသည်။

အဲဒီထက်ထူးဆန်းတာက ရေထဲမှာဆောက်ထားတဲ့ နဂါးရုံဘုရားဖြစ်သည်။ ကမ်းစပ်ကနေ ရေထဲဆင်းပြီး ဘုရားဆီသွားရသည်။ သွားသည့်လမ်းတစ်လျှောက် ရေအမြင့်က လူကြီးခါးဝက်လောက်ရှိသည်။ ရေကြည်လင်မှုက ရေအောက်ကြမ်းပြင်ကို ငုံ့ကြည့်ရင် အောက်ခြေက ကျောက်သားကြမ်းပြင်ကို မြင်နေရသည်။ ရေတွေ တသွင်သွင်စီးနေသည့်ကြားက ထိုနဂါးရုံဘုရားကို သွားဖူးကြသူတွေက တန်းစီနေသည်။ သဲဖြူကျွန်းကို ရောက်လာသမျှလူအပေါင်းကို သဲဖြူကျွန်းရဲ့အလှတွေက ရုန်းမထွက်နိုင်အောင် ဖမ်းစားထားနိုင်လွန်းသည်။ ဒါ့ကြောင့် ချောင်းသာကို ရောက်ပြီဆိုရင်တော့ နတ်တို့ဖန်တီးထားသည့်အလား သာယာလှပလွန်းသည့် သဲဖြူကျွန်းကို အရောက်သွားစေချင်သည်။

**ချောင်းသာတစ်ခွင် အခြားသောလည်ပတ်စရာနေရာများ**

ချောင်းသာတွင် သဲဖြူကျွန်းလိုသာယာလှပသည့် နေရာတွေများစွာ ရှိသေးသည်။ အဲဒီနေရာတွေက ဖိုးကုလားကျွန်း၊ ကျောက်မောင်နှမ၊ အဏ္ဏဝါပုသိမ်ငါးပုစွန်ဒိုင်နဲ့ချောင်းသာဈေး၊ ၁၃ မိုင်ကမ်းခြေ၊ စံကားဝါတောင်စေတီများကို အချိန်ရရင်ရသလို လျှောက်လည်လို့ရသည်။ ဖိုးကုလားကျွန်းမှာက ကျောက်ဆောင်ကြီးတွေပေါ်သည်။ အဏ္ဏဝါပုသိမ်ငါးပုစွန်ဒိုင်နဲ့ ချောင်းသာဈေးမှာတော့ အရှင်မွေးထားသည့် နီမိုငါးတို့လို ပင်လယ်ငါးတွေကိုလည်း လေ့လာလို့ရတဲ့အပြင် ကိုယ်တိုင်မွေးချင်လို့ ဝယ်သွားချင်လည်းရသည်။ ဒါ့အပြင် ငါး၊ ကဏန်း၊ ကျောက်ပုစွန်တို့ကိုပါ လတ်လတ်ဆတ်ဆတ် ဝယ်လို့ရသည်။ ၁၃ မိုင်ကမ်းခြေမှာတော့ လှိုင်းအကြီးကြီးတွေကို တွေ့မြင်နိုင်သည်။ စံကားဝါတောင်စေတီကတော့ ချောင်းသာရဲ့အမြင့်ဆုံးတောင်ပေါ်မှာ တည်ထားတဲ့ဘုရားဖြစ်သည်။ ကျောက်မောင်နှမမှာတော့ မြင်းဖြူစီးလို့ရသည်။

**ချောင်းသာကမ်းခြေမှာ ရေဆော့မည်ဆိုလျှင်**

ချောင်းသာကမ်းခြေကိုတော့ ညနေပိုင်းရေဆင်းဆော့ဖြစ်သည်။ ညနေ ၄ နာရီလောက် ဆိုပေမယ့် နေရောင်က ရေပြင်ပေါ်ဖြာကျနေသေးသည်။ သောင်စပ်အစမှာ ရေတိမ်ပြီး ရေနည်းနည်းနောက်တာမို့ ခါးလယ်လောက်ရှိတဲ့ရေပြင်ထိ ဆင်းဆော့ကြတာ တွေ့ရသည်။ ကလေးများနဲ့ အမျိုးသမီးအများစုကတော့ ဗောကွင်းလေးတွေနဲ့ရေဆော့ကြသည်။ တချို့လူငယ်အုပ်စုများကတော့ ရေထဲမှာ ဘောလုံးပစ်တမ်းကစားကြသည်။ ရေလှိုင်းများလာရင် ဗောကွင်းစီးလို့ ကောင်းလှသည်။ ညနေဘက်ရောက်လာလေ ရေက မသိမသာနဲ့တက်လာသလို လှိုင်းကလည်း အတော်တက်လာသည်မို့ ရေများလို့ဆော့လို့ကောင်းသည်။

ညနေဘက်ရောက်တာနဲ့ ရေဆော့သူပိုများလာသည်။ သောင်ပြင်အပြည့် ရေဆော့နေသည့် ပုံရိပ်များက အပူအပင်ကင်းလွန်းလှသည်။ မျက်နှာတွေမှာ လန်းဆန်းမှုအပြည့်နဲ့ ကြည်နူးပျော်ရွှင်မှုများကို မြင်တွေ့နေရသည်။ တချို့ကတော့ ရေဆော့လိုက်၊ သောင်ပြင်မှာ ဖွင့်ထားတဲ့ ဆိုင်လေးတွေမှာ အုန်းရည်သောက်လိုက်၊ ပင်လယ်စာတွေစားလိုက်နဲ့ စည်းစိမ်အပြည့်ပင်။ သောင်စပ်မှာ အုန်းရည်တစ်လုံးကို ငွေကျပ် ၁၅၀၀နဲ့ ဝယ်သောက်လို့ရသည်။ ကျောက်ပွင့်သုပ် အပါအဝင် ပင်လယ်စာတွေကို ကိုယ့်စိတ်ကြိုက်ဝယ်စားနိုင်သည်။ ကျွန်မတို့ကတော့ လတ်ဆတ်တဲ့ အုန်းစိမ်းရည်ဝယ်သောက်ကြသည်။ ပြီးတော့ အုန်းသီးဇွန်းခြစ်စားကြသည်။ သောင်ပြင်မှာ ညမိုးချုပ်လေ ဈေးရောင်းသူနဲ့ ပင်လယ်ပြင်သောင်စပ်မှာ လေညင်းလာခံသူများ၊ မုန့်စားသူများဖြင့် အထူးစည်ကားလာသည်။

ညပိုင်းမှာတော့ ရေကသောင်ပြင် အလယ်လောက်ထိ တက်လာသည်။ တချို့တွေက ရေပြင်ကနေ ရိုက်ခတ်လာတဲ့လှိုင်းပုတ်သံကို ရှုစားရင်း မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။ လသာညများဆိုလျှင် ဒီနေရာဒီဝန်းကျင်က ဘယ်လောက်ထိလှပနေမည်နည်း။ ဘယ်လောက်ထိ ချစ်ဖို့ကောင်းနေမည်နည်း။ သဲဖြူကျွန်းက သူ့အလှနဲ့သူရှိသလို ချောင်းသာကမ်းခြေကလည်း သူ့အလှနဲ့သူ ဖမ်းစားနိုင်လွန်းနေသည်။ တစ်ညအိပ် နှစ်ရက်ခရီးစဉ်မို့ ချောင်းသာကို မခွဲချင်ပေမယ့် ခွဲရပေဦးမည်။ မလွမ်းချင်ပေမယ့် မြို့ပြရဲ့မွန်းကျပ်မှုအောက်ကနေ ရုန်းထွက်ပြီး တသီးတခြား သဘာဝဆန်ဆန် လှပနေတဲ့ ချောင်းသာကို လွမ်းနေရပေဦးမည်။ ဘယ်အခါကာလမှာ နောက်ထပ်တစ်ခါ ပြန်ရောက်မယ်ဆိုတာ မမှန်းဆနိုင်ပေမယ့် လွမ်းဆွတ်ကြည်နူးဖွယ်ရာ ချောင်းသာခရီးစဉ်ကိုတော့ ဘယ်ခါမေ့နိုင်ပါမည်နည်း။ ။

# သန့်ရှင်းစင်ကြယ်သော တရားစီရင်ရေးဖြစ်ရန် ဝိုင်းဝန်းကူညီကြပါစို့

**လွင်သွင်ဦး**

တရားဥပဒေစိုးမိုးရေး(Rule of Law)ဆိုသည်မှာ အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော တရားမျှတမှုရှိသည့် ဥပဒေများဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ယင်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေးကို ဆိုလိုပါသည်။ ဥပဒေကိုတာဝန်ယူ အကောင်အထည်ဖော်သူများကိုယ်တိုင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးပြီး ပြည်သူအားလုံးက လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးရရှိအောင် ဥပဒေဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီမှန်ကန်ဖြောင့်မတ်စွာ အရေးယူဆောင်ရွက်ခြင်းနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာပညာရှင်အသီးသီးက တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ကိုပုံပေါ်စေရန် အမျိုးမျိုးဖွင့်ဆိုကြရာတွင် များစွာကွာခြားခြင်းမရှိဘဲ အဓိကသဘောတရားမှာ အတူတူပင်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့် နိုင်ငံတော်၏ လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ရမည့်အချက်များမှာ-

- နိုင်ငံတော်တွင် ပြဋ္ဌာန်းသော ဥပဒေများသည် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပြုပြီး တရားမျှတမှုရှိခြင်း၊ ရှင်းလင်းလွယ်ကူခြင်းနှင့် အများပြည်သူသိရှိစေခြင်း၊
- အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊
- ဥပဒေကို အကောင်အထည်ဖော်သော အဖွဲ့အစည်း (Law Enforcement Body) များက ဥပဒေအတိုင်းထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ခြင်း၊
- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခွင့်ရှိခြင်း၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိခြင်း၊ အမှုများကို မှန်မှန်နှင့်မြန်မြန်ပြီးစီးစေရန် ဆောင်ရွက်ခြင်း၊
- ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာပိုင်းခြားသတ်မှတ် ပြဋ္ဌာန်းထားရှိခြင်း၊ ယင်းကဏ္ဍများအချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ခြင်း၊
- ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် ပါဝင်ပတ်သက်ဆက်နွယ်ဆောင်ရွက်သူအားလုံးက တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း၊ သက်ဆိုင်ရာကိစ္စရပ်များကို မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်ခြင်း၊ ဆောင်ရွက်ချက်များကို အဆင့်ဆင့် ထိရောက်စွာ ကြပ်မတ်စစ်ဆေးခြင်းနှင့် စည်းကမ်းမကျမှု၊ တာဝန်မကျေပွန်မှု၊ အကျင့်ပျက်မှုများကို တိကျမှန်ကန်စွာ အရေးယူခြင်း၊
- ပြည်သူအားလုံး တည်ဆဲဥပဒေများကို သိရှိနားလည်လိုက်နာနိုင်ကြစေရန် အသိပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

**“တရားစီရင်ရေးတွင် သန့်ရှင်းစင်ကြယ်သော တရားစီရင်ရေး ဖြစ်စေရန်အတွက် အဂတိတရားများ ကင်းရှင်းရန် လိုအပ်ပါသည်။ အဂတိတရားများအနက် တံစိုးလက်ဆောင်ပေးခြင်းနှင့် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းသည် အများဆုံးဖြစ်ပွားနေသည့် အဂတိလိုက်စားမှုဖြစ်ပါသည်။ တရားစီရင်ရေး အောင်မြင်ရန် အတွက် တရားစီရင်ရေးကဏ္ဍ၌ ဆက်နွယ်ပါဝင်နေသူ အားလုံးတွင် တာဝန်ရှိပါသည် ”**

ဤနေရာတွင် တရားစီရင်ရေးနှင့် သက်ဆိုင်သောကဏ္ဍကို တင်ပြလိုပါသည်။ တရားစီရင်ရေးတွင် သန့်ရှင်းစင်ကြယ်သော တရားစီရင်ရေး ဖြစ်စေရန်အတွက် အဂတိတရားများကင်းရှင်းရန် လိုအပ်ပါသည်။ အဂတိတရားများအနက် တံစိုးလက်ဆောင်ပေးခြင်းနှင့် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းသည် အများဆုံးဖြစ်ပွားနေသည့် အဂတိလိုက်စားမှုဖြစ်ပါသည်။ တရားစီရင်ရေး အောင်မြင်ရန်အတွက် တရားစီရင်ရေးကဏ္ဍ၌ ဆက်နွယ်ပါဝင်နေသူအားလုံးတွင် တာဝန်ရှိပါသည်။ တရားစီရင်ရေးတွင် **ပြစ်မှုဆိုင်ရာ တရားစီရင်ရေး**နှင့် **တရားမတရားစီရင်ရေး**ဟု ခွဲခြားနိုင်ပါသည်။

ပထမဦးစွာ ပြစ်မှုဆိုင်ရာတရားစီရင်ရေးကို လေ့လာသုံးသပ်ပါက ပြစ်မှုတစ်ခုစတင်ဖြစ်ပွားသည့်အချိန်တွင် ရဲအရေးပိုင်သောအမှုဖြစ်ပါက သက်ဆိုင်ရာရဲစခန်းတွင် ပထမဦးစွာတိုင်ကြားရပါသည်။ အမှုတိုင်ချက်ဖွင့်ခြင်း၊ အမှုနှင့်သက်ဆိုင်သော သက်သေများစစ်ဆေးခြင်း၊ အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းစသည့် စုံထောက်မှုလုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ရပါသည်။ ထို့နောက် အမှုနှင့်ပတ်သက်၍ တရားရုံးသို့ စွဲဆိုတင်ပို့ရန် သင့်၊ မသင့်၊ မည်သည့်ဥပဒေပုဒ်မဖြင့် စွဲတင်သင့်သည် စသည့်တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်တောင်းခံရန်အတွက် သက်ဆိုင်ရာဥပဒေရုံးသို့ပေးပို့တင်ပြရပါသည်။ ထိုအချိန်မှစ၍ ဥပဒေအရာရှိများက အမှုတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ထို့နောက် ရဲစခန်းက ဥပဒေရုံးမှတစ်ဆင့် သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့သည့်အခါ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ အမှုနှင့်သက်ဆိုင်သော သက်သေများနှင့် တရားလို၊ တရားခံများ ပါဝင်ပတ်သက်လာပါသည်။ အချို့အမှုများ၏ သက်သေများတွင် ဆေးဘက်ဆိုင်ရာသက်သေများ၊ ဓာတုဗေဒဝန်နှင့် ကျွမ်းကျင်သူသက်သေများ (Experts)လည်း ပါဝင်ပါသည်။ ထို့ကြောင့် တရားစီရင်ရေးတွင် တရားသူကြီးတစ်ဦးသာမဟုတ်ဘဲ ယခုတင်ပြသည့် သက်ဆိုင်သူများအားလုံး ပါဝင်ဆောင်ရွက်ရကြောင်းတွေ့ရှိနိုင်ပါသည်။ အမှုသည်များ၏ သဘာဝမှာ မိမိတို့၏ ပြုလုပ်မှုသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ တစ်ဖက်သားနှင့် အများပြည်သူတွင် မည်မျှထိခိုက်သွားသည်တို့ကို မျှမျှတတထည့်သွင်းစဉ်းစားခြင်းမရှိဘဲ မိမိအမှုအနိုင်ရရှိရေးကိုသာ ဖြစ်သည့်နည်းဖြင့် ဆောင်ရွက်လိုကြပါသည်။ မိမိတရားလိုဖြစ်သည့်အခါတွင် တစ်ဖက်တရားခံအား ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးလိုကြပြီး မိမိတရားခံဖြစ်သည့်အခါတွင်လည်း ဖြစ်သည့်နည်းဖြင့် လွတ်မြောက်လိုကြပါသည်။ ထိုအခါတွင် ဩဇာအာဏာရှိသူများကိုချဉ်းကပ်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းစသည့်နည်းလမ်းများကို အသုံးပြုလာကြပါသည်။ ယခုတင်ပြခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ ရှေ့နေများနှင့် **တရားစီရင်ရေးတွင် ပါဝင်ဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များသည် မည်မျှသန့်ရှင်းစင်ကြယ်ကြသည်ကို မိမိတို့ကိုယ်ကိုမိမိတို့ အသိဆုံးဖြစ်ကြပါသည်။** ထို့ပြင် အမှုသည်များကလည်း မည်မျှသန့်ရှင်းစင်ကြယ်သည်ကို မိမိတို့ကိုယ်ကိုမိမိတို့ အသိဆုံးဖြစ်ကြပါသည်။ အမှုတွင်ပါဝင်နေကြသော သက်သေများတွင်လည်း မိမိတို့အမှုအနိုင်ရရှိရေးအတွက် သက်သေများကိုဝယ်ယူပြီး မမှန်သက်သေလိုက်ပါမှုများလည်း အချို့အမှုများတွင် ရှိပါသည်။ တရားရုံးများပတ်ဝန်းကျင်၌ အမှုပွဲစားလုပ်ပြီး တရားစီရင်ရေးနှင့်အမှန်တရားပေါ်ပေါက်ရေးကို ဖျက်ဆီးနေသူများ လည်း ရှိပါသည်။

ဒုတိယပိုင်းအနေဖြင့် တရားမတရားစီရင်ရေးတွင် ရဲတပ်ဖွဲ့ဝင်များ ပါဝင်ခြင်းမရှိသော်လည်း အထက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်ပါသည်။ တရားမမှုများတွင်လည်း အလားတူပင်ဖြစ်ပါသည်။ တရားမမှုများမှာ အဆိုလွှာ၊ အချေလွှာ၊ ပြန်လွှာစသည်တို့နှင့် တရားရုံးငြင်းချက်ထုတ်ခြင်းစသည့် အပြန်အလှန်စာဖြင့် ရေးသားဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများသဖြင့် ပြစ်မှုများထက်ပို၍ ကြန့်ကြာတတ်ပါသည်။

ယနေ့အချိန်အခါတွင် တရားစီရင်ရေးကို ပြည်သူများယုံကြည်ကိုးစားမှု နည်းပါးသည်၊ အကျင့်ပျက်ခြစားမှုများပြားသည်ဟု ပြစ်တင်ဝေဖန် ပြောကြားမှုများတွင် တရားရုံးများကိုသာ အဓိကအပြစ်ဖို့ပြောကြားနေပါသည်။ ယခုတင်ပြသည့် အကြောင်းအရာများကိုကြည့်ပါက တရားစီရင်ရေးတွင် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်းဖြစ်သော်လည်း တရားသူကြီးက အမှန်တရားကိုဆုံးဖြတ်နိုင်ရန်မှာ အထက်တွင်တင်ပြသော တရားစီရင်ရေးတွင် ပါဝင်သက်ဆိုင်သူများအားလုံးတွင်လည်း တာဝန်ရှိပါသည်။ တစ်ဦးနှင့်တစ်ဦးကြား၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြား “ကိုယ်ကောင်းသည် သူများမကောင်းဘူး”ဟု တစ်ကိုယ်ကောင်းဆန်ဆန် အပြစ်တင်ပြောကြားနေမည့်အစား သန့်ရှင်းစင်ကြယ်သော တရားစီရင်ရေးဖြစ်မြောက်ရန်အတွက် အားလုံးတွင်တာဝန်ရှိကြောင်းခံယူပြီး မိမိတို့ကိုယ်တိုင် သန့်ရှင်းစင်ကြယ်သူများအဖြစ် ပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်လျက်ရှိပါသည်။

တရားစီရင်ရေးတွင် **“တရားမျှတမှုကိုအလိုရှိသူသည် မိမိကိုယ်တိုင်လည်း သန့်ရှင်းစင်ကြယ်သောလက်ဖြင့် လာရမည်(He who wants equity must come with clean hands)”** ဆိုသည့် ဆိုရိုးစကားရှိပါသည်။ တရားရုံးရှေ့မှောက်သို့ရောက်ရှိလာပြီး ဥပဒေအရပေးအပ်သော အခွင့်အရေးကို တောင်းဆိုသူများသည် မိမိတို့ကိုယ်တိုင်လည်း အပြစ်ကင်းစင်ရမည်ဆိုသည့် သဘောဖြစ်ပါသည်။ ထို့ပြင် မြန်မာပညာရှိများရေးသားသည့်စာများ၌ **“အကြင်သူသည် တရားကိုစောင့်၏၊ တရားသည် ထိုသူကိုပြန်၍စောင့်၏။ အကြင်သူသည်တရားကိုသတ်၏၊ သေကျေပျက်စီးသောတရားသည် ထိုသူကိုပြန်၍သတ်တတ်၏။”** ဆိုသည့်စကား၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်အောင် လေ့လာပြီး လိုက်နာကျင့်သုံးရန်လည်း လိုအပ်လှပါသည်။ လူတစ်ဦးသည် မိမိကမှားယွင်းနေပါလျက် ဥပဒေကိုဆန့်ကျင်၍ လာဘ်ပေးလာဘ်ယူ တံစိုးလက်ဆောင်ပေးပြီး အနိုင်ယူပါက ထိုသူသည် တရားဥပဒေကို ပျက်ပြားအောင် သတ်လိုက်ခြင်းဖြစ်ပါသည်။ ထိုသူကိုယ်တိုင် မတရားအလုပ်ခံရသည့်အခါတွင် သူသည်တရားကို ပျက်စီးအောင်လုပ်ပြီးဖြစ်သဖြင့် သူ့အားဥပဒေအရ အကာအကွယ်ပေးရမည့်အခါတွင်လည်း တရားသည်ပျောက်ကွယ်သွားပြီးဖြစ်သဖြင့် ကာကွယ်မပေးနိုင်တော့ပါ။ တရားကသူ့အားပြန်သတ်သည့်သဘောဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဥပဒေ၏အကာအကွယ်ကို မရနိုင်တော့ဟု ဆိုလိုခြင်းဖြစ်ပါသည်။

လာဘ်ပေးလာဘ်ယူကိစ္စများကင်းရှင်းပြီး ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်း အများအပြားရှိပါသည်။ သို့ရာတွင် ၎င်းတို့အားနည်းမျိုးစုံဖြင့် ချဉ်းကပ်ပြီး လာဘ်ပေးကာ ဖျက်ဆီးကြသူများလည်း ရှိပါသည်။ ဖျက်သူကဖျက်သဖြင့် ပျက်သူကလည်းပျက်ရသည့် အနေအထားများလည်း ရှိပါသည်။ ဤနေရာတွင် အလွန်ဝမ်းနည်းစရာကောင်းသည့်အချက်မှာ စိတ်ဓာတ်ပျက်စီးမှုဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် လူငယ်အများအပြား၏စိတ်ထဲတွင်(အားလုံးကိုမဆိုလိုပါ) လုပ်ငန်းခွင်ဝင်ရာ၌ ရာထူးမြင့်မားမှု၊ လစာမြင့်မားမှုကို အဓိကမထားဘဲ မည်သည့်ဌာန အဖွဲ့အစည်းက “ခွင်” ကောင်းသည်၊ ခေတ်အခေါ် “အောက်ဆိုက်၊ အကြံအဖန်” ကောင်းသည်ဆိုသည်ကို လေ့လာပြီး ထိုသို့တရားမဝင် ဝင်ငွေကောင်းသောနေရာများတွင်သာ အလုပ်လုပ်လိုကြခြင်း ဖြစ်ပါသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့် လူငယ်များသည် အတုယူမှားပြီး လာဘ်ပေးလာဘ်ယူမှုကို ဆက်လက်ကြီးထွားစေမည့် လက္ခဏာများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **မျိုးဆက်သစ်လူငယ်များအား လာဘ်ပေးလာဘ်ယူမှုကို မုန်းတီးပြီး ရိုးသားဖြောင့်မတ်ခြင်းနှင့် ကြိုးစားအားထုတ်ခြင်းကို ဂုဏ်ယူတတ်သည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရန် အလွန်အရေးကြီးပါသည်။ ရှေ့ဆောင်လမ်းပြသည့် လူကြီးများကလည်း လူငယ်များလေးစားအတုယူဖွယ်ဖြစ်နေရန် လိုအပ်ပါသည်။**

အနှစ်ချုပ်အားဖြင့် သန့်ရှင်းစင်ကြယ်သောတရားစီရင်ရေး ဖြစ်စေရန်အတွက် တရားစီရင်ရေးနှင့် ဆက်နွယ်နေသော ပြည်သူ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များ၊ သက်သေများနှင့် ပြည်သူများအားလုံး အတူတကွဝိုင်းဝန်းကူညီဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



# မုံရွာမြို့တွင် သင်္ကြန်မတိုင်မီ ပါဝါနှင့် စက်သံဆူသော အိတ်ဇောရ ၂၂၅ ခုကို လမ်းကြိတ်စက်ဖြင့်နင်းဖျက်

**မုံရွာ မေ ၄**

ပါဝါအိတ်ဇော စက်သံဆူသောအိတ်ဇော ၂၂၅ ခုကို မုံရွာမြို့မရဲစခန်းဝင်းကားလမ်းတွင် မေ ၃ ရက် နံနက် ၁၁ နာရီက မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီလမ်းကြိတ်စက်ဖြင့် နင်းကြိတ်ဖျက်ဆီးခဲ့သည်။

“ပါဝါအိတ်ဇောတွေ စက်သံဆူတဲ့အိတ်ဇောတွေကို တပ်ဆင်မောင်းနှင်တဲ့ ဆိုင်ကယ်တွေ စစ်ဆေးအရေးယူရာမှာ ၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲမတိုင်ခင်ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး မေ ၁ ရက်အထိ ဖမ်းဆီးအရေးယူခဲ့တဲ့ အိတ်ဇော၂၂၅ ခုကို လမ်းကြိတ်စက်နဲ့နင်းချေဖျက်ဆီးတာပါ” ဟု အမှတ်(၁၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မုံရွာ)မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်မတိုင်မီ အမှတ်(၁၇)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)အမှတ်(၁၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မုံရွာ)မှ တပ်ဖွဲ့ဝင်များနှင့် မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ မုံရွာမြို့ပေါ်လူစည်ကားသည့်နေရာများတွင် ယာဉ်တိုက်မှုများလျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများ အရက်သေစာသောက်စားမောင်းနှင်ခြင်း မပြုစေရေးအပြင် အရှိန်ပြင်းစွာမောင်းနှင်ခြင်းမပြုစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင်ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီမောင်းနှင်စေရေးအပြင် ဆိုင်ကယ်များအိတ်ဇောပိုက်များဖြုတ်၍မောင်းနှင်ခြင်းမပြုကြရန်နှင့် ဆူညံသံများထွက်ပေါ်အောင် ဆိုင်ကယ်များတွင် ပစ္စည်းများတပ်ဆင်မောင်းနှင်ခြင်းမပြုရေးတို့ကို အသိပညာပေးဟောပြောခြင်းနှင့်အတူ စစ်ဆေးအရေးယူခြင်းတို့ကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအတွက် တတိယအကြိမ်မြောက် ကင်းထောက်အခြေခံသင်တန်းဖွင့်လှစ်ပို့ချ



**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံတွင် ကင်းထောက်အခြေခံသင်တန်းများကို အခြေခံပညာကျောင်းပေါင်းစုံ၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကမာရွတ်မြို့နယ်ရှိ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအတွက် တတိယအကြိမ်မြောက် ကင်းထောက်အခြေခံသင်တန်းကို မေ ၂ ရက် နံနက် ၁၀ နာရီမှစတင်၍ ဖွင့်လှစ်ပို့ချ ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကင်းထောက်အဖွဲ့အား ပြန်လည်ဖွဲ့စည်းပြီးကတည်းက မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား ကင်းထောက်အဖွဲ့ဝင်များဖြစ်စေချင်ကြကြောင်း၊ အများပြည်သူအား ကူညီစိတ်ဓာတ်မွေးမြူနိုင်မည့် ပရဟိတစိတ်ဓာတ်ရှိပြီး အတ္တစိတ်များ ကင်းလာကာ ကျင့်ဝတ်ကောင်းများ ရရှိစေရန်အတွက် သင်တန်းအား ပို့ချရခြင်းဖြစ်ကြောင်း။

အများအကျိုး အမှန်တကယ် ကူညီဆောင်ရွက်နိုင်စေရန်အတွက် အရည်အသွေးပြည့်မီစေရန် ပို့ချရခြင်းဖြစ်ကြောင်း၊ ကင်းထောက်အဖွဲ့ဝင်ဖြစ်ပြီဆိုပါက ကတိသစ္စာ သုံးချက်၊ ကျင့်ဝတ် ၁၀ ချက်အား လိုက်နာကျင့်သုံးကြရမည်ဖြစ်ကြောင်းနှင့် ကင်းထောက်အဖွဲ့ဝင်တစ်ဦးဖြစ်လာပါက နိုင်ငံ၊ ပြည်သူနှင့် မိသားစုဝင်များအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့မှ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်က ရှင်းပြသည်။

မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ဝင် မဆွေမာလင်းထွန်းကိုက "သမီးက ဒီသင်တန်းမှာ စီနီယာဖြစ်တဲ့အတွက်ကြောင့် ဂျူနီယာတွေကို ပြန်လည်ပို့ချပေးမှာပါ။ ဥပမာ ကင်းထောက်သီချင်းနဲ့ပတ်သက်တဲ့ သီချင်းဆိုလို့ရှိရင်လည်း သီချင်းပေါ့နော်၊ ပြီးတော့ သမီးက နိုင်ငံတကာကင်းထောက် အမျိုးသမီးအဖွဲ့အစည်းရဲ့ ဖိတ်ကြားချက်အရ အပြည်ပြည်ဆိုင်ရာ Camp တွေမှာ တက်ရောက်ခဲ့တာမို့ ရရှိခဲ့တဲ့အတွေ့အကြုံတွေကို ဂျူနီယာတွေအတွက် ဖလှယ်ဆွေးနွေးပေးသွားမှာပါ၊ တက္ကသိုလ်က ကင်းထောက်အစ်ကိုတွေကတော့ ရှေးဦးသူနာပြုစုနည်းတွေနဲ့ ကင်းထောက်နဲ့ပတ်သက်တဲ့ လိုက်နာရမယ့် အကြောင်းအရာတွေကို ပို့ချပေးပါလိမ့်မယ်၊ အဓိကကတော့ ကင်းထောက်သီချင်းတွေထဲမှာပါတဲ့ အဆင်သင့်သီချင်းနဲ့ ကောင်းမှုတစ်ခု နေ့စဉ်ပြုတွေထဲမှာ ပါရှိတဲ့အတိုင်း ကင်းထောက်ဆိုတာ ဘယ်နေရာမှာမှ အမြဲတမ်း ကိုယ်မရှိနေလည်း စိတ်ထဲမှာ အမြဲတမ်းကင်းထောက်ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်ကို မွေးမြူရမှာဖြစ်ပြီး ပတ်ဝန်းကျင်နဲ့ မိသားစုကို အမြဲတမ်းကူညီပေးနေရမယ်ဆိုတဲ့ အသိစိတ်ဓာတ်ကို မွေးမြူကြရမှာပါ၊ ဒီလို စိတ်ဓာတ်မျိုးလေးတွေကို ဂျူနီယာလေးတွေ သိစေချင်လို့ အသိပေးပို့ချသွားပါမယ်"ဟု ပြောသည်။

အဆိုပါ ကင်းထောက်အခြေခံသင်တန်းများအား နွေရာသီကျောင်းပိတ်ရက်များအတွင်း အခြေခံပညာကျောင်းပေါင်းစုံ၌ ပို့ချရန် စီစဉ်ထားကြောင်း၊ ပြည်ပနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်အတွက် အခြေခံပညာကျောင်းပေါင်းစုံ၌ ကင်းထောက်၏အခြေခံသဘောတရားများဖြစ်သော သီချင်းများ၊ ကြိုးထိုးနည်းများ၊ တဲထိုးနည်းများ၊ ရှေးဦးသူနာပြုစုနည်းများနှင့် ငြိမ်းချမ်းရေးသံတမန်နည်းလမ်းများအား ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ကင်းထောက်များမှာ အစုအဖွဲ့နှင့် လုပ်ဆောင်နိုင်သောကြောင့် တစ်ညီတည်းစုစည်းနိုင်မည်ဖြစ်ကြောင်းနှင့် ကင်းထောက်အဖွဲ့ဝင်များမှာ ငြိမ်းချမ်းရေးအတွက် သံတမန်များသာ ဖြစ်ကြကြောင်း။

ပြီးခဲ့သည့် ၂၀၁၂ နှစ်မှစတင်၍ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းပေါင်း ၂၀ ဖြင့် ကင်းထောက်အဖွဲ့များအား စတင်လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၈ ခု၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အထက်မြန်မာပြည်မှ တက္ကသိုလ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များတွင်ပါ ပို့ချပြီးဖြစ်ကြောင်းနှင့် နောင်တစ်ချိန်တွင် တစ်နိုင်ငံလုံးအား ညီလာခံခေါ်ယူကာ ပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် ဖွင့်လှစ်ပြီး ကင်းထောက်အဖွဲ့များ ပေါ်ပေါက်လာအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်ရှိ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအတွက် တတိယအကြိမ်မြောက် ကင်းထောက်အခြေခံသင်တန်းကို မေ ၂ ရက်မှ ၄ ရက်ထိ သုံးရက်တိုင်တိုင် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါသင်တန်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**



# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရှိ အရှိုချင်းတိုင်းရင်းသား လူဦးရေစာရင်းကောက်ခံရေးဆိုင်ရာများ တွေ့ဆုံညှိနှိုင်းဆွေးနွေး

**ပြည် မေ ၄**

ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ခံအရာရှိနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရှိ အရှိုချင်းတိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၃ ရက် နံနက် ၉ နာရီက ပြည်မြို့ ခေတ္တရာမြို့သစ် အနောက်မြို့ပတ်(၁၀) လမ်းထိပ်ရှိ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆလိုင်းအေးပိုင်နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်)ရှိ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ အုတ်ဖိုနှင့် ဇီးကုန်းမြို့နယ်တို့မှ အရှိုချင်းတိုင်းရင်းသားများ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တာဝန်ခံအရာရှိ ဒေါ်မိုးမိုးသော်က မိမိတို့ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ တိုင်းရင်းသားရေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း အရှိုချင်းတိုင်းရင်းသားများ အပါအဝင် ကျန်တိုင်းရင်းသားလူမျိုးစုများ၏ လူဦးရေစာရင်းကောက်ခံရေးကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆလိုင်းအေးပိုင်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရှိ အရှိုချင်းတိုင်းရင်းသားလူမျိုးစုများ၏ လူဦးရေစာရင်းကောက်ခံမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော မြို့နယ်ငါးမြို့နယ်မှ အရှိုချင်းတိုင်းရင်းသားကိုယ်စားလှယ်များက မြို့နယ်အလိုက် အရှိုချင်းတိုင်းရင်းသားလူဦးရေစာရင်း ကောက်ခံရေးဆိုင်ရာ အခက်အခဲ၊ လိုအပ်ချက်၊ ကော်မတီဖွဲ့စည်းရေးနှင့် ဆောင်ရွက်မည့်ကာလသတ်မှတ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ယင်းဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ခံအရာရှိနှင့် ပဲခူးတိုင်းဒေသကြီး အရှိုချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆလိုင်းအေးပိုင်တို့က ပြန်လည်ရှင်းလင်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ကုလားပဲစိုက်တောင်သူများ လုပ်ငန်းတွင်ကျယ်ရေးအတွက် ပဲခွဲစက်များ၌ အခပေး ကြိတ်ခွဲမှုများလာ

**မင်းဘူး မေ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး-စကုမြို့နယ်အတွင်းရှိ ကျေးလက်များတွင် ကုလားပဲပေါ်ချိန်ကာလများအတွင်း သမားရိုးကျကြိတ်ခွဲသည့်နည်းကို အသုံးပြုနေရာမှ ငွေကြေးတတ်နိုင်သူများ ထူထောင်ထားသော ပဲခွဲစက်များတွင် လုပ်ငန်းပိုမိုတွင်ကျယ်ရေးအတွက် အခပေးအပ်နှံကြိတ်ခွဲမှုများလာကြောင်း ဒေသခံများထံမှ သိရသည်။

"စက်နဲ့ဆိုတော့ လုပ်ငန်းတွင်တယ်၊ လုပ်သားရှားတဲ့ပြဿနာလည်း မကြုံတော့ဘူးပေ့ါ၊ ရာသီဥတုအရ သကြၤန်မိုးတွေ ရုတ်တရက် ရွာလာမယ်ဆိုရင်လည်း သိမ်းဆည်းရတာ ဒုက္ခမရောက်တော့ဘူး၊ သမားရိုးကျလုပ်တာထက် အများကြီး ပိုပြီးအဆင်ပြေလာတယ်၊ အဲဒါကြောင့်လည်း အဖိုးအခပေးပြီး ကြိတ်ခွဲကြတာများလာပါတယ်"ဟု ကံသစ်ကျေးရွာ ဒေသခံတောင်သူ ကိုလင်းက ပြောသည်။

ယခင်က မြေတလင်းပေါ်တွင် ကုလားပဲများဖြန့်ခင်းပြီး နွား(သို့မဟုတ်)ထော်လာဂျီ ဂွန်ဒေါင်းစက်၏ ဘီးဖြင့်နင်းကြိတ်နယ်ရကာ လုပ်သားအင်အား ခုနစ်ဦး၊ ရှစ်ဦးသုံး၍ လုပ်သော်လည်း တစ်ရက်လျှင် တင်းရေ အစိတ်၊ သုံးဆယ်ထိသာ လုပ်ငန်းပြီးစီးကြောင်း၊ ပဲဆွသူကဆွ၊ ကြိတ်သူကကြိတ်ကာ ကြိတ်ထားသည့် ပဲစေ့များ သီးသန့်ရရန် လေပန်ကာဖြင့် အမှုန်များကို မှုတ်ထုတ်ရပြီး အစေ့များကျုံး၍ အိတ်ထဲသို့ ထည့်သိမ်းရကြောင်း သမားရိုးကျပဲကြိတ်ခွဲမှုအား ၎င်းက ရှင်းပြသည်။

"စက်နဲ့က တစ်ရက်ကို ပဲတင်းရေ ၁၅၀ ကနေ ၂၀၀ လောက်ထိ ခြွေနိုင်တယ်၊ ပဲအစိုအခြောက်ပေါ် မူတည်ပြီး စက်ကိုင်ကျွမ်းကျင်မှုတော့ လိုတယ်၊ ပဲခြောက်ရင် ခြွေတာမြန်တယ်။ စက်နဲ့ဆိုတော့ စပါးကြိတ်သလိုပဲ၊ အမှော်ကသတ်သတ်၊ အရိုးကသတ်သတ်၊ အစေ့ကလည်း အကောင်း၊ အဆိုးသတ်သတ်စီ ထွက်သွားတယ်၊ စက်မှာက ပုံမှန် လူခြောက်ယောက်ပဲ သုံးတယ်၊ စက်နဲ့ကြိတ်ရင် ကြိတ်ခတစ်တင်း ကျပ် ၇၀၀ ယူပါတယ်၊ ဒါနဲ့က အချိန်ကုန်သက်သာတယ်၊ မိုးလေကျလာရင် ကသီလင်တမဖြစ်ဘူး၊ ကြိတ်ခကိုတော့ အုံနာတစ်ဝက်၊ အလုပ်သမားတစ်ဝက်ခွဲယူကြတယ်၊ အုံနာကတော့ စက်စိုက်၊ ဆီစိုက်ပေ့ါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး ခြွေလို့ရပါတယ်"ဟု ကံသစ်ကျေးရွာနေ တောင်သူ ကိုအောင်စန်းမြင့်က ဆိုသည်။

ပဲတလင်းပေါ်တွင် ပဲကိုနွား၏ ခြေဖြင့်ကြိတ်နင်းမှုမှာ သမားရိုးကျ လုပ်ပုံစနစ်ဖြစ်ပြီး နွားနေရာတွင် ထော်လာဂျီ ဂွန်ဒေါင်းစက်ကို တစ်နာရီ ကျပ် ၃၅၀၀ ဖြင့်ငှားကာ ဘီးဖြင့် နင်းကြိတ်ခြွေသည့်နည်းကို သုံးစွဲသူများလည်း ရှိကြောင်း၊ တင်း ၅၀ ခန့် ထွက်မည့် ပဲတစ်ဖြန့်ကိုဖြန့်ခင်းကြိတ်လျှင် နှစ်ရက်ကြာပြီး ဂွန်ဒေါင်းစက်ဖြင့် လေးနာရီ နယ်ရသည့်အတွက် စက်ခ ကျပ် ၁၄၀၀၀၊ လုပ်သား ရှစ်ဦး၏ နေ့တွက်ခ ကျပ် ၂၅၀၀ နှုန်းဖြင့် ကျပ် ၂၀၀၀၀၊ စုစုပေါင်း ကြိတ်ခွဲခ ကျပ် ၃၄၀၀၀ ကုန်ကျကြောင်း၊ ကြိတ်ခွဲစက်ဖြင့် အခပေး၍ ကြိတ်လျှင် တင်း ၁၀၀ ကြိတ်ခွဲခ ကျပ် ၇၀၀၀၀ ကုန်သည့်အတွက် သမားရိုးကျနည်းနှင့် ငွေကုန်ကျမှုခြင်းတူကာ အချိန်ကုန်၊ လူပန်းသက်သာပြီး အလုပ်ပိုတွင်ကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

